# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍာဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၉)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

### ပြည်သူသာလျှင် အဓိကပါ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့ အစီအစဉ်တွေပဲ ချမှတ် ချမှတ်၊ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ဆိုရင်၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှ ဖြစ်မယ်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူပြည်သား အပေါင်းရှင့်၊**

COVID–19 ရောဂါနဲ့ပတ်သက်ပြီး ကျွန်မတို့ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စိန်ခေါ်မှုတွေကို နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေ အကောင်းဆုံး ပူးပေါင်းကိုင်တွယ် ဖြေရှင်းနိုင်ရေးနဲ့ ပတ်သက်လို့ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

မတ်လ(၁၁)ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization– WHO) က တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒီကပ်ရောဂါဟာ စနစ်တကျ စီမံဆောင်ရွက်ရင် ထိန်းချုပ်လို့ရတဲ့ ကပ်ရောဂါဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒီ့မတိုင်မီ တစ်လကျော်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ကတည်းကပင် COVID–19 ရောဂါကြောင့် ကျွန်မတို့နိုင်ငံ ရင်ဆိုင်နိုင်ဖွယ်ရှိတဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စိန်ခေါ်မှုတွေကို ဘယ်လို ကာကွယ်၊ ကိုင်တွယ် ကျော်လွှားရမယ်ဆိုတာကို ညှိနှိုင်းစီစဉ်ဖို့ ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ထိုအချိန်ကစပြီး ကျွန်မတို့နိုင်ငံအပေါ် ကျရောက်နိုင်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခက်အခဲများ ကာကွယ်ဖြေရှင်းရေးကို *စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြား

**နေပြည်တော် မတ် ၁၆**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖




မြန်မာ့အလင်း

# လူထုအင်အားဖြင့် ကမ္ဘာ့ကပ်ရောဂါ တားဆီးနိုင်ရေး

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ၁၃ မိနစ်တွင် သတ်မှတ်ကြေညာခဲ့ပါသည်။

ဤရောဂါက ကမ္ဘာနှင့်ချီ၍ ကူးစက်ပြန့်ပွားသည့် ဗိုင်းရပ်စ်ပိုးရောဂါဖြစ်၏။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး နှစ်လ သုံးလအတွင်း နိုင်ငံအများအပြားကို ချက်ချင်းဆိုသလို ကူးစက်သွားခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်းလုံး တုံ့ပြန်မှု မြန်မြန်ဆန်ဆန်ဖြင့် တားဆီးကာကွယ်နိုင်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြပေသည်။

လူထုကျန်းမာရေးအခြေခံစနစ် များစွာခိုင်မာတောင့်တင်းသော နိုင်ငံကြီးများအပါအဝင် နိုင်ငံတကာကို (နိုင်ငံပေါင်း ၁၄၄ နိုင်ငံ) လှည့်ပတ်မွှေနှောက်နေသည့် ဗိုင်းရပ်စ်ရောဂါပိုးဖြစ်သည့်အပြင် ကူးစက်ဖြစ်ပွားမှုက အလွန်မြန်ဆန်ကာ ရောဂါဝေဒနာဒဏ်ကလည်း ပြင်းထန်လှသည်ဖြစ်သောကြောင့် ကမ္ဘာ့ပြည်သူတို့ စိုးရိမ်နေကြရသည့် အခြေအနေဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူထုကျန်းမာရေးစနစ်မှာ များစွာတောင့်တင်းအားရှိသည့် နိုင်ငံမဟုတ်သော်လည်း ယခုထက်တိုင် ယင်းရောဂါဖြစ်ပွားသည့် လူနာကိုလည်းကောင်း၊ ယင်းဗိုင်းရပ်စ်ရောဂါပိုး ရှိသည်ကိုလည်းကောင်း မတွေ့ရှိရသေးဟု သက်ဆိုင်ရာဝန်ကြီးဌာနက တိတိကျကျ ထုတ်ပြန်ကြေညာထားပါသည်။

ဤကဲ့သို့သော ကပ်ရောဂါမျိုးကို ယခုလို မကျရောက်ခင် မဖြစ်ပွားခင်က ထိန်းချုပ်ကာကွယ်နိုင်ရန် အရေးကြီးပါသည်။ သည်လို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် အဓိကအကျဆုံးမှာ ပြည်သူလူထုဖြစ်ပါသည်။ ပြည်သူလူထု၏ စည်းကမ်းလိုက်နာမှု၊ ပြည်သူလူထု၏ စဉ်းစားတွေးဆဉာဏ်နှင့် ဆင်ခြင်တုံတရားမြင့်မားမှုက ကြီးကျယ်သော ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်မလာရေး၏ သော့ချက်ဖြစ်ပါသည်။

ကပ်ရောဂါဘေးကျချိန်တွင် အားလုံးသော ပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ အင်အားစုများ စုစည်းညီညွတ်စွာ ဝိုင်းဝန်းကာကွယ်ကြဖို့ လိုပါမည်။ ပြည်တွင်း ပြည်ပ ရောဂါဖြစ်ပွားမှုအခြေအနေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာနေသလို ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများကိုလည်း ကြေညာရင်း ပညာပေးနေပါသည်။ ပြည်သူလူထုက သတင်းမှန်များကို အချင်းချင်းဖြန့်ဝေရန် လိုအပ်သလို သတင်းတု သတင်းယောင်များ လုပ်ကြံသတင်းများကို နားမယောင်ရေးနှင့် တရားဝင် ထုတ်ပြန်ထားသည့် ရောဂါပိုးကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရန်လိုပါမည်။

အရေးအတွက်အားဖြင့် နည်းပါးလှသည့် မြန်မာနိုင်ငံအတွင်းရှိ ဆရာဝန်၊ သူနာပြု၊ ဆေးရုံဆေးခန်းအကူ အစရှိသည့် ကျန်းမာရေးဝန်ထမ်းများ၏ စိတ်စေတနာနှင့် ကြိုးပမ်းမှု သတင်းများက COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးတွင် ပြည်သူတို့အတွက် အားဖြစ်စေသည့် သတင်းများဖြစ်ပါသည်။

အချုပ်ကိုဆိုရပါလျှင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဟူသည် ကမ္ဘာသူ ကမ္ဘာသားတို့အတွက် အန္တရာယ်အလွန်ကြီးသည်မှာ မှန်ပါသော်လည်း ထိန်းချုပ်ကာကွယ် တားဆီးနိုင်သည့် ကပ်ရောဂါဖြစ်ပါသည်။ အကြောက်လွန်ရန်မလိုအပ်သော်လည်း သတိကြီးစွာ ထားရန်မူ လိုပါသည်။ သည်လို ကပ်ရောဂါကြီးကို စနစ်တကျ ထိန်းချုပ်ရေး၊ ကာကွယ်တားဆီးရေး ဟူသည်မှာ လူထုက အဓိက ဖြစ်ပါသည်။

ပြည်သူလူထု၏ အင်အားဖြင့်သာ ဒုက္ခဘေးဒဏ်များကို ကျော်လွှားအောင်မြင်နိုင်မည်။ ပြည်သူလူထု၏ ညီညွတ်မှုဖြင့်သာ သာယာငြိမ်းချမ်းသည့် လောကကို ဖန်တီးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေး တာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တရားမအထူးအယူခံမှု (၆) မှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု (၈) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထူးအယူခံမှု (၆) မှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု (၈) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စက်မှုဇုန်ဥပဒေကြမ်းဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (စ)ပါ ငွေရေးကြေးရေးစနစ်တည်ငြိမ်ခိုင်မာမှုကို ထိန်းသိမ်းနိုင်ရန် ကြီးကြပ်ထိန်းကျောင်းခြင်း လုပ်ငန်းတာဝန်အရ ယင်းဥပဒေပုဒ်မ ၆၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ငွေရေးကြေးရေးအဖွဲ့အစည်းများအား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ လုပ်ငန်းခိုင်မာကောင်းမွန်စေရန် ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အာရှရန်ကုန်ဘဏ်လီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို ဖောက်ဖျက်ခြင်းကြောင့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ ရုပ်သိမ်းလိုက်သည်။

၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အာရှရန်ကုန်ဘဏ်လီမိတက်အား အုပ်ချုပ်သူခန့်ထား၍ စီမံအုပ်ချုပ်မည်ဖြစ်ပြီး ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် သက်ဆိုင်ရာမြို့များရှိ အာရှရန်ကုန်ဘဏ်လီမိတက်၏ ဘဏ်ခွဲများ၌ ပုံမှန်ရုံးချိန်အတွင်း ငွေထုတ်ယူလိုပါက ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲရက်ရွှေ့ဆိုင်း

**ရန်ကုန် မတ် ၁၆**

မတ် ၂၂ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) သိမ်ဖြူလမ်း(ရွှေဥဒေါင်းခန်းမ)၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားသည့် "သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲ၊ အသက်(၈၀)နှစ်အထက် သက်ကြီးအသင်းသားများဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ"ကို လက်ရှိအခြေအနေအရ ကျင်းပပြုလုပ်ရန်မသင့်လျော်သဖြင့် ယာယီရက်ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ပြန်လည်ကျင်းပမည့်ရက်ကို ကြိုတင်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်မတို့အစိုးရရဲ့ လုပ်ဆောင်ချက်များ၊ ပန်ကြားချက်များကို ပြည်သူတွေသိရှိနေဖို့အတွက် စဉ်ဆက်မပြတ် သတင်းဖြန့်ချိပေးနေမှာပါ၊ ယခု ကျွန်မတို့ရဲ့ အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်ရေးအတွက် ပြည်သူသာလျှင် အဓိကပါ

*❋ ရှေ့ဖုံးမှ*

မျက်ခြည်မပြတ် လေ့လာဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံအတွင်း ရောဂါမပြန့်ပွားအောင် ကာကွယ်စောင့်ရှောက်မှုများနဲ့ ပြည်သူများ COVID-19 နဲ့ပတ်သက်တဲ့ အသိပညာရရှိရေးအတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဦးစီးဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေအကျိုးအတွက် ရောဂါဖြစ်ပွားမှုများနေတဲ့ နိုင်ငံများမှ ဝင်ရောက်လာမယ့် ခရီးသွားများကိုလည်း လိုအပ်တဲ့ကန့်သတ်မှုများကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေပါတယ်။

နိုင်ငံအပေါ် စီးပွားရေးအရ သက်ရောက်နိုင်ခြေတွေကိုလည်း သုံးသပ်ပြီး၊ ကြိုတင်ပြင်ဆင်နိုင်တာတွေကို ပြင်ဆင်ဖို့အတွက် စီမံဘဏ္ဍာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အခြားဆက်နွှယ်နေသော အစိုးရဝန်ကြီးဌာနများ ညှိနှိုင်းလုပ်ဆောင်ခဲ့ကြပါတယ်။ ဝန်ကြီးဌာနအသီးသီးရဲ့ ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီး ဌာနအလိုက် ပြည်သူတွေထံ တင်ပြဖို့လည်း ကျွန်မတို့ စီစဉ်ထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကြေညာချက်ကို အကြောင်းပြုပြီး၊ COVID-19 ရောဂါကြောင့် ကျွန်မတို့နိုင်ငံတွင်းသာမက ကမ္ဘာတစ်ဝန်း၌ ဖြစ်နိုင်ခြေရှိတဲ့ ကိစ္စအရပ်ရပ်ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ သုံးသပ်၊ ကိုင်တွယ်နိုင်ဖို့အတွက် မတ်လ (၁၃) ရက်နေ့မှာ၊ ဇန်နဝါရီလ (၃၀) ရက်နေ့က ဖွဲ့ခဲ့တဲ့ ဗဟိုကော်မတီကို အမျိုးသားအဆင့်တိုးမြှင့်ဖွဲ့စည်းလိုက်ပြီး၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကျွန်မတာဝန်ယူဆောင်ရွက်နေပါတယ်။ မတ်လ(၁၃) ရက်နေ့မှာပဲ၊ နိုင်ငံတော်သမ္မတရုံးက ပြည်သူသို့ ပန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ COVID-19 ရောဂါတားဆီးဖို့အတွက် အဓိကကျလှတဲ့ လူစုလူဝေးမဖြစ်စေရေး ရည်ရွယ်ပြီး၊ လူစုလူဝေးဖြင့် ကျင်းပတဲ့ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ(မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) မပြုလုပ်ဖို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ထို့အပြင် ကျန်းမာရေးနဲ့ အားကစား၊ သာသနာရေးနဲ့ ယဉ်ကျေးမှု၊ ပညာရေး စသောဌာနအသီးသီးက မိမိတို့နဲ့သက်ဆိုင်တဲ့ ကိစ္စရပ်များနဲ့ ပတ်သက်လို့ ညွှန်ကြားချက်တွေကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့လည်း ပြည်သူပြည်သားများ မနစ်နာစေဖို့၊ တတ်နိုင်သမျှ ကျွန်မတို့ အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်စေဖို့၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ဖို့၊ နိုင်ငံ့စီးပွားရေးလည်ပတ်မှုကို ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ကို ရည်ရွယ်ပြီး အခွန်အကောက် ဖြေလျှော့ခြင်း၊ အတိုးနှုန်းလျှော့ချခြင်း စသည့်တို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးကြုံတွေ့ရနိုင်တဲ့ လုပ်ငန်းများ (CMP လို့ အများကသိကြတဲ့ ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားစနစ်၊ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ)အတွက် အထူးသက်သာသော အတိုးနှုန်းဖြင့် ချေးငွေများနဲ့ အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ရေး စီမံပေးသွားပါမယ်။ ဒ့ါအပြင် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကိုလည်း ယခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်သူပြည်သားတွေအနေနဲ့လည်း တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်နိုင်စေမယ့် COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမှာ ဖြစ်တဲ့အတွက် စေတနာရှင်ပြည်သူများအနေနဲ့ မိမိတို့တတ်နိုင်သမျှ ထည့်ဝင်လှူဒါန်းနိုင်ဖို့လည်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ယခုအချိန်မှာ အစိုးရခြေလှမ်းတွေဟာ လောလောဆယ် လိုအပ်ချက်များကိုတွက်ဆပြီး လှမ်းရတာဖြစ်ပေမယ့် နိုင်ငံရဲ့ ရေရှည်အကျိုးကို မျက်ခြည်မပြတ် အမြဲလုပ်ဆောင်နေပါကြောင်းကို ကျွန်မတို့ ပြည်သူတွေကို အသိပေးလိုပါတယ်။

စောစောက ကျွန်မပြောခဲ့တဲ့အတိုင်းပဲ ဝန်ကြီးဌာနအသီးသီးက ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ညွှန်ကြားချက်များရဲ့ ရည်ရွယ်ချက်တွေကို ရှင်းလင်းတင်ပြခြင်း၊ လိုအပ်တဲ့အစီအစဉ်တွေချမှတ်ခြင်း စသည်တို့ကို တစိုက်မတ်မတ်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီနေရာမှာ COVID-19 ကာကွယ်ထိန်းချုပ်ရေး၊ နိုင်ငံနဲ့ ပြည်သူတွေအပေါ် ဒီရောဂါရဲ့ ဆိုးကျိုးတွေ နည်းနိုင်သမျှနည်းစေရေးအတွက် အရေးအကြီးဆုံးဖြစ်တဲ့အချက်ကို တင်ပြချင်ပါတယ်။ ဒါကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ ပြည်သူသာလျှင် အဓိကပါ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့ အစီအစဉ်တွေပဲ ချမှတ် ချမှတ်၊ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ဆိုရင်၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှ ဖြစ်မယ်ဆိုတာ ကျွန်မအကြိမ်ကြိမ်ပြောခဲ့ဖူးတဲ့စကား ဖြစ်ပါတယ်။ အခု COVID-19 နဲ့ ပတ်သက်လို့ ဒီစကားကို အထူးအလေးထားစေလိုပါတယ်။

ကျန်းမာရေးလိုအပ်ချက်အရ မလိုအပ်ဘဲ လူစုလူဝေးမဖြစ်အောင် လိုက်နာဆောင်ရွက်ဖို့မှာ ပြည်သူတွေက အဓိကပါ။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာရေးမှာ ပြည်သူတွေက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

- ❑ ကျန်းမာရေးလိုအပ်ချက်အရ မလိုအပ်ဘဲ လူစုလူဝေးမဖြစ်အောင် လိုက်နာဆောင်ရွက်ဖို့မှာ ပြည်သူတွေက အဓိကပါ။
- ❑ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာရေးမှာ ပြည်သူတွေက အဓိကပါ။
- ❑ ယခုလို အချိန်အခါမျိုးမှာ မတိကျမမှန်ကန်တဲ့ သတင်းတွေ မပြန့်ပွားရေး ဆောင်ရွက်ရာမှာလည်း ပြည်သူတွေက အဓိကပါ။
- ❑ အစိုးရိမ်လွန်ပြီး၊ ရိက္ခာစုဆောင်းရေးကဲ့သို့သော မတည်မငြိမ်ဖြစ်စေမယ့်လုပ်ရပ်များ မဖြစ်ပေါ်ရေးမှာလည်း ပြည်သူတွေက အဓိကပါ။

အဓိကပါ။ ယခုလို အချိန်အခါမျိုးမှာ မတိကျ မမှန်ကန်တဲ့သတင်းတွေ မပြန့်ပွားရေးဆောင်ရွက်ရာမှာလည်း ပြည်သူတွေက အဓိကပါ။ အစိုးရိမ်လွန်ပြီး၊ ရိက္ခာစုဆောင်းရေးကဲ့သို့သော မတည်မငြိမ်ဖြစ်စေမယ့်လုပ်ရပ်များ မဖြစ်ပေါ်ရေးမှာလည်း ပြည်သူတွေက အဓိကပါ။ ယခုအထိ ကျွန်မတို့နိုင်ငံမှာ COVID-19 ရောဂါရရှိနေသူ တစ်ဦးတစ်ယောက်မှ မတွေ့ရသေးပါ။(ဒီကိစ္စနဲ့ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနေပါတယ်။)

ပြည်သူတွေ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်မတို့ရဲ့ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အဓိကအင်အားဟာ ပြည်သူတွေဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာ အင်အားကြီးနိုင်ငံမဟုတ်ပါဘူး။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီအရေး စသဖြင့် လုပ်ငန်းစဉ်အမျိုးမျိုးကိုလည်း တစ်ပြိုင်နက် ကိုင်တွယ်ဖြေရှင်းနေရပါတယ်။ ဒီအခက်အခဲတွေကြားက အရင်းအမြစ်ကြွယ်ဝလှတဲ့ နိုင်ငံကြီးများနဲ့ ယှဉ်ပြိုင်စေနိုင်တဲ့ **“ပြည်သူသာလျှင်အဓိက”** ဆိုတဲ့ အင်အားနဲ့ ပြည့်ဝနေတယ်ဆိုတာကို ယခု ကမ္ဘာ့ကပ်ရောဂါကြီးကို ရင်ဆိုင်ရာမှာ ကျွန်မတို့ သက်သေပြနိုင်မှာ ဖြစ်ပါတယ်။

ယခုလို COVID-19 ရင်ဆိုင်နေရချိန်မှာ၊ နိုင်ငံတော်အကျိုးအတွက် ကျွန်မတို့အစိုးရနဲ့အတူ ရပ်တည်ပေးကြတဲ့၊ ပူးပေါင်းဆောင်ရွက်နေကြတဲ့ ပြည်သူပြည်သားတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အလုပ်သမားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အလွှာအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်မတို့အစိုးရရဲ့ လုပ်ဆောင်ချက်များ၊ ပန်ကြားချက်များကို ပြည်သူတွေသိရှိနေဖို့အတွက် စဉ်ဆက်မပြတ် သတင်းဖြန့်ချိပေးနေမှာပါ။ ယခု ကျွန်မတို့ရဲ့ အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်ရေးအတွက် ပြည်သူသာလျှင် အဓိကပါ။

❖ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဗဟိုကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဒေါက်တာမြင့်ထွေး၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**ရှာဖွေဖြေရှင်း**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူးများနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံခြားခရီးစဉ်ဆိုင်ရာကိစ္စများ၊ COVID-19 ရောဂါနှင့် ပတ်သက်၍ တိုင်းရင်းသားဘာသာစကားပေါင်းစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရေး၊ သက်ဆိုင်ရာ မြန်မာသံရုံးများမှတစ်ဆင့် ပြည်ပရောက် တိုင်းရင်းသားများအတွက် ဖြန့်ဝေအသိပေးနိုင်ရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေး၊ ဘာသာရေးအခမ်းအနားများနှင့် ပတ်သက်၍ ညွှန်ကြားလွှာများ၊ ပန်ကြားချက်များ ထုတ်ပြန်ရေး၊ သက်ဆိုင်ရာ ဒေသအလိုက် ကျင်းပသော ဘုရားပွဲတော်များဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးသင်တန်းများ၊ အဘိဓမ္မာသင်တန်းများ၊ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းများကို ရပ်ဆိုင်းစဉ်ကာလတွင် ရုပ်မြင်သံကြား၊ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ထုတ်လွှင့်နိုင်ရေး၊ တရားအားထုတ်လိုသူများအတွက် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးရေး၊ သင်္ကြန်ကာလတွင် ပြည်သူများ မိမိတို့အိမ်တွင်ပင် ဂီတအနုပညာဖျော်ဖြေမှုများကို ကြည့်ရှုခံစားနိုင်ရေး၊ ဆရာ ဆရာမများကို နွေရာသီသင်တန်းများကို ခေတ်မီနည်းပညာ (ICT) များဖြင့် Online မှတစ်ဆင့် အဝေးရောက် သင်ကြားနိုင်ရေး၊ Quarantine လုပ်ရခြင်း၏ အကျိုးကို သိရှိစေရေးနှင့် Quarantine လုပ်ခံရသူများ အဆင်ပြေစေရေး၊ အကျဉ်းထောင်များတွင် ထောင်ဝင်စာ လာတွေ့သည့်ကိစ္စရပ်များ၊ သက်ကြီးဘိုးဘွားရိပ်သာများသို့ ပြင်ပပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံသည့်ကိစ္စရပ်များ၊ COVID-19 ရောဂါကြောင့် စီးပွားရေးနယ်ပယ်တွင် ထိခိုက်နိုင်သည့်ကိစ္စရပ်များ၊ လယ်ယာထွက်ကုန်များအတွက် ဈေးကွက်အသစ် ရှာဖွေရေး၊ စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး၊ အတိုးနှုန်းလျှော့ချရေးနှင့် အထိခိုက်နိုင်ဆုံး လုပ်ငန်းနယ်ပယ်များကို ဦးစားပေးရွေးချယ်၍ SME များကို ထောက်ပံ့ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စက်မှုဇုန်များ အမြန်ဆုံး တည်ဆောက်နိုင်ရေးအတွက် အဟန့်အတားများကို ဖော်ထုတ်ရှာဖွေ ဖြေရှင်းရေးတို့ကို တင်ပြဆွေးနွေးကြသည်။

**ဆုံးဖြတ်လမ်းညွှန်မှုများချမှတ်**

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တင်ပြချက်များအပေါ် ဆုံးဖြတ်လမ်းညွှန်မှုများ ချမှတ်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်အတွင်း စကျင်တာရာဇိုခင်းကျင်းခြင်းလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၆**

ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ဘုရားဖူးပြည်သူများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် စေတီတော်ရင်ပြင်တော်နှင့် ဂန္ဓကုဋိတိုက်တို့တွင် စကျင်တာရာဇိုခင်းခြင်းလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် စကျင်တာရာဇိုခင်းခြင်းလုပ်ငန်းအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဝန်ထမ်းမိသားစုများက အလှူတော်ငွေကျပ် သိန်း ၈၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက လက်ခံရယူပြီး(ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**






# COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

**ပုသိမ် မတ် ၁၆**

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ(COVID-19)ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စောင့်ကြပ်ကြည့်ရှုကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က Coronavirus Disease 2019 (COVID-19) သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါအဖြစ် မတ် ၁၁ ရက်တွင် (WHO) က သတ်မှတ်ကြေညာခဲ့ကြောင်း၊ ၎င်းရောဂါသည် လူစုလူဝေးမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သောကြောင့် လူစုလူဝေးဖြင့် ကျင်းပရမည့်အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များအား မတ် ၁၃ ရက်မှ ဧပြီလကုန်အထိ ရပ်ဆိုင်းထားရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများ၌ လိုအပ်သည့် ဆေးပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်တင်းထားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဌာနမှ အများပြည်သူ အထိတ်တလန့်မဖြစ်စေဘဲ ရောဂါကူးစက်မှုပုံစံနှင့် ကူးစက်မှုမရှိအောင် ဆောင်ရန်၊ ရှောင်ရန်များ ထုတ်ပြန်ပေးပြီး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပေးဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ဆေးရုံများတွင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ ထားရှိနိုင်ရန် ငွေကျပ် သိန်း ၁၀၀၀ ကို ခေတ္တထုတ်ချေးမည်ဖြစ်ကြောင်း၊ အခြားလိုအပ်ချက်များကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အလှူရှင်များ ရှာဖွေပြီး ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အထွေထွေရောဂါကုဆေးရုံအုပ်ကြီးတို့က ကြိုတင်ကာကွယ်ရေးနှင့် စောင့်ကြပ်ကြည့်ရှု ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လိုအပ်သည်များမှာကြားကာ အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**
**ဓာတ်ပုံ- လှမင်းထွဋ် (ပြန်/ဆက်)**

# တောင်ငူပြည်သူ့ဆေးရုံကြီးသို့ COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပစ္စည်းများ လှူဒါန်းနိုင်

**တောင်ငူ မတ် ၁၆**

COVID-19 ရောဂါကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သည့် အထောက်အကူပစ္စည်းများ ကူညီဖြည့်တင်းပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ဆရာဝန်များအသင်းခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

အဆိုပါအစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးနှင့် မြို့နယ်ဆရာဝန်များ၊ စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာသည့် ဆရာဝန်ကြီးများက ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကြိုတင်စီစဉ်ထားမှု၊ လိုအပ်ချက်/ကုသဆောင်၊ အထောက်အကူပြုပစ္စည်းများရရှိရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

တောင်ငူပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်ကာကွယ်မှုအခြေအနေကို မေးမြန်းရာ တောင်ငူခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာစောဘိုဇော်ဝင်းက "ဒီရောဂါ စဖြစ်တဲ့အချိန်ကစပြီး ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း ကုသမှုအပိုင်းကို ပြင်ဆင်ထားပါတယ်။ သံသယလူနာ တွေ့ခဲ့မယ်ဆိုရင် ဆက်လုပ်ဖို့အစီအစဉ်တွေ ဆောင်ရွက်ထားပါတယ်။ ဒီ COVID-19 ရောဂါကို ကာကွယ်ဖို့အတွက် ကာကွယ်ရေးပစ္စည်းတွေ ရှိသင့်သလောက် ရှိပေမယ့် လိုအပ်နေသေးတာတော့ အမှန်ပါပဲ" ဟု ပြောကြားသည်။

တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက "ကျွန်တော်တို့မြို့နယ်က ခရိုင်မြို့ကြီးဖြစ်ပေမယ့် ရှိနေတဲ့ ဆေးရုံအဆောက်အအုံအနေအထား ကုသရေးပိုင်းဆိုင်ရာ ပစ္စည်းတွေဖြည့်တင်းဖို့ လိုနေတာရှိတယ်။ သမားတော်ကြီးတွေ၊ မြို့မိမြို့ဖဒေသခံတွေနဲ့လည်း အားဖြည့်ကူညီဖို့ ညှိနှိုင်းနေပါတယ်။ အဓိက ကတော့ လူနာတွေကို ပြုစုစောင့်ရှောက်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန်တွေကို ကာကွယ်နိုင်တဲ့ ဝတ်စုံတွေ အရေးကြီး လိုအပ်ပါတယ်။ တခြားဆက်စပ်တဲ့ မြို့နယ်ဆေးရုံတွေကိုလည်း ပံ့ပိုးကူညီဖို့ ဆွေးနွေးထားပါတယ်" ဟု ပြောကြားသည်။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်/ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်ပစ္စည်း၊ ကာကွယ်ရေးဝတ်စုံ (PPE)၊ နှာခေါင်းစည်း၊ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းများ ဝယ်ယူရန် အလှူရှင်များက တောင်ငူဆေးရုံအုပ်ကြီးထံသို့ လှူဒါန်းမှုများ ပြုလုပ်နေကြပြီး ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာစောဘိုဇော်ဝင်း ဖုန်း ၀၉-၂၅၆၃၈၀၈၃၃ နှင့် ဒေါက်တာအာကာ ဖုန်း ၀၉-၅၃၅၁၁၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သူရ (တောင်ငူ)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မတ် ၁၆

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် မဲစာရင်းတွင်ပါရှိရေးကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ပြီး အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုပြီးဖြစ်ကြောင်း။

မဲစာရင်းများကို စဉ်ဆက်မပြတ် စိစစ်ပြင်ဆင်သွားမှသာ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ရရှိမည်ဖြစ်ကြောင်း၊ ပြုစုထားပြီးဖြစ်သည့် မဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာစာရင်းသွင်းရာတွင် အချက်အလက်များကို မှားယွင်းမှုနှင့် ပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျရေးသွင်းထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာလွှတ်တော်အလိုက် မဲဆန္ဒနယ်များ ကြိုတင်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် သတ်မှတ်ရန်အတွက် နိုင်ငံတော် လူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် တိုင်းရင်းသားလူမျိုးစာရင်း ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များပြင်ဆင်ပြီး စာအုပ်များ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သည့် ရုံးသုံး စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး မဲရုံသုံးပစ္စည်းများ လုံလောက်စွာနှင့် အချိန်မီရရှိရေးအတွက်ကိုလည်း စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို မကြာမီကာလတွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ဆောင်သင့်သည်များကို ကြိုတင်စဉ်းစားမျှော်တွေးပြီး လုပ်ငန်းစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အခက်အခဲများရှိပါကလည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင် ပါဝင်စေရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။




ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က လူဦးရေစာရင်းအချက်အလက်များကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၏ အကြံပြုတင်ပြချက်များနှင့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်

# မဂွေ့ဇ – ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မတ် ၁၄ ရက်က ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော မဂွေ့ဇ – ခေါင်လန်ဖူးကားလမ်း (၆၅/၄) မိုင်ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်များအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြေလမ်းနှင့် ကျောက်ခင်းလမ်းများ အခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မေခမြစ်ကမ်း၌ မြစ်ဖြတ်ကူးရန် ကြိုတင်ပြင်ဆင်စုဖွဲ့ထားရှိသည့် ယန္တရားကူးဖောင်နှင့် အတူ တစ်ဖက်ကမ်းတွင် လုပ်ငန်းခွင်ဝင်ရောက်ကြမည့် မြေတူးစက်လေးစီး၊ မြေထိုးစက် သုံးစီး၊ မြေသယ်ယာဉ် သုံးစီး၊ စက်သုံးဆီ၊ Crawler Drill (ကျောက်ဖောက်စက်) တစ်စီး၊ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ဆောင် ဖြတ်ကူးခြင်းလုပ်ငန်းများ**(အောက်ယာပုံ)**နှင့် မေခမြစ်ကမ်းမှ ခေါင်လန်ဖူးအထိ လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လမ်းဖောက်လုပ်ရေး လုပ်ငန်း ဆောင်ရွက်နေသော တပ်မတော်အင်ဂျင်နီယာတပ်ရင်းမှ စစ်သည်များ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ယန္တရားများ ဖြတ်ကူးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသော လုပ်သားများနှင့် တွေ့ဆုံ၍ ယခုကဲ့သို့ ဆိုးရွားပြင်းထန်သည့် ရာသီဥတုအကြားမှ ဝေးလံခေါင်းပါးသည့် ဒေသခံပြည်သူလူထုအတွက် မလျှော့သော ဇွဲလုံ့လနှင့် ကြိုးစားဆောင်ရွက်နေကြသူများကို အသိအမှတ်ပြု ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း၊ ခေါင်လန်ဖူးဒေသသည် ဒေသဖွံ့ဖြိုးရေး အဘက်ဘက်မှ နိမ့်ကျလျက်ရှိရာ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကဏ္ဍများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ရာသီဥတုဆိုးရွားမှု ဒဏ်ခံနိုင်ရန် ကျန်းမာရေးအလေးထားကြရန် မှာကြား၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မေခမြစ်ကူး ကြိုးတံတား (ရီဒမ်း)၌ ကြိုးတံတားအဟောင်း၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေး၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် မေခမြစ်ကူးတံတား(ရီဒမ်း) တည်ဆောက်မှုမပြီးမီကာလအတွင်း ယခု ကြိုးတံတားကို ယာဉ်ငယ်များ ယာယီဖြတ်သန်း အသုံးပြုနိုင်ရေးအတွက် တံတားကြံ့ခိုင်မှုကို စနစ်တကျစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့များဖြင့် စိစစ်တင်ပြရန် မှာကြားပြီး ဒေသခံကျေးရွာသားများနှင့် တွေ့ဆုံသည်။

မတ် ၁၅ ရက် နံနက်ပိုင်းတွင် ဇီဝဒမ်းလမ်းလုပ်ငန်း စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် ကျန်ရှိနေသော လမ်းလုပ်ငန်းများကို မူလလျာထားစီမံချက်ထက် ဆောလျင်စွာပြီးစီးပါက ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဒေသဖွံ့ဖြိုးရေး အသီးအပွင့်များ စောစီးစွာ ရရှိခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ထိုက်တန်သည့် လုပ်ငန်းအရည်အသွေးများရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး ဇီဝဒမ်းစခန်းအနီးတွင် ကျောက်လမ်းခင်းခြင်း၊ တံတားနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မဂွေ့ဇ – ခေါင်လန်ဖူးလမ်းသည် ယခုအခါ ပူတာအို – မဂွေ့ဇ – ရီဒမ်း (မေခမြစ်ကူး ကြိုးတံတား) အထိ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးအထိ ဆိုင်ကယ်ဖြင့် လည်းကောင်း နေ့ချင်းပေါက် သွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပ




ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။

**နေပြည်တော် မတ် ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၄ ဦးရှိသည့်အနက် ၆၃၀ ဦး တက်ရောက်ပြီး ၂၄ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ရန်ကုန်တိုင်းဒေသကြီးအတွင်း သန်လျင်မြို့၊ ကျောက်တန်းမြို့နှင့် သီလဝါစက်မှုဇုန်များကို ဓာတ်အားပေးနိုင်ရေးအတွက် JICA ချေးငွေဖြင့် ၂၅ မဂ္ဂါဝပ် Gas Turbine ဓာတ်အားပေးစက်နှစ်လုံးကို ၂၀၁၅ ခုနှစ်တွင် သီလဝါစက်မှုဇုန်အနီးတွင် တည်ဆောက်ပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် စီးပွားဖြစ် ဓာတ်အားထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါ Gas Turbine နှစ်လုံးမှ ထုတ်လွှတ်သော စွန့်ပစ်အပူတို့ကို ဘွိုင်လာနှစ်လုံးတည်ဆောက်၍ ရေနွေးငွေ့ထုတ်လုပ်ပြီး ၂၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်သည့် ရေနွေးငွေ့ တာဘိုင်စက် တစ်လုံးကို သီလဝါစက်ရုံအနီးတွင် တိုးချဲ့တပ်ဆင်ဓာတ်အားထုတ်ပေးရန်အတွက် JICA ODA ချေးငွေ ရယူဆောင်ရွက်လိုခြင်းဖြစ်ပါကြောင်း၊ ချေးငွေဆိုင်ရာအချက်အလက်များအနေဖြင့် အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ ဖြင့် ချေးငွေသက်တမ်းစုစုပေါင်း နှစ် ၄၀ ဖြစ်ပါကြောင်း။

## အကျိုးကျေးဇူးများရရှိမည်

ထို့ကြောင့် သီလဝါစက်မှုဇုန်တွင် တည်ဆောက်ထားပြီးသည့် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ Gas Turbine များမှ စွန့်လွှတ်လိုက်သည့်အပူကို ဘွိုင်လာတည်ဆောက်ပြီး ၂၅ မဂ္ဂါဝပ် ထပ်မံထွက်ရှိရန်အတွက် Combined Cycle စီမံကိန်းကို JICA ချေးငွေဖြင့် ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ သဘာဝဓာတ်ငွေ့ ထပ်မံသုံးစွဲရန်မလိုအပ်ဘဲ ၂၅ မဂ္ဂါဝပ် ထပ်မံတိုးတက်ထွက်ရှိလာမည့်အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည် ။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေစီမံကိန်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေတို့နှင့် ညီညွတ်မှုရှိပြီး ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာ ၅ ဒသမ ၄ နှင့် ၅ ဒသမ ၅ပါ Action Plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ပါ၍ Infrastructure Development Project In Thailawa Area(Phase III) စီမံကိန်း ဆောင်ရွက်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency –JICA) ထံမှ ချေးငွေ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန် ဒေါ်လာ သန်း၁၀၀ နှင့် ထောက်ပံ့ငွေ ဒေါ်လာ ၁၀ သန်း ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ ၃၅၀ သန်း ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

## အရေးကြီးသော ဓာတ်အားပေးစက်ရုံ

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ထားသည့် ဓာတ်အားပေးစက်ရုံ ငါးရုံ ရှိပါကြောင်း၊ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတနှင့် သီလဝါဓာတ်အားပေးစက်ရုံတို့ ဖြစ်ပါကြောင်း၊ ယင်းတို့အနက် ရွာမဓာတ်အားပေးစက်ရုံသည် လှိုင်သာယာပင်မဓာတ်အားခွဲရုံကို အဓိက ဓာတ်အားပို့လွှတ်ထားပါကြောင်း၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ရွှေပြည်သာ စက်မှုဇုန်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်လက် ဓာတ်အားပို့လွှတ်ထားသည့်အတွက် အရေးကြီးသော ဓာတ်အားပေးစက်ရုံ တစ်ရုံ ဖြစ်ပါကြောင်း။

ရွာမဓာတ်အားပေးစက်ရုံတွင် နှစ်ကာလကြာရှည်စွာ အသုံးပြုခဲ့ခြင်းကြောင့် စက်စွမ်းရည်ကျဆင်းပြီး စီးပွားရေးတွက်ခြေမကိုက်တော့သည့် John Brown Gas Turbine ဓာတ်အားပေးစက် နှစ်လုံးနှင့် H – 25 Hitachi Combined Cycle CCGT တို့ကို ဖျက်သိမ်းပြီး စွမ်းဆောင်ရည်မြင့်မားသည့် ဓာတ်အားပေးစက်များနှင့် အစားထိုးတည်ဆောက်လိုခြင်းဖြစ်ပါကြောင်း၊ မဟာဓာတ်အားလိုင်းစနစ်အတွင်း အချို့ပင်မဓာတ်အားခွဲရုံများတွင်ရှိသည့် ထရန်စဖော်မာများသည် ဝန်အားပြည့်ဝနေပြီဖြစ်သည့်အတွက် မူလတပ်ဆင်အင်အားထက် ပိုမိုကြီးမားသော ထရန်စဖော်မာများဖြင့် အစားထိုးလဲလှယ်လိုခြင်းအတွက် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ထို့ပြင် ဓာတ်အားစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများ ချွတ်ယွင်းပျက်စီးပြီး အကြီးစားပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သည့်အခါတွင် ယာယီအစားထိုး ဆောင်ရွက်နိုင်ရန် Mobile Substation များကို ဝယ်ယူဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

## ဓာတ်အားစနစ် တည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်

ချေးငွေအနေဖြင့် ကမ္ဘာ့ဘဏ်ချေးငွေဖြစ်ပါကြောင်း၊ စီမံကိန်းကာလသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ အတိုးနှုန်းအနေဖြင့် ၁ ဒသမ ၂၅ ရာခိုင် နှုန်း၊ ဝန်ဆောင်မှုစရိတ်အနေဖြင့် ၀ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၅ နှစ်နှင့် ပြန်ဆပ်ကာလ ၂၅ နှစ်ဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲလာနိုင်ပြီး ဓာတ်အားစနစ် တည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ချေးငွေစီမံကိန်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေတို့နှင့် ကိုက်ညီမှုရှိပြီး ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာ ဗျူဟာနှင့် ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာ ၅ ဒသမ ၄ နှင့် ၅ ဒသမ ၅ Action Plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိပါကြောင်း။

သို့ပါ၍ ရွာမဓာတ်အားပေးစက်ရုံတွင် Combined Cycle Gas Turbine အသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများ၏ တပ်ဆင်အင်အားတိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်၏ (IDA –18) အစီအစဉ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၃၅၀ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## အမည်စာရင်း တင်သွင်းနိုင်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မ ခွဲ ၁၅ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ညွှန်ကြားရေးမှူးချုပ်ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၅၅ စောင် ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၀ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၅ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့လေးဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့ လေးဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

## ဆန္ဒမဲပေးမှု အထမြောက်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၀ စောင်ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၀ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ်ငါးဦးပါဝင်သည့် အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရနှင့် လွှတ်တော်၏ အဆုံးအဖြတ်အတည်ပြုချက်ကို ကြေညာရာတွင် ပုဒ်မ ၁၁၅ ပုဒ်မခွဲ (ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၂၁ ပုဒ်မခွဲ (ဠ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၂၄ ပုဒ်မခွဲ(က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၂၄ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄၇ ပုဒ်မခွဲ(ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၇ သို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်ညှိနှိုင်း အစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၁၆**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၅/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ ပါဝင်သည့် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ဖြင့် ကျင်းပသည်။



COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၅/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

### ဆုံးဖြတ်ချက်များချမှတ်

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ပြည်သူများတွင် COVID-19 ရောဂါကိုကာကွယ်ရေးနှင့် ပြည်သူများရောဂါ ဖြစ်ပွားသေဆုံးမှု မရှိစေရေးတို့အတွက် ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်းများကို ပြည်သူများ ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရောဂါဖြစ်ပွားသော နိုင်ငံနှင့် နေရာဒေသများမှ ပြည်တွင်းသို့ ဝင်ရောက်သူများ နည်းပါးလာခြင်းဖြင့် ရောဂါဝင်ရောက်ကူးစက် ဖြစ်ပွားနိုင်ခြေပါ လျော့နည်းလာမည် ဖြစ်ကြောင်း။

### ချိတ်ဆက်ဆောင်ရွက်မှု အရေးကြီး

ပြည်သူများမှ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းထားသည့် ပစ္စည်းကိရိယာများနှင့် လှူဒါန်းငွေများကို အကျိုးရှိထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေး ပြဿနာနှင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင် ဆောင်ရွက်သူများအကြား စနစ်တကျချိန်သားကိုက် ချိတ်ဆက် ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ ပါဝင်သည့် COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးဌာန၏ အီးမေးလ်အစုဖွဲ့ (email group) ကို ဖွဲ့စည်းထားရှိပြီး ဆက်သွယ် ဆောင်ရွက်မည်ဖြစ်ကြောင်း။

### ပုံမှန်ဆက်လက် ဆောင်ရွက်

ထို့အပြင် ယခုကဲ့သို့ အင်တာနက်ကွန်ရက်ကို အသုံးပြုကာ Video conferencing ပုံစံဖြင့် ညှိနှိုင်းဆွေးနွေးမှုများကို ပုံမှန်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်ရေးအတွက် ကပ်ရောဂါဗေဒရှုထောင့်မှ နိုင်ငံတကာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆန်းစစ်သုံးသပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့၊ ဆေးရုံပိုင်း ကြိုတင်ပြင်ဆင်မှုနှင့် အသွားအလာကန့်သတ်ပိတ်ပင်ခြင်း လုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့နှင့် နိုင်ငံတကာ ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှုအဖွဲ့တို့အား ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆန်းစစ်သုံးသပ်

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် ပြည်သူ့ကျန်းမာရေးအပိုင်းမှ ဆောင်ရွက်နေမှုသည် အတိုင်းအတာတစ်ခုအထိ ကျေနပ်ဖွယ်ရာရှိပြီး ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှုများ ပိုမိုအားထုတ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ COVID-19 ရောဂါလူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရန်အတွက် ဖြစ်စဉ်အခြေပြုစားပွဲတင် လေ့ကျင့်ခန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်းကို ဆန်းစစ်သုံးသပ်မှုမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးကြစေလိုပါကြောင်း။

ယခုအစည်းအဝေးတွင် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ တာဝန်ရှိသူများ၊ ရောဂါနှိမ်နင်းရေးပညာရှင်များ၊ ကုသရေးပါမောက္ခများ၊ ဝယ်ယူဖြန့်ဖြူးရေးတာဝန်ရှိသူများ စသည်ဖြင့် ကဏ္ဍစုံမှ ပါဝင်တက်ရောက်ကြသဖြင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ၊ အခက်အခဲများနှင့် အားနည်းချက်များကို ပွင့်လင်းစွာ ဆွေးနွေး အကြံပြုကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ရေးဆွဲထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုအခြေအနေများကို ကမ္ဘာ့ကပ်ရောဂါ (Pandemic) ဟု ကြေညာခဲ့မှုနှင့်အညီ လိုအပ်သလို ပြုပြင်မွမ်းမံ၍ စီမံချက်တစ်ခု ရေးဆွဲသွားရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦးတို့က ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Video Conference မှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ တာဝန်ရှိသူများ၊ ကုသရေးပါမောက္ခများ၊ ရောဂါနှိမ်နင်းရေးပညာရှင်များ၊ ဆေးရုံအုပ်ကြီးများက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အတွေ့အကြုံနှင့် အားသာချက်၊ အားနည်းချက်များ၊ အသွားအလာကန့်သတ်ပိတ်ပင်ခြင်း (quarantine) ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပြင်ဆင်ထားရှိမှုနှင့် လိုအပ်ချက်၊ စောင့်ကြည့်လူနာများကို ကုသမှုပေးနေမှု၊ COVID-19 ရောဂါလူနာများ ပေါ်ပေါက်လာပါက ကုသမှုပေးရန် ဆေးရုံနေရာ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လိုအပ်ချက်၊ ကျန်းမာရေး အသိပညာပေး နှိုးဆော်မှုများအတွက် ပိုစတာနှင့် လက်ကမ်းစာစောင်များ၊ ရုပ်သံများ၊ တိုင်းရင်းသား ဘာသာစကားများဖြင့် အသံဖိုင်များ ပြုလုပ်ထားရှိ ဖြန့်ဝေနေမှု၊ ဓာတ်ခွဲစစ်ဆေးမှုအတွက် ဓာတ်ခွဲနမူနာရယူမှု၊ ပို့ဆောင်မှုတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်များကို ဖြန့်ဝေထားမှု၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ facebook စာမျက်နှာများတွင် ဖော်ပြထားရှိမှု၊ နယ်စပ်ဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆန်းစစ်တွေ့ရှိချက်များ တင်ပြရန်ကိစ္စ၊ COVID-19 လူနာတွေ့ရှိပါက ထားရှိကုသရန် သတ်မှတ်ဆေးရုံ (designated hospital) များသို့ ဆေးနှင့် ဆေးပစ္စည်းများ ဦးစားပေးဖြည့်ဆည်းနေမှု စသည်တို့ကို တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ရန် အစီအစဉ်များကို ပြန်လည်ဆွေးနွေးကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပုဒ်မ ၁၇၂ ပုဒ်မခွဲ(က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၇၂ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၈၈ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့် အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၉၆ ပြင်ဆင်မှုအတွက် ထောက်ခံ ဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၉၈ ပုဒ်မခွဲ(ခ) ပြင်ဆင်မှု အတွက် ထောက်ခံ ဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၁၉၈ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၂၅ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၂၆ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၂၆ ပုဒ်မခွဲ(ခ) ပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယကက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ) တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ် (၁)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ပြီးဆုံးပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၇ ရက် အင်္ဂါနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – စိုးဝင်းထွန်း**

## ရန်ကုန်မြို့၌ ကျင်းပမည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အခမ်းအနားရက်ရွှေ့ဆိုင်း

**နေပြည်တော် မတ် ၁၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က COVID-19 ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံး၏ မတ် ၁၃ ရက် ကြေညာချက်ကို အလေးထားသောအားဖြင့် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့ Sedona ဟိုတယ်၌ ကျင်းပမည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အခမ်းအနားကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဟသ်ာတမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် ရေဦးမြို့၊ မြင်းမူမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မချမ်းဘောမြို့၊ ကျိုင်းတုံမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၁ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ဈေးသစ်ကျေးရွာနေ မမိုးမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၃-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ ဈေးသစ်ကျေးရွာနေ မမိုးမိုး(၃၇)နှစ်၊ (ဘ)ဦးထွန်းသန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ဇော်ခင် (၄၃) နှစ်၊ (ဘ)ဦးစက်အေးတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို) မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဒေါ်ဝင်းအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၃-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဒေါ်ဝင်းအေး(ခ)ဝင်းဝင်းအေး(၅၀)နှစ်၊ (ဘ)ဦးချွတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၃၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောမကျေးရွာနေ ဖိုးလပြည့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၃-၂၀၂၀ ရက်နေ့တွင် မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်ကွက်၊ ခရိုင်အားကစားခန်းမအနီး ၎င်းမြို့နယ်၊ တောမကျေးရွာနေ ဖိုးလပြည့်(၂၀)နှစ်၊ (ဘ)ဦးအောင်ပိုင်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ရတနာမာန်အောင်ရပ်ကွက်နေ ထူးအောင် (ခ)ထူးလေး(၁၈)နှစ်၊ (ဘ)ဦးဝင်းမောင်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ထူးအောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိသော်လည်း ၎င်းတို့(၂)ဦးအား မမစ (မိတ္ထီလာ)မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ နဂါးလေး(ခ) မင်းကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၃-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ နဂါးလေး(ခ)မင်းကို(ခ)မင်းကိုကို(၃၀)နှစ်၊ (ဘ)ဦးသစ်မင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ ချစ်သဲနှင့် ဝင်းရွှေတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၃-၂၀၂၀ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာတောင်ဘက် ဖိုးစိန်လယ်ကျင်းအနီး လမ်းပေါ်၌ ၎င်းကျေးရွာနေ ချစ်သဲ(၂၈)နှစ်၊ (ဘ)ဦးခင်မောင်ဝင်းနှင့် ဝင်းရွှေ(၅၅)နှစ်၊ (ဘ)ဦးဖိုးကြည်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း)မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ကုန်းမြင့်သာရပ်ကွက်နေ ကျော်ဘသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၃-၂၀၂၀ ရက်နေ့တွင် မိုင်းရှူးမြို့နယ်၊ ကုန်းမြင့်သာရပ်ကွက်နေ ကျော်ဘ(ခ)ကျော်မိုးနိုင်(၄၇)နှစ်၊ (ဘ)ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းရပ်ကွက်နေ မင်းဦး(၅၈)နှစ်၊ (ဘ)ဦးသာခင်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ (လွိုင်ဆောင် ထောက်)မယ(ပ)၄/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ လုပေါ့လမ်းပေါ်၌ ဆိုင်ကယ်စီးနင်းလာသူ မင်းဦးအား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ(လွိုင်ဆောင်ထောက်) မယ (ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့၊ အမှတ်(၁)ရပ်ကွက်နေ ကျထီး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၃-၂၀၂၀ ရက်နေ့တွင် မက်မန်းမြို့၊ အမှတ်(၁)ရပ်ကွက်နေ ကျထီး(ခ)ကျသီး(၃၈)နှစ်၊ (ဘ)ဦးအားပါ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကွန်ဟောင်းကျေးရွာနေ အိုက်ဩ(၂၀)နှစ်၊ (ဘ)ဦးအိုက်တား၊ ပေတလူး (၂၅) နှစ်၊ (ဘ)ဦးကျရှူ၊ အမှတ်(၂) ရပ်ကွက်နေ ကျရှဲ(၂၅)နှစ်၊ (ဘ)ဦးကျကော်တို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မက်မန်း) မယ(ပ)၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၄-၃-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၂၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၃၂၀)ဦး၊ မ(၂၅၈)ဦး၊ ပေါင်း(၁၅၇၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၇၉.၁၉၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း (၄၀၄၀၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၀၉၁၀၈)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

## ပလက်ဝမြို့နယ် မိတ်စာ(ရှေ့)ကျေးရွာမှ ဒဏ်ရာရ ရွာသူ၊ ရွာသားအချို့ မတူပီမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ ဆေးကုသမှုခံယူလျက်ရှိ

**နေပြည်တော် မတ် ၁၆**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း အပြန်အလှန်ပစ်ခတ်မှုများကြောင့် မိတ်စာ (ရှေ့)ကျေးရွာမှ ဒဏ်ရာရသူအချို့ မတူပီမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပလက်ဝမြို့နယ် မိတ်စာ(ရှေ့)ကျေးရွာနှင့် မိတ်စာ(နောက်) ကျေးရွာအနီးရှိ တပ်မတော်စခန်းတစ်ခုအား AA အဖွဲ့က အင်အားသုံး ဝိုင်းပတ်ပိတ်ဆို့၍ ပစ်ခတ်တိုက်ခိုက်သည့်အတွက် မလွှဲမရှောင်သာ ပြန်လည်ပစ်ခတ်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများကြောင့် ဒေသခံရွာသူ၊ ရွာသားအချို့ သေဆုံး/ ဒဏ်ရာရရှိခဲ့ကြကြောင်း၊ ၎င်းတို့အနက် ဦးပေါက်ကိုး (ဘ) ဦးကာဆောင်း အပါအဝင်ဒဏ်ရာရ အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦးတို့သည် ယမန်နေ့ နံနက် ၁၁ နာရီခန့်တွင် ချင်းပြည်နယ် မတူပီမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် မြင့်ဟန် ချန်ပီယံတံခွန်စိုက်ဆုရရှိ

ရန်ကုန် မတ် ၁၆

**မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၄၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ် (46th National Chess Championship 2020) ပြိုင်ပွဲတွင် မြင့်ဟန်က ၁၃ မှတ်ခွဲဖြင့် ချန်ပီယံတံခွန်စိုက်ဆု ဆွတ်ခူးရရှိသွားသည်။**

အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ပထမမှ အဋ္ဌမအထိ ရရှိကြသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နည်းပညာကော်မတီဥက္ကဋ္ဌ ဦးသာဇံက DGT3000 စစ်တုရင်နာရီများကို ချီးမြှင့်သည်။ ပြိုင်ပွဲတွင် မြင့်ဟန် (International Master)က ၁၃ မှတ်ခွဲဖြင့် ပထမ၊ ဝင်းဇော်ထွန်း (International Master)က ၁၂ မှတ်ခွဲဖြင့် ဒုတိယ၊ နေဦးကျော်ထွန်း (International Master)က ၁၀ မှတ်ဖြင့် တတိယ၊ မျိုးနိုင်က ၉ မှတ်ဖြင့် စတုတ္ထဆုရရှိခဲ့ပြီး မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေသားဆုနှင့် ဆုဖလားချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစား စစ်တုရင်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ဝင်းဇော်ထွန်းအား ငွေကျပ် ၁၀ သိန်း၊ အဆင့် ၆ ဆုရ နေဦးကျော်ထွန်းအား ငွေကျပ် ငါးသိန်း ချီးမြှင့်ပြီး အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုရ မြင့်ဟန် (International Master) အား တံခွန်စိုက်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမအဆင့်၊ ဒုတိယအဆင့် လက်ရည်အောင် ကစားသမား ၁၂ ဦးနှင့် ၂၀၁၉ ခုနှစ် နေရှင်နယ်ထိပ်ဆုံး လေးဦး စုစုပေါင်း ၁၆ ဦးတို့က မတ် ၆ ရက်မှ ၁၆ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



အမျိုးသား တံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ် ပြိုင်ပွဲတွင် ချန်ပီယံ တံခွန်စိုက်ဆု ရရှိသူ မြင့်ဟန်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၆-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာ အသစ် (၃) ဦး ရှိပါသည်။ (ဇယား -၁)

၃။ (၁၆-၃-၂၀၂၀) ရက်နေ့တွင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၂)ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၁)ဦး၊ စုစုပေါင်း (၃)ဦးတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများ၊ COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှုများမရှိသော်လည်း ရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသော နိုင်ငံများသို့ သွားရောက်ခဲ့သည့် ရာဇဝင်ရှိသဖြင့် ၎င်းတို့အား ဆေးရုံတွင် (၁၄)ရက် ခွဲခြားထားရှိ၍ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ် ကြည့်ရှုလျက်ရှိပါသည်။

၄။ ယနေ့ (၁၆-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေ စောင့်ဆိုင်းဆဲ လူနာ (၁၀) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၅။ ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ (၁၆-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၄၃) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ဇယား-၁**

**(COVID-19) ရောဂါ စောင့်ကြည့်လူနာ/သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၆-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့် ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင်တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့်နိုင်ငံ၊ မြို့ | မြန်မာနိုင်ငံသို့ ရောက်ရှိသည့် ရက် | | | | |
| ၁ | ၄၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ ဝမ်းသွားခြင်း | ၁၃-၃-၂၀၂၀ | မရှိ | - | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး | ထိတွေ့မှုမရှိ | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး (၁၅-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၂ | ၅၅ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် | ဖျားခြင်း၊ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူမဝခြင်း၊ သွေးပေါင်ချိန်ကျဆင်းခြင်း | ၁၅-၃-၂၀၂၀ | မရှိ | - | ပုဂ္ဂလိကဆေးရုံ | ထိတွေ့မှုမရှိ | မကွေးပြည်သူ့ ဆေးရုံကြီး (၁၅-၃-၂၀၂၀) | မြန်မာ နိုင်ငံသား |
| ၃ | ၃၀ နှစ် | ကျား | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ | ဖျားခြင်း၊ ဗိုက်နာခြင်း | ၁၅-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ | ၁၁-၃-၂၀၂၀ | ဟိုတယ်မှ သတင်းပေးပို့ ဆောင်ရွက်ခြင်း | ထိတွေ့မှုမရှိ | တာချီလိတ် ပြည်သူ့ဆေးရုံ (၁၆-၃-၂၀၂၀) | တရုတ် ပြည်သူ့ သမ္မတ နိုင်ငံသား |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၁၆-၃-၂၀၂၀ ရက်နေ့အထိ) (၁၆-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၅-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံ စုစုပေါင်း - (၁၄၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၅၃,၅၁၇) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၅,၇၃၅) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၈) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်အထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၀၄၈ | ၃,၂၀၄ |
| ၂ | အီတလီ | ၂၁,၁၅၇ | ၁,၄၄၁ |
| ၃ | အီရန် | ၁၂,၇၂၉ | ၆၁၈ |
| ၄ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၁၆၂ | ၇၅ |
| ၅ | စပိန် | ၅,၇၅၃ | ၁၃၆ |
| ၆ | ပြင်သစ် | ၄၄၆၉ | ၉၁ |
| ၇ | ဂျာမနီ | ၃,၇၉၅ | ၈ |
| ၈ | ဆွစ်ဇာလန် | ၁,၃၅၉ | ၁၁ |
| ၉ | အင်္ဂလန် | ၁,၁၄၄ | ၂၁ |
| ၁၀ | နယ်သာလန် | ၉၅၉ | ၁၂ |
| ၁၁ | ဆွီဒင် | ၉၂၄ | - |
| ၁၂ | နော်ဝေး | ၉၀၇ | ၁ |
| ၁၃ | ဒိန်းမတ် | ၈၂၇ | - |
| ၁၄ | ဩစတြီးယား | ၈၀၀ | ၁ |
| ၁၅ | ဂျပန် | ၇၈၀ | ၂၂ |
| ၁၆ | ဘယ်လ်ဂျီယံ | ၆၈၉ | - |

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၅-၃-၂၀၂၀) တွင် ထုတ်ပြန်သော Situation Report (55) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံများမှာ (၈၀)နိုင်ငံရှိပါသည်-
  - (၁) အနောက်ပစိဖိတ်ဒေသ - ၁၀ နိုင်ငံ
  - (၂) ဥရောပဒေသ - ၃၆ နိုင်ငံ
  - (၃) အရှေ့အလယ်ပိုင်းဒေသ - ၁၁ နိုင်ငံ
  - (၄) အမေရိကဒေသ - ၁၂ နိုင်ငံ
  - (၅) အာဖရိကဒေသ - ၄ နိုင်ငံ
  - (၆) နယ်မြေဒေသ - ၁ နိုင်ငံ
  - (၇) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ

  (အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်)
- အီတလီနိုင်ငံ၊ အီရန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၅၈ %)ခန့်နှင့် သေဆုံးမှုအားလုံး၏(၈၄ %) ခန့် ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ထုတ်ပြန်ချက်အရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆများပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃)ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၅၀) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၂၁-၁-၂၀၂၀)ရက်နေ့မှ (၁၆-၃-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (Person Under Investigation-PUI) (၁၃၁) ဦးနှင့် သံသယလူနာ (၂)ဦး စုစုပေါင်း (၁၃၃)ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၂၃) ဦး၊
  - ဓာတ်ခွဲနမူနာရယူရန် ဆောင်ရွက်ဆဲ/ပေးပို့ဆဲ - (၁၀)ဦး တို့

ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၆-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၅၄) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၆) ဦးနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၂) ဦး စုစုပေါင်း(၁၃၃)ဦးတို့ဖြစ်ပါသည်။

၄။ COVID-19 ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးမွှားများအား လက်နှင့် ထိတွေ့ရာမှတစ်ဆင့် ကူးစက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်ကြောင့် တစ်ပါးသူအား ရောဂါမကူးစက်စေရန်-

(က) နှာချေ၊ ချောင်းဆိုးသည့်အခါ မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ်အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာ ဖုံးအုပ်ရန်၊

(ခ) လက်ကို မကြာခဏ ဆေးကြောရန်နှင့် လက်ကို ဆေးကြောပါက ဆပ်ပြာဖြင့် စက္ကန့် (၂၀)ခန့် ဆေးကြောရန်၊ ရေနှင့် ဆပ်ပြာမရှိပါက Hand sanitizer ဖြင့် ဆေးကြောရန်၊

(ဂ) ဖျားနာ၊ ချောင်းဆိုး၊ နှာစေး နေသူများအနေဖြင့် လူထူထပ်သော ပွဲလမ်းသဘင်များ သွားရောက်ခြင်းမှ လုံးဝရှောင်ကြဉ်ရန်နှင့် မိမိတို့ နေအိမ်တွင်း၌ နေထိုင်၍ ဆေးကုသမှုခံယူရန်၊

(ဃ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသော လက္ခဏာများ ခံစားနေရသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ပြသရန်၊

(င) အသွားအလာ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Quarantine) ပြုလုပ်ခြင်းဖြင့် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာပါက ချက်ချင်းသိရှိကုသနိုင်ပြီး ၎င်းတို့မှတစ်ဆင့် မိသားစုဝင်များနှင့် ဆွေမျိုးများ၊ ထိုမှတစ်ဆင့် ပြည်သူလူထုထံသို့ ရောဂါဆက်လက်ကူးစက် ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Quarantine ၏ အကျိုးကျေးဇူးများအား သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ရန်ကုန်တက္ကသိုလ် ရာပြည့် ဂုဏ်ပြုဆောင်းပါး

# တစ်ခေတ်တစ်ခါက တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား အားကစားထူးချွန်သူ

အုပ်မှူးဇော်

ရန်ကုန်တက္ကသိုလ်ကို ၁၈၇၈ ခုနှစ်တွင် ဗြိတိသျှ-အိန္ဒိယရှိ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့သည်။ ကိုလိုနီဒေသများ၏ ပညာရေးအတွက် ဖွဲ့စည်းထားခဲ့သော ပညာရေးဌာနမှ တိုက်ရိုက်ကိုင်တွယ်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် အစိုးရကောလိပ်ဟု အမည်ပြောင်းခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ယူနီဗာစီတီ ကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်ဟူ၍ ပေါ်ထွက်လာခဲ့သည်။ ယူနီဗာစီတီကောလိပ်မှာ ဘာသာရေးနှင့် မသက်ဆိုင်သောကျောင်းဖြစ်ပြီး ဂျပ်ဆင်ကောလိပ်မှာ နှစ်ခြင်း ခရစ်ယာန်သာသနာအခြေပြုကျောင်းဖြစ်သည်။ အမေရိကန်နှစ်ခြင်း ခရစ်ယာန်သာသနာပြုအဖွဲ့မှ ဂျပ်ဆင်ကောလိပ်ကို ရန်ကုန်တက္ကသိုလ် လက်အောက်ခံသီးခြားလွတ်လပ်သည့် ကျောင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရှိ အောက်စဖို့နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့၏ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်များအတွင်းတွင် အရှေ့တောင်အာရှ၏ အကောင်းဆုံးတက္ကသိုလ်ဖြစ်ခဲ့ပြီး အာရှအဆင့်တွင်လည်း ထိပ်တန်းရပ်တည်နိုင်ခဲ့ခြင်း ကြောင့် အခြားအာရှနိုင်ငံများမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးရာ တက္ကသိုလ်ဖြစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသားများအနက်မှ အားကစား၊ အနုပညာ၊ နိုင်ငံရေး ထူးချွန်ခဲ့သည့် ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့သည်။ ယင်းပုဂ္ဂိုလ်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၊ ကာတွန်းဘကလေး၊ သိန်းဖေမြင့် ၊ ဦးရာဇတ်၊ ဦးနု၊ ဦးသန့်၊ မောင်မောင်၊ ဦးနေဝင်း၊ ဆာမောင်ခင်၊ မြို့မ-ဦးသန်းကြွယ်၊ ခင်မျိုးချစ်၊ ဒေါက်တာသန်းထွန်း၊ မင်းသုဝဏ်၊ နိုင်ရွှေကျင်၊ ဦးကြည်မောင်၊ လူထုဒေါ်အမာ၊ တက္ကသိုလ်ဘောလုံး အသင်းတွင် ကောလိပ်ဂျင်နေဝင်း စသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

## တစ်ခေတ်တစ်ခါက တက္ကသိုလ်ဘောလုံးအသင်း

ရန်ကုန်ကောလိပ် ဘောလုံးအသင်းအောင်ပွဲကို ၁၉၁၅ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ဆက်တိုက်ဆိုသလိုပင် ၁၉၁၆၊ ၁၉၁၇ တို့တွင် သုံးနှစ်ဆက်တိုက် BAA ပထမတန်း အမှတ်ပေးချန်ပီယံ ဖြစ်ခဲ့သည်။ ထို့အပြင် ၁၉၁၈ ခုနှစ် တစ်နှစ်သာခြားကာ ၁၉၁၉ နှင့် ၁၉၂၀ ပြည့်နှစ်တို့တွင်လည်း ရန်ကုန်ကောလိပ် အသင်းသည် ထပ်ဆင့်ချန်ပီယံဖြစ်ခဲ့သည်။

ယင်းနောက် ၁၂ နှစ်တိတိ ရန်ကုန်ကောလိပ်အသင်းသည် အောင်မြင်မှုနှင့် ဝေးကွာခဲ့ပြီးနောက် ၁၉၃၂ ခုနှစ်တွင် အောင်မြင်မှုတစ်ဖန် ပြန်လည်ရရှိခဲ့သည်။ ယင်းသို့သော ဘောလုံးအောင်မြင်မှုမှာ ရပ်တန့်မသွားဘဲ ၁၉၃၃၊ ၁၉၃၄ ခုနှစ် ရန်ကုန် BA စုံ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတက္ကသိုလ်ပေါင်းစုံ လက်ရွေးစင် အားကစားသမားကျောင်းသူ၊ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခြင်းမရှိဘဲ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များသာ ဆွတ်ခူးနိုင်ခဲ့သည်။ တက္ကသိုလ်၏ အားကစားအဆင့်အတန်းကိုဘောလုံးအားကစားနည်းက ပြသခဲ့သည်။ မြန်မာနိုင်ငံတွင် BAA (Burma Athletics Association) က ကြီးမှူးပြီး ၁၉၀၀ ပြည့်နှစ်၌ ကျင်းပသည့် အမှတ်ပေးဘောလုံးပြိုင်ပွဲ စတင်ကျင်းပရာ ပထမဆုံး အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိသည့်

RANGOON UNIVERSITY SWIMMING CLUB (1960–61)



အသင်းမှာ စိန်ဂျွန်းကောလိပ်အသင်း ဖြစ်သည်။

ထိုစဉ်က မြန်မာနိုင်ငံတွင် ပြုလုပ်သည့် ဘောလုံးပွဲများတွင် အများဆုံးပါဝင်ယှဉ်ပြိုင်သည့် အသင်းများမှာ အင်္ဂလိပ်စစ်တပ်များနှင့် ဗြိတိသျှသြဇာခံ ဘောလုံးအသင်းတို့က အများဆုံးဖြစ်သည်။ အင်္ဂလိပ် စစ်တပ်ဘောလုံးအသင်းများမှာ ရန်ကုန် မြို့စောင့်တပ်၊ ပထမဘုရင် ရီဂျီမင့် (ပထမဘုရင့်တပ်) ပထမ ဒီကျွန်ဂျီရီဂျီမင့်၊ ပထမ ရှိုင်ရယ်စကော့ ဖြူဇီလာ၊ နယ်ခြားစောင့်တပ်၊ ပထမ မန်ချက်စတာ ဖြူဇီလာ စသည့် စစ်တပ်အသင်းများနှင့် အင်္ဂလိပ်အသင်းများဟူ ဖြစ်ကြသည်။

မြန်မာအားကစားလောက ရွှေရောင်ဝင်းလက်စဉ် ကာလတွင် မြန်မာအောင်မြင်ရေးအတွက် အခြေခံ ဒေါက်တိုင်ကြီး သုံးတိုင်ရှိခဲ့သည်။ တက္ကသိုလ်နှင့် ကောလိပ်များ၊ တပ်မတော်နှင့် ဝန်ထမ်းအားကစား ဒေါက်တိုင်ကြီးတို့ ဖြစ်သည်။ အားကစားတစ်မျိုးတစ်လေသာမဟုတ်၊ ပြေးခုန်ပစ်၊ ရေကူး၊ တင်းနစ်၊ ကြက်တောင်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ အနောက်တိုင်းလှေလှော် စသည့် အားကစားနည်းများတွင် တက္ကသိုလ်ကျောင်းသူ ကျောင်းသား အားကစားသမားများက လက်ရွေးစင်အဖြစ် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သည်။

တက္ကသိုလ်၊ ကောလိပ်များအတွက် အားကစားအရင်းအမြစ်များ ထွက်ပေါ်လာခြင်းမှာ အထက်တန်းကျောင်းများမှ စတင်ပါသည်။ ယခင်ခေတ်ကာလက တက္ကသိုလ်နှင့် ကောလိပ်များကလည်း ယခုလောက်မများသေးပါ။ မြစ်ကြီးနားတွင် ကောလိပ်ရှိပါသည်။ မန္တလေး၌ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်ရှိပါသည်။ တောင်ကြီး၊ မကွေး၊ မော်လမြိုင်၊ စစ်တွေနှင့် ပျဉ်းမနားတွင် စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) စသည်တို့သာ ရှိပါသည်။

ရန်ကုန်တွင်မူ ပင်မတက္ကသိုလ် (ဝါ) ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ် (RIT)၊ ဆေးတက္ကသိုလ် (၁ နှင့် ၂)၊ သွားဘက်ဆိုင်ရာတက္ကသိုလ်၊ တိရစ္ဆာန်နှင့် မွေးမြူရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ သက်ကြီးတက္ကသိုလ်၊ နောက်ပိုင်း စာပေးစာယူ၊ အဝေးသင်တက္ကသိုလ်များ ပေါ်ပေါက်လာကြပါသည်။ ယင်းတက္ကသိုလ်နှင့် ကောလိပ်များတွင် အဆောင်လိုက်၊ ဘာသာရပ်အလိုက် အားကစားပြိုင်ပွဲများ နှစ်စဉ်မပြတ်ကျင်းပခဲ့ပါသည်။

ယင်းနောက် ဒေသအလိုက်စုပေါင်းကာ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ အားကစားနည်းအလိုက် ကျင်းပကြသည်။ ရန်ကုန်တွင်မူ ပြေးခုန်ပစ်၊ ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်၊ ရေကူးစသည့် အားကစားနည်းတစ်မျိုးစီပြိုင်ပွဲများ ကျင်းပပါသည်။

အောက်မြန်မာပြည် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ၊ အထက်မြန်မာပြည် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပွဲတော်ဟူ၍ စဉ်ဆက်မပြတ် ကျင်းပနိုင်ခဲ့သည်။ ထိုသို့ အားကစားပြိုင်ပွဲများ ကျင်းပရုံမျှသာမက တက္ကသိုလ်မှ အားကစားဆရာ အရာရှိများ၊ အားကစားဦးစီးဌာနမှ အရာထမ်းဝန်ထမ်းများနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ၊ ဟန်ဂေရီ စသည့် ကမ္ဘာတွင် အားကစားနှင့် ပတ်သက်၍ ထင်ရှားကျော်ကြားသည့် နိုင်ငံများမှ အားကစား တက္ကသိုလ်၊ အားကစားသိပ္ပံများတွင် အားကစားပညာတော်သင်များအဖြစ် သွားရောက်၍ အားကစားပညာရပ်များ ဆည်းပူးသင်ကြားခဲ့ရသည်။

၁၉၃၂-နှစ်က၊ ဘီအေအေစီနီယာတန်း ဖလားရခဲ့သော တက္ကသိုလ်ဘောလုံးအသင်း



MUNRO RAJ LANGTRY HUNDLEY လှဖေ မောင်မောင်ကလေး
HILL MRS.SLOSS SAW BELLY (Captain) MR SLOSS. (Paincipal) ဆရာဘသန်း (Coach)
YOKE KWIN ကံညွန့် STEVENS ခင်မောင်

**"စစ်ကြိုခေတ်အစောပိုင်းက မြန်မာဘောလုံးလောကတွင် အောင်မြင်မှုမှတ်တိုင် အလီလီစိုက်ထူနိုင်ခဲ့သည့် တက္ကသိုလ်ဘောလုံးအသင်းမှာ ယခုအခါ အမည်ပါ ပျောက်လျက်ရှိသည်။ စစ်ပြီးခေတ်တွင် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့သည့် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းမှာ အောင်မြင်မှုနည်းပါးခဲ့သော်လည်း လက်ရွေးစင် ဘောလုံးသမားများကိုမူ မွေးထုတ်ပေးနိုင်ခဲ့"**

သို့ရာတွင် လမ်းစဉ်ပါတီ အစိုးရနှောင်းပိုင်းမှစတင်ကာ ပြည်ပသို့အားကစားပညာသင်များ စေလွှတ်ခြင်းမရှိတော့သလို မူလတန်းကျောင်းလေးများမှစကာ တက္ကသိုလ်နှင့် ကောလိပ်ကြီးများအထိ လုံခြုံရေးကို အကြောင်းပြုကာ အားကစားပြိုင်ပွဲများကို တဖြည်းဖြည်းနှင့် မသိမသာ ကျင်းပခြင်း မပြုလုပ်နိုင်တော့သည့်အတွက် တက္ကသိုလ်များမှ ထူးချွန်သည့် အားကစား ကျောင်းသူ ကျောင်းသားများ မပေါ်ထွန်းခဲ့တော့ပေ။

တစ်ခေတ်တစ်ခါတုန်းက တက္ကသိုလ်ကျောင်းသား အားကစားသမားများကို ပြည်သူတို့က အသည်းစွဲ ချစ်ခင်မြတ်နိုး အားပေးခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိခဲ့ရသည်။ စစ်ကြိုခေတ်နှင့် စစ်ပြီးခေတ် တက္ကသိုလ် ဘောလုံးအသင်းမှ မောင်ဝင်း၊ ယုတ်ကွင်း၊ မောင်မောင်ကလေး၊ ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ ကက်နက်ရှိန်၊ အောင်ခင်၊ စိုးမြင့်၊ မောင်ပြုံး၊ ဘမောင်၊ စောဦး၊ ကျော်ကျော်၊ မောင်မောင် (စက်မှုတက္ကသိုလ်)၊ ငွေကိုင် စသည့် တက္ကသိုလ်ကျောင်းသားဘောလုံးသမားများသည် အထူးကျော်ကြား ထင်ရှားသူများဖြစ်သည်။ မောင်မောင်ကလေး၏ အားကစားထူးချွန်မှုကြောင့် အင်္ဂလန်နိုင်ငံသို့ အားကစားပညာတော်သင်အဖြစ် အစိုးရက ရွေးချယ်စေလွှတ်ခြင်းခံရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော အားကစား ပညာတော်သင်ဖြစ်သည်။

စစ်ကြိုခေတ်အစောပိုင်းက မြန်မာဘောလုံးလောကတွင် အောင်မြင်မှုမှတ်တိုင် အလီလီစိုက်ထူနိုင်ခဲ့သည့် တက္ကသိုလ်ဘောလုံးအသင်းမှာ ယခုအခါ အမည်ပါ ပျောက်လျက်ရှိသည်။ စစ်ပြီးခေတ်တွင် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့သည့် ရန်ကုန်တက္ကသိုလ်ဘောလုံး အသင်းမှာ အောင်မြင်မှုနည်းပါးခဲ့သော်လည်း လက်ရွေးစင်ဘောလုံးသမားများကိုမူ မွေးထုတ်ပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)

Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation (BIMSTEC)

**ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲဆိုင်ရာ အချက်အလက်များ ပြင်ဆင်ကြေညာခြင်း**

- နောက်ဆုံးပေးပို့ရမည့်နေ့ရက် – ၁၅–၅–၂၀၂၀ ရက်
- ပေးပို့ရမည့်အီးမေးလ်လိပ်စာ – bimsteclogo.myanmar@gmail.com (မိတ္တူကို bimsteclogo–sec@bimstec.org သို့ မပျက်မကွက် ပေးပို့ရမည်။)
- ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့်အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.mofa.gov.mm တွင် Download ရယူနိုင်ပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ဖေ့စ်ဘုတ်စာမျက်နှာများဖြစ်ကြသည့် Ministry of Foreign Affairs Myanmar နှင့် MOI Webportal Myanmar တို့တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။
- မှီငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာ အချက်အလက်များကို www.bimstec.org တွင် လေ့လာနိုင်ပါသည်။
- မြန်မာနိုင်ငံသား မည်သူမဆို တစ်ဦးချင်း/အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။


**ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းရန် MNL နိုင်ငံခြားသားများအသင်းကို ကစားသမား ၁၆ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် မတ် ၁၆**

နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် MNL နိုင်ငံခြားသားများအသင်းကို ကစားသမား ၁၆ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယခုရာသီ MNL ပြိုင်ပွဲတွင် နိုင်ငံခြားသားကစားသမား ၂၆ ဦး ပါဝင်ကစားလျက်ရှိပြီး ဒဏ်ရာရနေသည့်ကစားသမားနှစ်ဦး မပါဝင်ဘဲ ကျန်ကစားသမား ၂၄ ဦးမှ ၁၆ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ MNL ကလပ်အသင်းများသည် ဂိုးသမားနေရာတွင် ပြည်တွင်းကစားသမားများကိုသာ အသုံးပြုနေသောကြောင့် ဂိုးသမားနေရာတွင် လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူများက ပါဝင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲကစားရန် ဖွဲ့စည်းလိုက်သည့် MNL နိုင်ငံခြားသားများအသင်းတွင် ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့မှ သုံးဦးစီဖြင့် အများဆုံးရွေးချယ်ခံရပြီး ရှမ်းယူနိုက်တက်၊ ရောဝတီ၊ ဖွဲ့ကပင်နှင့် စစ်ကိုင်းအသင်းတို့မှ နှစ်ဦးစီ၊ ရခိုင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှ တစ်ဦးစီ ရွေးချယ်ခံခဲ့ရသည်။ ယခုရာသီတွင် MNL ကလပ် ၁၂ သင်းအနက် ရှစ်သင်းသာ နိုင်ငံခြားသားကစားသမား အသုံးပြုလျက်ရှိပြီး ရှစ်သင်းစလုံးမှ ကစားသမားများ ပါဝင်လာခြင်းဖြစ်သည်။



MNL နိုင်ငံခြားသားများအသင်းတွင် ပါဝင်လာသည့် ကစားသမားများ ပြည်တွင်းပွဲများတွင် တွေ့ဆုံနေစဉ်။
ဓာတ်ပုံ–စိုးညွန့်

MNL နိုင်ငံခြားသားများအသင်းတွင် မိုကာလူး၊ အီမီကာ၊ ဒိုနယ် (ဟံသာဝတီ)၊ အီမန်နျူရယ်၊ ရှူရီ၊ အဘူဘာကာ(ရန်ကုန်)၊ မက်ဆီမင်၊ အဘူဘာကာ (ရှမ်း)၊ ဝက်စ်၊ အီမာဆင် (ဖွဲ့ကပင်)၊ ဖရိုင်းဒေး၊ ဆိုလီမာ (စစ်ကိုင်း)၊ ဆာဆက်၊ ဗစ်တာ (ရောဝတီ)၊ အလက်ဇန္ဒား (ရခိုင်) နှင့် ဒီဇွန်အာလီဆင် (ချင်းယူနိုက်တက်) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုခြေစမ်းပွဲအတွက် ကစားသမား ၂၁ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲများ ရွှေ့ဆိုင်းခဲ့သော်လည်း ကာလတိုလေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားကစားသမားများအသင်းတို့၏ ခြေစမ်းပွဲကို မတ် ၁၇ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းမည်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

လိုက်နာဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ Mountain Bike စက်ဘီးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တောင်တစ်လုံး MTB ပြိုင်ပွဲအတွက် စက်ဘီးအားကစား Camp သွင်းခြင်း၊ မေ ၁ ရက်တွင် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Alpha Entertainment Myanmar တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့ လှော်ကားကန်ပတ်လမ်း ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် လစဉ်နောက်ဆုံးပတ်၏ တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိသည့် လူထုစက်ဘီးစီးပွဲများကို ဧပြီလကုန်အထိ ရပ်ဆိုင်းထားကြောင်း သိရသည်။

"ဧပြီလကုန်အထိကို လူစုလူဝေး မပြုလုပ်ဖို့ ဝန်ကြီးဌာနက ညွှန်ကြားထားလို့ ပွဲတွေအားလုံး ရပ်ထားတယ်။ မတ် ၂၉ ရက်မှာ စက်ဘီးကလပ်ကလုပ်တဲ့ တံတားဦးပွဲရှိတာ သူတို့ဘက်က အုပ်ချုပ်ရေးအဖွဲ့ကနေ ပိတ်လိုက်ပြီ။ ရန်ကုန်မှာက ၅ လပိုင်း ၁ ရက်နေ့၊ အဲဒါက ဧပြီလကုန်မှာ ခွင့်ပြုရင် ပြန်လုပ်မယ်၊ ဧပြီလကုန်အထိက ဘာမှလုပ်လို့မရဘူး။ မေလမှာ ကျင်းပလို့ ရ မရဆိုတာ ထပ်ပြီးတော့ ကြေညာပါမယ်"ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။

၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် လူထုစက်ဘီးစီးပွဲများတွင် ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မိတ္ထီလာ၊ မြဝတီ၊ ကော့သောင်း၊ ဖျာပုံစသည့်မြို့များမှ စက်ဘီးစီး ဝါသနာရှင်များ၊ စက်ဘီးစီးကလပ်များမှ ပါဝင်ဆင်နွှဲသူ တစ်ထောင်ကျော်ရှိပြီး ၂၀၁၉ ခုနှစ် (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ၊ (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးပြိုင်ပွဲများတွင် စက်ဘီးအားကစားသမား ၂၀၀ ကျော် ပါဝင်ခဲ့သည်။ ယခုအခါ COVID–19 ကူးစက်ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဧပြီလကုန်အထိ ရပ်နားထားပြီး မေလတွင် ကျင်းပမည့်ပွဲစဉ်များကိုခွင့်ပြုပါက အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

❑ *ကျောဖုံးမှ*

MNL အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က အတည်ပြုထားသည်။

ရန်ကုန်အသင်းသည် ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဧပြီ ၁၅ ရက်တွင် စင်ကာပူကလပ် ဟောင်အန်အသင်း၊ ဧပြီ ၂၉ ရက်တွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ မေ ၁၃ ရက်တွင် လာအိုကလပ် လာအိုတိုယိုတာအသင်းတို့နှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအကျော့အပြီးတွင် သုံးပွဲကစား ခုနစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ဧပြီ ၁၅ ရက်တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အိမ်ကွင်း၊ ဧပြီ ၂၈ ရက်တွင် ဖိလစ်ပိုင်ကလပ် ကာယာ အသင်းနှင့် အဝေးကွင်း၊ မေ ၁၂ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့သုံးပွဲစလုံး ရှုံးနိမ့်ထားပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

## မိုးဆက်လက်ထစ်ချုန်းရွာနိုင်


**နေပြည်တော် မတ် ၁၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**





❍ *ကျောဖုံးမှ*

"အရှေ့ပင်လယ်မှ အနောက်ပင်လယ်ဆီသို့" ခေါင်းစဉ်ဖြင့် နိုင်ငံဖြတ်ကျော်စက်ဘီးစီးသည့် ခရီးစဉ်ကို Bagan Myanmar Group of Companies က ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးစဉ်တွင် ပုဂံညောင်ဦး စက်ဘီးစီးအသင်းဝင် ကိုရဲလင်းထိုက်က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက် တွင် စင်ကာပူနိုင်ငံမှ တစ်ဦးတည်း စတင်စီးနင်းခဲ့ပြီး မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံကို မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ပဲခူးဘုရားကြီးလမ်းခွဲ၌ ပုဂံညောင်ဦးစက်ဘီးစီးအသင်းဝင် ကိုထွန်းမင်းအောင်၊ သစ်လွင်မြင့်၊ ထွန်းရာဇာတို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ တောင်ဘက်အစွန်းသို့ ဆက်လက်ထွက်ခွာလာခဲ့ကြောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့များကို ဖြတ်ကျော်ခဲ့ပြီး ငွေဆောင်၊ ဂေါ်ရန်ဂျီကမ်းခြေများကိုဖြတ်၍ ဟိုင်းကြီးကျွန်းမြို့ ဖောင်တိုးကျေးရွာလမ်းမှတစ်ဆင့် ပုသိမ်–မော်တင်စွန်းကားလမ်းကိုဖြတ်ကျော်ကာ ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်တွင် မော်တင်စွန်းသို့ ရောက်ရှိကာ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးအား ဖူးမြော်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ တောင်ဘက်အစွန်းသို့ရောက်ရှိခဲ့ပြီဖြစ်၍ စက်ဘီးစီးခရီးစဉ် ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း စက်ဘီးစီးအဖွဲ့ခေါင်းဆောင် ကိုရဲလင်းထိုက်က ပြောသည်။

"ယနေ့အချိန်က တစ်ကမ္ဘာလုံးမှာ COVID –19 ကြောင့် လူစုလူဝေးတွေမလုပ်ဖို့ တားမြစ်နေတာကြောင့် ကျွန်တော်ထွက်လာတဲ့ အချိန်ကတည်းက COVID –19 စတင်ပြန့်ပွားနေတာဖြစ်လို့ ယခင်ကလို လမ်းတောက်လျှောက်မှာ လူထုနဲ့တွေ့ဆုံမှုတွေ မလုပ်ခဲ့တာပါ။ ကျွန်တော်တို့ ပုဂံညောင်ဦးကို ပြန်ရောက်ရင်တော့ ခရီးစဉ်အစီအစဉ်တွေနဲ့ပတ်သက်လို့ အတွေ့အကြုံတွေအပေါ်မှာ သတင်းစာရှင်းလင်းပွဲလုပ်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစက်ဘီးစီးအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ ကျိုက်တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရန် ထွက်ခွာသွားကြပြီး ထိုမှတစ်ဆင့် ညပိုင်းတွင် ဟိုင်းကြီးကျွန်း–ပုသိမ် ကမ်းရိုးတန်းအမြန်ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်များအတွင်း ယာဉ်တန်းများအား AA အဖွဲ့က မိုင်းထောင်ဖောက်ခွဲ နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၁၆**

AA အဖွဲ့က ရခိုင်ပြည်နယ်အတွင်းရှိ ဆက်သွယ်ရေးကားလမ်းကြောင်းတစ်လျှောက် ICRC ထောက်ပံ့ရေးယာဉ်တန်းအပါအဝင် တပ်မတော်ယာဉ်တန်းများအား မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ် ၁၃ ရက်က မင်းပြားမြို့နယ်မှ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုချိန်တွင် အေးချမ်းတည်ငြိမ်စေရန် အပြင်စည်း လုံခြုံရေးဆောင်ရွက်ပေးနေသည့် တပ်မတော်လှုပ်ရှားစစ်ကြောင်း ၂ ကြောင်းသည် ယာဉ်တန်းဖြင့်ချီတက်လာစဉ် မြောက်ဦးမြို့၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ ရန်ကုန်-စစ်တွေသွား ပြည်ထောင်စုကားလမ်းမပေါ်ရှိ ပေါင်းတုတ်ကျေးရွာအနီး နေရာများမှ AA အဖွဲ့က အဝေးထိန်းမိုင်း ၄ လုံး ဖောက်ခွဲခြင်း၊ တိမ်ညိုကျေးရွာနှင့် တောင်ဦးကျေးရွာအနီး နေရာများမှ အဝေးထိန်းမိုင်း ၅ လုံး ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ပြည်ထောင်စုကားလမ်းအပေါ် မော်တော်ယာဉ်များ မသွားနိုင်အောင် လက်လုပ်သုံးမြှောင့်သံချွန်များ လမ်းလုံးပြည့် ဖြန့်ခင်းထားသဖြင့် စစ်ကြောင်းများက ရှင်းလင်းခဲ့ရကြောင်း သိရသည်။

အလားတူ ကျောက်တော်မြို့နယ် မြောက်ဘက်အပြင်စည်းလုံခြုံရေးဆောင်ရွက်ရန် ချီတက်နေသည့် တပ်မတော်ယာဉ်တန်းကို ကျောက်တော်-ပလက်ဝသွား ကားလမ်းပေါ်ရှိ သာစည်ကျေးရွာ အနီး၌ AA အဖွဲ့က အဝေးထိန်းမိုင်း ၃ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက မလွှဲမရှောင်သာ ပြန်လည်ပစ်ခတ်ခဲ့ရပြီး ဖြစ်စဉ်များတွင် မိမိဘက်မှ အရာရှိ၊ စစ်သည်တချို့ ကျဆုံးဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် အောင်ဘာကျေးရွာအနီး ညောင်ချောင်း- စေတီပြင် သွားကားလမ်းပေါ်ရှိ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၅ ပေရှိ သံကူကွန်ကရစ်တံတားအား AA အဖွဲ့များက ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တံတားကြမ်းခင်း ၂ ပေ ပတ်လည်ခန့် ပေါက်ပြဲပျက်စီးခဲ့ပြီး တံတားအောက် ကွန်ကရစ်လောင်းရာမှ ကျန်ရှိသော သုံးထပ်သားပြားနှင့် တံတားကြားတွင် မိုင်းခွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနေရာမှ ဝိုင်ယာကြိုး အစအနများနှင့် ၁ ပေ ပတ်လည် သွပ်ပြားအပိုင်း ၂ ချပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါနယ်မြေတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

၁၇. ၃. ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၀၀ - ပြည်တွင်း နံနက် ၈ နာရီ သတင်း
- "နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ(COVID-19) ကာကွယ်ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း"
၈:၃၅ - စီးပွားရေးစကားဝိုင်း "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့် အညီဆောင်ရွက်ရေး ဆွေးနွေးပွဲ"
၉:၁၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ "ရေကြည်တစ်ပေါက်"
၉:၄၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "သမိုင်းထဲမှမက္ခရာ" (အပိုင်း- ၄)
၁၀:၃၀ - ဥပဒေရေးရာအဖြာဖြာ "ကိုယ်နှင့်မဆိုင်သော်လည်း"
၁၂:၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း- ၁၇)
၁၅:၄၀ - "မတ်လ လပတ်မိုးလေဝသအစီအစဉ်"

**ညပိုင်း**

၁၆:၃၅ - "ရာမညမြေမှအလှတရားများ" (အပိုင်း- ၂)
၁၇:၁၀ - ဒေသတစ်ခုထုတ်ကုန်တစ်မျိုး "သဘာဝနှင့်အလှဆင် မြန်မာ့ကျောက်စိမ်းဂုဏ်အင်" (စစ်ကိုင်းမြို့ကျောက်စိမ်းပုတီးလုပ်ငန်း)
၁၇:၄၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ "စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း" (SMVTI)
၁၈:၂၀ - ရှန်းကန်လှုပ်ရှားဘဝများ "ကိုတံငါရဲ့ဘဝလမ်း"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ
၁၉:၄၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုတေးများ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- "Media and Information Literacy မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှု စကားဝိုင်း" (အပိုင်း- ၁)
- တက္ကသိုလ်ရာပြည့်ဂုဏ်ပြုရုပ်ရှင်(ဆေးရောင်စုံရုပ်ရှင်) "အမြတ်နိုးဆုံးနှင်း"

## လမ်းမတော်၊ အလုံနှင့် မြောက်ဥက္ကလာပ မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက် ညနေပိုင်းတွင် လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက် ဗဟိုလမ်းတွင် ရပ်ထားသော နစ်ဆန်းနုတ်ယာဉ်နှင့်အတူ ယာဉ်မောင်း အောင်ကိုဦးထံမှ အိုက်စ် သုညဒသမ ၀၀၂၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ နှင့် ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် စကားစိမ်းလမ်း အိမ်အမှတ်(၂၂)၊ (၃)လွှာရှိ အောင်ကိုဦး၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြားနှင့် ဘိန်းဖြူ သုညဒသမ ၀၀၁ ကီလို တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၁၅ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် ဥက္ကာ (၃)လမ်း အိမ်အမှတ် - ၆၂/(၈) နေ ကျော်မြင့် (ခ) ကျော်လင်း၏ နေအိမ် အိပ်ခန်းအတွင်းမှ ဘိန်းဆီခဲ သုည ဒသမ ၀၆ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၄၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၊ အိုက်စ် သုည ဒသမ ၀၀၅ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အောင်ကိုဦး၊ ကျော်မြင့်(ခ)ကျော်လင်း တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

## ပျဉ်းမနားမြို့တွင် ပိုက်ဆံအိတ်နှင့် ဖုန်းလုယူထွက်ပြေးသူ သုံးဦးအား ဖမ်းဆီးရမိ

**ပျဉ်းမနား မတ် ၁၆**

နေပြည်တော် ပျဉ်းမနားမြို့တွင် မတ် ၁၅ ရက် ည ၁၀ နာရီခန့်က ရန်အောင် (၂) ရပ်ကွက်နေ မောင်ကိုကိုခန့်သည် ၎င်း၏ မိတ်ဆွေတစ်ဦးနှင့်အတူ ပျဉ်းမနားမြို့ ရှမ်းကန်၏ အနောက်ဘက်အုတ်ခုံတွင် ထိုင်နေစဉ် အမျိုးသားသုံးဦး ရောက်ရှိလာပြီး အရက်ဖိုးတောင်းသဖြင့် မောင်ကိုကိုခန့်က ထုတ်ပေးစဉ် ၎င်းတို့သုံးဦးအနက် တစ်ဦးက မောင်ကိုကိုခန့်၏ လည်ပင်းကိုညှစ်ကာ ငွေကျပ် ၂၅၀၀၀၀၊ မှတ်ပုံတင် တစ်ခု၊ ဆင်းကတ်ပါ ဟန်းဆက်တစ်လုံးတို့ကို လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပျဉ်းမနားမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ညတွင်းချင်း အခင်းဖြစ်ပွားရာ ရှမ်းကန်အနီးတစ်ဝိုက် သတင်းစုံစမ်းပြီး လိုက်လံဖမ်းဆီးစဉ် ရန်အောင်(၁) ရပ်ကွက် တော်ဝင်ကားမှတ်တိုင်အနီးတွင် တောင်ညိုရွာနေ အောင်ကိုကိုမြင့် (၃၉ နှစ်)၊ သပြေလှရပ်နေ မျိုးကြီး(ခ) ရဲလင်းထွန်း (၃၆ နှစ်) တို့နှစ်ဦးကို မောင်ကိုကိုခန့်ထံမှ လုယူခဲ့သော ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ကို ထပ်မံစစ်ဆေးရာ သပြေလှရပ်နေ ချစ်ဝိုင်းသူ (ခ) ဝိုင်းသူ (၂၄ နှစ်)နှင့်အတူ လုယူထွက်ပြေးခဲ့ကြောင်း ထွက်ဆိုသဖြင့် ချစ်ဝိုင်းသူ (ခ) ဝိုင်းသူကို လိုက်လံဖမ်းဆီးခဲ့ရာ သပြေလှရပ်ရှိ၎င်းနေထိုင်သောနေအိမ်မှ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရွှေဘိုမြို့၌ ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရွှေဘို မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မတ် ၁၅ ရက် ညပိုင်းက လူတစ်ဦးအား မသင်္ကာသဖြင့် စစ်ဆေးရာမှ ခိုးမှုဖော်ထုတ်နိုင်ခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ထံမှ သိရသည်။

မတ် ၁၅ ရက် ည ၆ နာရီခွဲခန့်က ရွှေဘို မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက် ဆိုင်ကယ်ပွဲစားတန်းတွင် ငှက်ပျောတိုင်းကျေးရွာ ကန့်ဘလူမြို့နယ်နေ ဖြိုးဝေဇော်(ခ) ရှိုင်းထက်ဝေ (ခ) ရာဇာ(၁၉ နှစ်) ကို အိုင်ဖုန်းတစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ နေအိမ်ဈေးဆိုင်တစ်ခုအတွင်းမှ ခိုးယူလာကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြိုးဝေဇော်(ခ) ရှိုင်းထက်ဝေ(ခ) ရာဇာ ကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ချောင်းဦးမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦးသေဆုံး

**ချောင်းဦး မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၆၅/၃) နှင့်(၆၅/၄)အကြားတွင် မတ် ၁၅ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်က မန္တလေးမှ မုံရွာဘက်သို့ ပုသိမ်ကြီးမြို့နယ်နေ ယာဉ်မောင်း ဦးမြင့်သန်း(ခ) နွယ်ဌေး မောင်းနှင်သည့် လိုက်ထရပ်ယာဉ်နှင့် မုံရွာမှ မန္တလေးဘက်သို့ ဟသ်ာတမြို့နယ်နေ ယာဉ်မောင်း ဦးဝင်းထွဋ် မောင်းနှင်လာသော ၁၈ ဘီးတွဲယာဉ်တို့ တိုက်မိရာ လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ဦးကျော်(၅၃ နှစ်) အခင်းဖြစ်နေရာတွင် သေဆုံးပြီး ဒေါ်ညိုစိန်(၄၅ နှစ်)မှာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအား ရွှေတောင်လူမှုကူညီရေးအသင်းနှင့် မြင့်မြတ်သုခလူမှုကူညီရေးအသင်းတို့က မော်တော်ယာဉ်များဖြင့် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးကာ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ချောင်းဦးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အိအိအောင်(ချောင်းဦး)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၉၈ စီး၊ သွင်းကုန် ၁၆၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈ ဒသမ ၉၆၀ သန်းအနက် တရားမဝင်လိုင်စင်မဲ့ယာဉ်ဖြစ်သော မစ်ဆူဘီရှီ ပါဂျဲရိုး ယာဉ်တစ်စီး၊ တိုယိုတာအဲလ်ဖတ်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှုခင်းအသိပညာပေးဟောပြော

ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်သူသည် မတ် ၁၄ ရက်က ဆယ်အိမ်တန်းအလယ်ရွာကမ်းခြေတွင် ကညင်ကုန်းကျေးရွာနေပြည်သူများ၊ ဆယ်အိမ်တန်းအလယ်ရွာကမ်းခြေမှ စားသောက်ဆိုင်ပိုင်ရှင်များအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ**



ဝမ်းတွင်းမြို့နယ် သဲတောနန်းအောင်မြေရပ်ကွက် သဲတော(၁)အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၄ ရက်က ဝမ်းတွင်း မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဝင်းဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဒေသခံများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောစဉ်။

ရဲပြန်ကြား

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အမေရိကန်နှင့် ဂျာမနီတို့ အပြိုင်အဆိုင်ကြိုးပမ်း



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**ဘာလင် မတ် ၁၆**

ဂျာမနီခာတ်ခွဲခန်း၌ တီထွင်ထုတ်လုပ်ရန် စမ်းသပ်ဆောင်ရွက်နေသည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးအား အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့က သူ့ထက်ငါ ဦးစွာအပြိုင်အဆိုင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း Die Welt သတင်းစာက မတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် လူပေါင်း ၅၅၀၀ ကျော်ကို သေဆုံးစေခဲ့ပြီဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည့် ဂျာမန်သိပ္ပံပညာရှင်များကို ရယူနိုင်ရေး သမ္မတထရမ့်က ကြိုးပမ်းနေကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စု အတွင်း၌ ကာကွယ်ဆေးထုတ်လုပ်မှုအတွက် သီးသန့်လိုင်စင်ရရှိရေး လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့သော ကာကွယ်ဆေးသည် အမေရိကန်ပြည်ထောင်စု အတွက်သာဖြစ်လာမည်ဟု ဂျာမနီအစိုးရနှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက Die Welt သတင်းစာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို တုံ့ပြန်ဆောင်ရွက်ရန် နိုင်ငံတကာ အိုလံပစ်ကော်မတီက နိုင်ငံတကာအားကစား အဖွဲ့အစည်းများနှင့် အရေးပေါ် ဆွေးနွေးမည်

**လော့ဆန်နီ မတ် ၁၆**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံတကာအိုလံပစ်ကော်မတီက နိုင်ငံတကာ အားကစားအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် အရေးပေါ်ဆွေးနွေးပွဲကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆွေးနွေးပွဲများကို မတ် ၁၇ ရက်တွင် အွန်လိုင်းပေါ်၌ ပြုလုပ်သွားမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွင် ကျင်းပမည့် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ နပန်းပြိုင်ပွဲ၊ ဘော့စ်ဘောပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အရည်အချင်းပြည့်မီသူ အမြောက်အမြားကို ပယ်ဖျက်၊ ရွှေ့ဆိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် အရေးပေါ်ဆွေးနွေးပွဲကျင်းပရန် အိုအိုင်စီအဖွဲ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။

အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းခြင်းကို အိုလံပီယာ၌ စတင်ကျင်းပခဲ့ပြီး နောက်တစ်ရက်အကြာတွင် ဂရိ၌မီးရှူးတိုင် လက်ဆင့်ကမ်းခြင်းကို မတ် ၁၄ ရက်တွင် ရပ်နားထားခဲ့သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမည့် အစီအစဉ်တွင် ပါဝင်ကြမည့် အဖွဲ့ဝင်များသည် ဖျက်သိမ်းထားသည့်ပွဲစဉ်များနှင့် ပတ်သက်၍ မည်သို့ဆက်လက်စီမံဆောင်ရွက်သွားကြမည်ကို ဆွေးနွေးဖွယ်ရှိကြောင်း ခန့်မှန်းရသည်။ **အင်န်အိတ်ချ်ကေ**

## ကြောက်လန့်တကြား ဈေးဝယ်ခြင်းများ မပြုကြရန် အမေရိကန်သမ္မတ ထရမ့်တိုက်တွန်း

**ဝါရှင်တန် မတ် ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန် ပြည်သူများဈေးဝယ်ရာတွင် ကြောက်လန့်တကြား သိမ်းကြုံးမဝယ်ကြရန်၊ တည်တည်ငြိမ်ငြိမ်ရှိကြရန် တိုက်တွန်းပြောဆိုခဲ့သည်။ ၎င်း၏အစိုးရအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်နိုင်ရေးအတွက် အပြည့်အဝ လုပ်ဆောင်နေကြကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က မတ် ၁၅ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

လက်လီအရောင်းဆိုင်များ၊ စူပါမားကက်များ စုစုပေါင်း ၃၀ ခန့်မှ အမှုဆောင်အရာရှိများကိုလည်း အစည်းအဝေးခေါ်ယူခဲ့ကြောင်း သမ္မတထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။ ကုန်ပစ္စည်းများ ထိန်းသိမ်းထားရန်လည်း ဆိုင်ရှင်များ လုပ်ဆောင်နေကြကြောင်း၊ အတူပူးပေါင်း၍ အကောင်းဆုံး လုပ်ဆောင်နေကြကြောင်း ထရမ့်က ပြောကြားခဲ့သည်။ အကယ်၍ ဝယ်သူများကသာ အများကြီးမဝယ်ယူလျှင် အားလုံးအဆင်ပြေသွားမည်ဖြစ်ကြောင်း၊ စိတ်အေးအေးထားကြရန်နှင့် ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး အာမခံကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သတင်းထောက်များ သတင်းစာရှင်းလင်းပွဲကျင်းပရာ အခန်းအတွင်း မဝင်ရောက်မီ အိမ်ဖြူတော်ဝန်ထမ်းများက အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကြသည်။ အပူချိန် ၃၇ဒသမ ၅ ဒီဂရီဆဲဆီးရပ်စ်ထက်မြင့်လျှင် သတင်းစာရှင်းလင်းပွဲသို့ ဝင်ရောက်ခွင့်မပေးခဲ့ပေ။ **အင်န်အိတ်ချ်ကေ**

## အစ္စရေးတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၀ အထိရှိလာ

**ဂျေရုဆလင် မတ် ၁၆**

မတ် ၁၅ရက်တွင် COVID-19 တွေ့ရှိသူ ၃၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကူးစက်ခံရသူ စုစုပေါင်း ၂၅၀ အထိ ရှိလာပြီးဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ လူနာပေါင်း ၂၀၂ ဦးကို အစ္စရေးနိုင်ငံတစ်လွှားဆေးရုံပေါင်း ၂၁ ရုံတွင် ကုသမှုပေးနေကြောင်း၊ လေးဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း၊ ၁၁ ဦးမှာ ကျန်းမာရေးအခြေအနေအသင့်အတင့်ရှိပြီး ၁၈၇ ဦးမှာ ဝေဒနာမပြင်းထန်ကြောင်း သိရသည်။ ကျန်ရှိသည့် ကူးစက်ခံရသူ ၄၈ ဦးတွင် ၄၄ ဦးကို နေအိမ်တွင်သာ သီးသန့်ထားပြီး ကျန်လေးဦးမှာ ပြန်လည်သက်သာလာပြီဟု သိရသည်။ **ဆင်ဟွာ**

## ဆော်ဒီရှိ အစိုးရရုံးဌာနများအားလုံးတွင် လုပ်ငန်းခွင်သွားရောက်မှုကို ရပ်နားထား

**ရီယာ့ဒ် မတ် ၁၆**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်သည့်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံရှိ အစိုးရရုံးဌာနများအားလုံးတို့တွင် အလုပ်ခွင်သို့ တက်ရောက်မှုကို ၁၆ ရက်ကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆော်ဒီအစိုးရက မတ် ၁၆ ရက်တွင် ကြေညာလိုက်သည်။

လုပ်ငန်းခွင် သွားရောက်မှုကို ရပ်ဆိုင်းမည့် ဆုံးဖြတ်ချက်၌ ကျန်းမာရေး၊ လုံခြုံရေးနှင့် စစ်ဘက်ဌာနများ၊ လျှပ်စစ်လုံခြုံရေးဌာနနှင့် ပညာရေးဌာနများ ပါဝင်ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက ထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။ အများပြည်သူသွားလာသည့် ဈေးများ၊ ဈေးဝယ်ကုန်တိုက်များကိုလည်း ပိတ်ထားမည်ဖြစ်ပြီး ဆေးဝါးရောင်းချသည့်ဆိုင်များနှင့် အစားအသောက်ဖြန့်ဖြူးသည့် လုပ်ငန်းများကိုမူ ဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။


ရီယာ့ဒ်မြို့တွင်း၌ သွားလာနေကြသည့် ပြည်သူအချို့ကို တွေ့ရစဉ်။

အမျိုးသား ဆံသဆိုင်များနှင့် အမျိုးသမီး အလှပြင်ဆိုင်များကိုပါ ပိတ်ထားရန် အစိုးရက အမိန့်ထုတ်ထားကြောင်း သိရသည်။ အစားအသောက်နှင့် အအေးဆိုင်များတွင်လည်း ဝယ်ယူပြီး ထွက်သွားရန် မေတ္တာရပ်ခံထားသည့် ဝန်ဆောင်မှုစနစ်ကိုသာ ခွင့်ပြုထားပြီး စားသုံးသူများသည် ဆိုင်ထဲတွင် ထိုင်ကာ စားသုံးခွင့်ကို တားမြစ်ထားကြောင်း အာဏာပိုင်များက ဖြည့်စွက် ပြောကြားခဲ့သည်။

ဆော်ဒီအစိုးရ၏ အဆိုပါ ဆုံးဖြတ်ချက်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းသည့် လုပ်ဆောင်ချက် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ အရေအတွက်မှာ မတ် ၁၅ ရက်က ၁၅ ဦးထပ်မံတိုးလာခဲ့ပြီး ၁၁၈ ဦး အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးဖော်ပြခဲ့သည့် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဂျပန်နိုင်ငံတွင် နိုင်ငံခြားခရီးသွားများထံမှ ဝင်ငွေ ဒေါ်လာ ကိုးဘီလီယံဆုံးရှုံးမည်

**တိုကျို မတ် ၁၆**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဂျပန်နိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားခရီးသွားများ၏ အသုံးငွေ အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ( ယန်းငွေ ၉၈၁ ဒသမ ၃ ဘီလီယံ) ဆုံးရှုံးမည်ဟု ပုဂ္ဂလိက သုတေသနကုမ္ပဏီတစ်ခုက ခန့်မှန်းအစီရင်ခံ တင်ပြထားသည်။

ရီဆွန်နာသုတေသနကုမ္ပဏီသည် အစောပိုင်းက ယန်းငွေ ၆၂၄ ဒသမ ၄ ဘီလီယံခန့် ဆုံးရှုံးမှုရှိမည်ဟု ဖော်ပြထားရာ ယခုအခါ ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၂၀ သို့ လျင်လျင်မြန်မြန် ပျံ့နှံ့ခဲ့သည်။

ထို့ကြောင့် ဂျပန်အစိုးရသည် နယ်စပ်ထိန်းချုပ်ရေးများကို တင်းတင်းကျပ်ကျပ် လုပ်ဆောင်လာခဲ့သည်။ ဖေဖော်ဝါရီလမှ ဇွန်လအထိ အရောင်းဌာနများ၊ ဆေးအရောင်းဆိုင်များ၊ တရုတ်ခရီးသွားများ လည်ပတ်ရာ အခွန်လွတ်ဆိုင်များမှ ယန်း ၃၉၇ ဒသမ ၆ ဘီလီယံ လျော့ကျသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

စားသောက်ဆိုင်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်လည်း ယန်း ၁၉၇ ဒသမ ၇ ဘီလီယံ ဆုံးရှုံးနစ်နာမှုများ ရှိမည်ဟု မတ် ၁၁ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ရေးသားထားသည်။

ဂျပန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများ ဂျပန်နိုင်ငံသို့ လာရောက်ခွင့် ပိတ်ပင်ထားရာ အာရှအိမ်နီးချင်းနိုင်ငံများအပေါ် မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်မှုရှိလာသည်။ အားကစားပြိုင်ပွဲကြီးများနှင့်၊ ယဉ်ကျေးမှု ပွဲတော်များကို ဖျက်သိမ်းရန် သို့မဟုတ် ရက်ရွှေ့ပြောင်းရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော်လည်း ပြင်သစ်နိုင်ငံတွင် ဒေသတွင်းရွေးကောက်ပွဲ စတင်

**ပါရီ မတ် ၁၆**

မတ် ၁၅ ရက်တွင် ပြင်သစ်နိုင်ငံတစ်လွှား မဲရုံများ ဖွင့်လှစ်ထားပြီး မြူနီစပယ်ရွေးကောက်ပွဲ ပထမအကျော့မဲပေးခြင်းများ စတင်ခဲ့ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ကာကွယ်ရန် နောက်ထပ်လုပ်ဆောင်မှုများ ချမှတ်ပြီးနောက် မြူနီစပယ်ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးကျွမ်းကျင်သူများနှင့် အစိုးရ၏ညွှန်ကြားမှုများအောက်မှ ကျန်းမာရေးဆိုင်ရာလိုက်နာရမည့်အချက်များကို မဲရုံတိုင်းတွင် လိုက်နာရန်ဆောင်ရွက်ထားသည်။

မဲရုံများ၊ စားပွဲများ၊ တံခါး လက်ကိုင်များကို ပုံမှန်သန့်ရှင်းရေးလုပ်ဆောင်မှုအပါအဝင် အခြားသောကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များအတိုင်း မဲရုံများတွင် သန့်ရှင်းရေးများ လုပ်ဆောင်ထားသည်ဟု ပြင်သစ်မီဒီယာတွင် ဖော်ပြထားသည်။ အချို့သော မဲရုံများတွင် မဲဆန္ဒရှင်များ ကိုယ်ပိုင်ဘောပင်ယူဆောင်လာရန်နှင့် အသုံးပြုပြီးသား ဘောပင်များကို လွှင့်ပစ်ရန် တိုက်တွန်းထားသည်။ မဲဆန္ဒရှင်ပေါင်း ၄၇ ဒသမ ၇ သန်း မဲရုံများသို့ လာရောက်ခဲ့သည်ဟု ခန့်မှန်းထားသည်။

ပြင်သစ်နိုင်ငံတွင် မြူနီစပယ်ရွေးကောက်ပွဲကျင်းပရန် သင့်မသင့် အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်။ ပြင်သစ်ဝန်ကြီးချုပ် ဖိလစ်ပီကလည်း ပြင်သစ်ပြည်သူများအားလုံး တည်တည်ငြိမ်ငြိမ်နှင့် နိုင်ငံသားကောင်းပီသမှုကို ပြသရန်တိုက်တွန်းထားသည်။ ပြင်သစ်နိုင်ငံတွင် နေ့ကလေးထိန်းကျောင်းများနှင့် ကျောင်းများအားလုံး ပိတ်ထားပြီး လူတစ်ရာထက်ပိုပြီး စုဝေးခြင်းမပြုရန် အမိန့်ထုတ်ထားသည်။ မတ် ၂၂ ရက်တွင် ဒုတိယအကျော့ မြူနီစပယ်ရွေးကောက်ပွဲ ကျင်းပရန် ရက်သတ်မှတ်ထားသော်လည်း ယခုအချိန်အထိ ဆုံးဖြတ်ချက်မချရသေးပေ။ **ဆင်ဟွာ**

# တိုကျိုအိုလံပစ်အားကစားပွဲတော် ကျင်းပရေးနဲ့ပတ်သက်ပြီး သံသယတွေမြင့်မားလာတဲ့ ဂျပန်နိုင်ငံ

ထွန်းသစ်စ

လတ်တလောမှာ တိုကျိုအိုလံပစ်အားကစားပွဲတွေနဲ့ ပတ်သက်ပြီး ဂျပန်နိုင်ငံမှာ သံသယတွေ မြင့်မားလာပါတယ်။ အဲဒါကတော့ ဘာလဲဆိုရင် တိုကျိုအိုလံပစ်အားကစားပွဲတွေကို သတ်မှတ်ထားတဲ့အတိုင်း ကျင်းပမလား၊ ဒါမှမဟုတ် ရွှေ့ဆိုင်းမလား၊ ဖျက်သိမ်းမလား။ ဘယ်လိုမျိုး လုပ်ဆောင်သွားမလဲဆိုတဲ့အပေါ် ဝိရောဓိတွေ ဖြစ်နေပါတယ်။ ကိုဗစ်-၁၉ လို့ အမည်ပေးထားတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာလည်း ကမ္ဘာ့ကပ်ရောဂါအသွင် ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်။



တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ၏ လိုဂိုကို တွေ့ရစဉ်။

**စိုးရိမ်ပူပန်လျက်ရှိ**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ နိုင်ငံတကာ အိုလံပစ်ကော်မတီအကြီးအကဲ သောမက်စ်ဘာ့ဂ်ျကတော့ အိုလံပစ်ပွဲတွေကို စီစဉ်ထားတဲ့အတိုင်း ကျင်းပမှာဖြစ်ကြောင်း မကြာခဏထပ်တလဲလဲပြောဆိုနေကြပြီး အိုလံပစ်မီးရှူးတိုင်ကို သတ်မှတ်ထားတဲ့အတိုင်း ဇူလိုင် ၂၄ ရက်မှာ မီးထွန်းညှိဖို့ကိုလည်း စိတ်အားထက်သန်လျက် ရှိပါတယ်။

သို့သော်လည်း ပရီးမီးယားလိဂ်မှသည် ကမ္ဘာကျော် အင်န်ဘီအေ ဘတ်စကတ်ဘောအားကစားပွဲများအထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျက်သိမ်းခဲ့ရတဲ့ အခြေအနေများရှိနေတော့ အခုအိုလံပစ်အားကစားပွဲကိုလည်း ကျင်းပရကောင်းမလား၊ နောက်ဆုတ်ရကောင်းမလားဆိုတဲ့အပေါ် သံသယတွေဖြစ်ပေါ်နေတာတော့ မဆန်းပါဘူး။ ထို့အတူ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကတော့ အိုလံပစ်အားကစားပွဲတော်တွေကို မကျင်းပဖို့ အကြံပြုထားပါတယ်။

ဂျပန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၈၁၄ ဦးရှိပြီး ၂၄ ဦးကတော့ အဲဒီရောဂါကြောင့် သေဆုံးခဲ့ပါတယ်။ သို့သော်လည်း တိုကျိုမြို့နေပြည်သူတချို့ကတော့ နိုင်ငံရပ်ခြားကနေလာရောက်မယ့် ကိုရိုနာဗိုင်းရပ်စ်ပါလာနိုင်တဲ့ နိုင်ငံခြားသားတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်လျက်ရှိပါတယ်။

**ဆန့်ကျင်**

အင်တာနက် ကုမ္ပဏီမှာအလုပ်လုပ်နေတဲ့ အသက် ၂၇ နှစ်အရွယ် ကိုကီမီရာကတော့ ဂျပန်နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကို ကျော်လွှားနိုင်တယ်ဆိုရင်တောင်မှ ကမ္ဘာ့နိုင်ငံများမှလာရောက်မယ့် နိုင်ငံခြားသားတွေကို လက်သင့်မခံသင့်ဘူးလို့ ပြောကြားလိုက်ပါတယ်။ "ကျွန်တော့်အထင်ကတော့ အိုလံပစ်အားကစားပွဲတော်ကြီးကို မကျင်းပရင်ကောင်းမယ်ထင်တယ်" လို့ သူက ဆက်ပြောပါတယ်။

ပြည်သူတွေရဲ့အသက်ကို မစတေးနိုင်ဘူးလို့ မီရာက ထပ်မံပြောကြားလိုက်ပါတယ်။ ဒါမှမဟုတ်လည်း အိုလံပစ်အားကစားပွဲတွေကို ရွှေ့ဆိုင်းသင့်တယ်လို့ သူ့အမြင်ကို ပြောပါတယ်။ အိုလံပစ်အားကစားပွဲတော်ကျင်းပရေးနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ အမြင်ကတော့ လက်ရှိအစိုးရသဘောထားနဲ့ ဆန့်ကျင်လျက်ရှိပါတယ်။ အင်န်အိတ်ချ်ကေရဲ့ ပြည်သူ့သဘောထားအမြင်စစ်တမ်းတွေအရ ပြည်သူ ၄၀ ရာခိုင်နှုန်း၌ အိုလံပစ်အားကစားပြိုင်ပွဲကိုကျင်းပဖို့ အခွင့်အရေးပေးခဲ့သော်လည်း ပြည်သူ ၄၅ ရာခိုင်နှုန်းကတော့ အိုလံပစ်အားကစားပြိုင်ပွဲကို စီစဉ်ထားတာထက်စောကျင်းပဖို့ကို ဆန့်ကျင်ခဲ့ပါတယ်။

**ဆောင်ရွက်သွားမယ်**

တိုကျိုမြို့တော်ဝန် ယူရီကိုကိုကဲက အိုလံပစ်အားကစားပြိုင်ပွဲကို ဖျက်သိမ်းဖို့ဆိုတာ မစဉ်းစားဝံ့တဲ့ကိစ္စဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတကာအိုလံပစ်ကော်မတီပေါ်တွင်သာ မူတည်နေပါတယ်လို့ ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးပေါ်ဆွေးနွေးပွဲတစ်ခုကို နိုင်ငံတကာ အားကစားအဖွဲ့ချုပ်နဲ့ မတ် ၁၇ ရက်မှာ ဆွေးနွေးဖို့ရှိတယ်လို့ နိုင်ငံတကာအိုလံပစ်ကော်မတီရဲ့ ထုတ်ပြန်ကြေညာချက်အရ သိရပါတယ်။

နိုင်ငံတကာ အိုလံပစ်ကော်မတီအကြီးအကဲ သောမက်စ်ဘာ့ဂ်ျက နိုင်ငံတကာ အိုလံပစ်ကော်မတီအနေနဲ့ အိုလံပစ်အားကစားပွဲတွေကို ရွှေ့ဆိုင်းရမလား၊ မရွှေ့ဆိုင်းရဘူးလားဆိုတာနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထောက်ခံချက်တွေအတိုင်း လိုက်နာသွားမှာဖြစ်တယ်လို့ ပြောပါတယ်။ အရည်အချင်းမီတဲ့ အားကစားပွဲတွေကို ဖျက်သိမ်းဖို့ပြုရေး၊ မပြုရေးဟာ အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်တယ်လို့ ပြောပါတယ်။

မတ်လအစောပိုင်းမှာ နိုင်ငံတကာအိုလံပစ်ကော်မတီအနေနဲ့ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကျင်းပဖို့နဲ့ အားကစားသမားတွေ ဆက်လက်ပြင်ဆင်ရေး၊ မပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး အဆင်သင့်ဖြစ်၊ မဖြစ်အပေါ် ကြည့်ရှုဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြောပါတယ်။

**ကူးစက်ပျံ့နှံ့**

"အိုလံပစ်အားကစားပြိုင်ပွဲကို တစ်နှစ်ရွှေ့ဆိုင်းလိုက်တာ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်တယ်"ဟု အသက် ၈၀ အရွယ်ရှိ ပင်စင်စားတစ်ဦးဖြစ်သူ မာဆွတ်ဆူဂါဝါရာက ပြောကြားလိုက်ပါတယ်။ ဒါက ဖြစ်လာမယ်ဆိုရင် တကယ့်ကိုခက်ခဲမှုတွေ ဖြစ်ပေါ်စေနိုင်တယ်လို့ သူကဆက်ပြောပါတယ်။

အိုလံပစ်အားကစားပြိုင်ပွဲတွေအပေါ် စိတ်ပူတဲ့ အသက် ၄၅ နှစ်အရွယ် ဂျပန်-ဂျာမန်ကပြားတစ်ဦးကတော့ ကျွန်တော်တို့အနေနဲ့ တကယ့်ကို ဂရုစိုက်ဖို့လိုတယ်လို့ ပြောကြားလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ဇွန်၊ ဇူလိုင်လလောက်အထိ မထိန်းချုပ်နိုင်ဘူးဆိုရင် ဒီအိုလံပစ် အားကစားပြိုင်ပွဲကို ရွှေ့ဆိုင်းသင့်တယ်လို့လည်း နိုင်ငံသားတစ်ဦးဖြစ်တဲ့ အော့တိုက ပြောပါတယ်။ ဒါပေမယ့်လည်း အခုလို စိုးရိမ်ပူပန်မှုမျိုး တစ်ခါမှမခံစားရဘူးလို့ အသက် ၈၀ အရွယ် ဆူဂါဝါရာက ပြောပါတယ်။

အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်း အတည်ပြုလူနာပေါင်း ၁၅၃၅၁၇ ဦးအထိရောက်ရှိလာပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၅၇၃၅ ဦး သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ကိုရိုနာဗိုင်းရပ်စ်ဟာ အခုဆိုရင် နိုင်ငံပေါင်း ၁၄၄ နိုင်ငံအထိ ကူးစက်ပျံ့နှံ့လို့ လာခဲ့ပါပြီ။

**စိတ်ဝင်စားစရာကောင်းလာ**

လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာနှောင်းပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်း ကုန်းတွင်းပိုင်းမြို့ဖြစ်တဲ့ ဝူဟန်မြို့ကနေ စတင်ဖြစ်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်ကြောင့် ယနေ့အချိန်မှာတော့ ကူးစက်ခံရသူအရေအတွက်ဟာ သိန်းဂဏန်းတောင်ကျော်ခဲ့ပါပြီ။ အခုအခါမှာတော့ ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာလိုက်ရပါပြီ။

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်ရဲ့ စက်မှုမြို့တော်ဖြစ်တဲ့ ဝူဟန်မြို့မှာရှိတဲ့ ကျန်းမာရေးအာဏာပိုင်တွေဟာ လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာ ၈ ရက်နေ့မှာ ဖျားနာမှုပုံစံသစ်တစ်မျိုးကို ပထမဆုံးတွေ့ရှိခဲ့ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ဝူဟန်မြို့မှာ အဆုတ်ရောင်ရောဂါတစ်မျိုး ဖြစ်ပွားနေတယ်ဆိုပြီး အသိပေးခဲ့ပါတယ်။ ကူးစက်ပြန့်ပွားမှုတွေဟာ ဝူဟန်ဈေးက စတင်ဖြစ်ပွားခဲ့တယ်လို့ ခြေရာကောက်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ဝူဟန်ဈေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှာ ပိတ်လိုက်ပါတယ်။ ကူးစက်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။ အဲဒီကူးစက်မှုတွေကိုသေချာလေ့လာပြီးနောက်တရုတ်ကျန်းမာရေးအာဏာပိုင်တွေက ဇန်နဝါရီ ၇ ရက်နေ့မှာတော့ ကိုရိုနာဗိုင်းရပ်စ်မိသားစုမှပေါက်ဖွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်သစ်တစ်မျိုးအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ သူ့ကို ၂၀၁၉ နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ်လို့ အမည်ပေးခဲ့ကြပါတယ်။ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့မှုကြောင့် ဂျပန်အိုလံပစ်အားကစားပွဲတော်ကြီး ဘယ်လိုဖြစ်လာ မလဲဆိုတာ စိတ်ဝင်စားစရာကောင်းလာပါပြီ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"သို့သော်လည်း ပရီးမီးယားလိဂ်မှသည် ကမ္ဘာကျော် အင်န်ဘီအေ ဘတ်စကတ်ဘောအားကစားပွဲများအထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျက်သိမ်းခဲ့ရတဲ့အခြေအနေများရှိနေတော့ အခု အိုလံပစ်အားကစားပွဲကိုလည်း ကျင်းပရ ကောင်းမလား၊ နောက်ဆုတ်ရ ကောင်းမလားဆိုတဲ့အပေါ် သံသယတွေ ဖြစ်ပေါ်နေတာတော့ မဆန်းပါဘူး။ ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ အိုလံပစ်အားကစားပွဲတော်တွေကို မကျင်းပဖို့ အကြံပြုထားပါတယ်"**

## နိုင်ငံတကာသတင်းတိုထွာ

### ကိုရိုနာဗိုင်းရပ်စ်ကြောင့် သီရိလင်္ကာစီးပွားရေး ထိခိုက်

**နယူးဒေလီ မတ် ၁၆**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးအပေါ် ပြင်းပြင်းထန်ထန်ရိုက်ခတ်မှု ရှိခဲ့ကြောင်း သီရိလင်္ကာသမ္မတ ဂိုတာဘာရာ ရာဂျာပတ်ဆာက မတ် ၁၅ ရက်က ပြောကြားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အကျပ်အတည်းကို လျော့ကျစေရန် အထောက်အကူဖြစ်စေမည့် ယန္တရားတစ်ခုကိုဖော်ဆောင်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တောင်အာရှနိုင်ငံများအသင်းမှ အဖွဲ့ဝင်နိုင်ငံများအား ညွှန်ကြားထားကြောင်း သိရသည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေး အထူးသဖြင့် ခရီးသွားကဏ္ဍကို ပြင်းပြင်းထန်ထန် ရိုက်ခတ်ခဲ့ကြောင်း သမ္မတက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားအများစုမှာ အီတလီနှင့် ဥရောပနိုင်ငံများမှ ခရီးသွားများဖြစ်ကြပြီး ၎င်းတို့၏ ခရီးသွားလာမှုကို ပိတ်ထားသည့်အတွက် ခရီးသွားလုပ်ငန်းအထိနာခဲ့ကာ နိုင်ငံခြားသို့ တင်ပို့မှုမှာလည်း ထိခိုက်ခဲ့ကြောင်း သိရသည်။

**အေအန်နိုင်အိုင်**

### အမေရိကန်နှင့်အခြားနိုင်ငံများတွင် Nike အားကစားပစ္စည်းဆိုင်များ ပိတ်ထားမည်

**နယူးယောက် မတ် ၁၆**

အားကစားပစ္စည်းများရောင်းချသည့်Nike ကုမ္ပဏီသည် အမေရိကန်၊ ကနေဒါ၊ ဥရောပအနောက်ပိုင်း၊ သြစတြေးလျနှင့် နယူးဇီလန်တို့ရှိ ဆိုင်များကို မတ် ၁၅ ရက် မှစတင်ကာ ၁၁ ရက်ကြာ ပိတ်ထားကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုပြန်လည်တုံ့ပြန်သည့်အနေဖြင့် ယခုလိုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မတ် ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။


သို့သော် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံရှိဆိုင်များကိုမူ ဆက်လက်ဖွင့်လှစ်ထားမည်ဟု သိရသည်။ မတ် ၁၄ ရက်တွင် အမေရိကန်အခြေစိုက်အလုပ်သမားများကို ဖြစ်နိုင်ပါက နေအိမ်မှသာ အလုပ်လုပ်ကြရန် ကုမ္ပဏီကတိုက်တွန်းထားကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် Nike ကုမ္ပဏီမှ ဝန်ထမ်းပေါင်း ၂၅၀၀၀ ရှိပြီး ကမ္ဘာအနှံ့ ဝန်ထမ်းပေါင်း ၇၀၀၀၀ ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အကျပ်အတည်းကို ကျော်လွှားခြင်း

## ကောင်းမွန်

**In crisis mode ဆောင်းပါးပါ အကျပ်အတည်းအနေအထားအား ရင်ဆိုင်ကျော်လွှားနိုင်မည့် အကြံပြုချက်များကို စာဖတ်သူများလည်း မျှဝေဖတ်ရှုနိုင်ရေးအတွက် ဘာသာပြန်ဆိုတင်ဆက်လိုက်ပါသည်။**




ဤဆောင်းပါးကို မူလရေးသားသူသည် အသိအမှတ်ပြု လက်မှတ်ရ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အားလျော်စွာ အလုပ်လက်မဲ့ဖြစ်နေသူများ(သို့မဟုတ်) အလုပ်လက်မဲ့ ဖြစ်တော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရသူများက မကြာခဏ ဆက်သွယ်မေးမြန်းမှုများကို ဖြေရှင်းခဲ့ရပါသည်။

မေးမြန်းလာသူများအနက် ၎င်းတို့၏ အလုပ်အကိုင်ကို အမှန်တကယ် နှစ်သက်ခြင်းမရှိလှဘဲ သက်မွေးဝမ်းကျောင်းမှု အလုပ်တစ်ခုအဖြစ်သာ သတ်မှတ်ထားသူများလည်း ပါဝင်ပါသည်။

မကြာမီ အလုပ်လက်မဲ့ဖြစ်မည့် အခြေအနေနှင့် ကြုံတွေ့နေသူများက ရှေ့ဆက်၍ မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဝေခွဲမရဖြစ်နေတတ်ကြပါသည်။ အချို့က အခြေအနေကို အသိအမှတ်ပြုလက်ခံလိုခြင်း မရှိကြသလို အမျက်ဒေါသထွက်သူများ၊ စိတ်အားငယ်သူများလည်း ရှိတတ်ကြပါသည်။ အချို့မှာ လုပ်ငန်းအသိုက်အဝန်းနှင့် ပတ်ဝန်းကျင်၏ အသိအမှတ်ပြုခံရမှု ဆုံးရှုံးသွားသကဲ့သို့ခံစားကြပြီး အချို့မှာလည်း တန်ဖိုးမဲ့သွားသကဲ့သို့ ခံစားတတ်ကြပါသည်။

ယင်းသို့ဖြစ်ပါက အဆိုပါ အခြေအနေမျိုးမှ ကျော်လွှားနိုင်ရေးအတွက် အောက်ပါအချက်အချို့ကို အကြံပြုဖော်ပြလိုပါသည်-

### (၁) အကျပ်အတည်းအား အသိအမှတ်ပြုခြင်း

လက်ရှိလုပ်ကိုင်နေသည့် အလုပ်အား လက်လွှတ်ဆုံးရှုံးရမည့်ကိစ္စမှာ နှစ်သက်မြတ်နိုးသူတစ်ဦးကို ဆုံးရှုံးရသည့်အလား စိတ်ပိုင်းဆိုင်ရာ ရှုပ်ထွေးမှု၊ မတည်ငြိမ်မှုတို့ကို ဖြစ်စေနိုင်ပါသည်။ ဆုံးရှုံးမှုနှင့်ပတ်သက်၍ အဆင့်အမျိုးမျိုးကို ဖြတ်သန်းကောင်း ဖြတ်သန်းရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအဆင့်မှာ ယင်းအခြေအနေကို အသိအမှတ်မပြုလိုခြင်း၊ ထို့နောက်တွင် အမျက်ဒေါသထွက်ခြင်း၊ စိတ်အားငယ်ခြင်းတို့ဖြစ်လာပြီး နောက်ဆုံးအဆင့်မှာတော့ အခြေအနေမှန်ကို လက်ခံလာရခြင်းတို့ဖြစ်သည်။

မူလဆောင်းပါးရှင် အကြံပေးပုဂ္ဂိုလ်အနေဖြင့် အလုပ်လက်မဲ့ အသက်(၄၅)နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ကြုံတွေ့ခဲ့ရာတွင် အဆိုပါအမျိုးသားသည် ဝင်ငွေကောင်းမွန်သည့်အလုပ်၌ ၁၅ နှစ်ကြာလုပ်ကိုင်ခဲ့ပြီးနောက် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်ဆိုသည့်အချက်ကို ကနဦး၌ အသိအမှတ်ပြုလိုခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

၎င်းက ယင်းအခြေအနေမှာ "တဒင်္ဂအနေအထား" သာဖြစ်ပြီး ယင်းအခြေအနေမှ မကြာမီကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အမှန်စင်စစ် ယခုလိုအခြေအနေမှာ အထက်အကြီးအကဲ၏မပြည့်ဝမှုကြောင့်သာဖြစ်ကြောင်းဝေဖန် ခဲ့ပြီး အဆိုပါအကြီးအကဲအနေဖြင့် မကြာမီမှာပင် ၎င်းအား ကုမ္ပဏီသို့ပြန်လည်လာရောက် လုပ်ကိုင်ရေးအတွက် တောင်းပန်လိမ့်မည်ဟု ယုံကြည်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ၎င်းက "လက်ရှိအချိန်တွင် အားလပ်ရက်ရှည်ကို ခံစား၍ စိုးရိမ်ပူပန်ရန် လိုမည်ဆိုက နောင်တစ်ချိန်မှသာ ပူပန်တော့မည်"ဟု ပြောကြားခဲ့ပါသည်။

အချိန် နှစ်လခန့်ကြာပြီးနောက် ၎င်းအား အကြီးအကဲဖြစ်သူက ဆက်သွယ်လာရန် အခြေအနေမရှိတော့ကြောင်း သဘောပေါက်စပြုလာချိန်တွင် ၎င်းအနေဖြင့် ပြင်းပြင်းထန်ထန်ခံစားခဲ့ရပါသည်။ ၎င်းအနေဖြင့် အကြီးအကဲကို ပြစ်တင်ရှုတ်ချပြီး ကြုံတွေ့ရသူတိုင်းကို ၎င်းအနေဖြင့် လုပ်ငန်းခွင်အတွင်း ကျင့်ဝတ်နှင့် မညီညွတ်သည့် အလေ့အထများကြောင့် အလုပ်မှနုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းအနေဖြင့် **ဆောင်းပါးရှင်** အကြံပေးပုဂ္ဂိုလ်ထံ ပထမဦးဆုံးအကြိမ် လာရောက်တွေ့ဆုံတိုင်ပင်ချိန်တွင် အလွန်အမင်း စိတ်ခတ်ကျဆင်းလျက်ရှိပြီး ကုမ္ပဏီရှိ ဝန်ထမ်းများအနက်တွင် ၎င်းတစ်ဦးသာ မည်သည့်အကြောင်းကြောင့် အလုပ်မှထုတ်ပယ်ခံရသည်ကို ကောင်းစွာသဘောပေါက်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအနေဖြင့် နေရာတကာတွင် ပွင့်လင်းလွန်းခြင်းကြောင့်လား၊ လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် လိုက်လျောညီထွေမရှိခြင်းကြောင့်လား၊ ၎င်း၏လုပ်ဆောင်ချက်တစ်ခုခု၌ အားနည်းချက်ကြောင့်လားဆိုသည်ကို ဝေခွဲမရဖြစ်လျက်ရှိပါသည်။

ဆောင်းပါးရှင်က ၎င်းအား အကြံပြုသည်မှာ ရှေ့သို့ဆက်လှမ်းနိုင်ရေးအတွက် ပထမဦးဆုံးခြေလှမ်းအဖြစ် ၎င်းအနေဖြင့် သက်မွေးဝမ်းကျောင်းပိုင်းဆိုင်ရာ အကျပ်အတည်းနှင့် အမှန်တကယ်ရင်ဆိုင်နေရသည်ကို သဘောပေါက် လက်ခံရေးပင်ဖြစ်သည်။ ၎င်းသည် အသက်(၄၅) နှစ်အရွယ်ရှိပြီး အလုပ်အကိုင်တစ်ခု လက်ဝယ်ရှိရန် လိုအပ်နေပါသည်။ အလုပ်ရှင်များက လုပ်ငန်း၌ လစ်လပ်နေသည့်နေရာများတွင် ပိုမိုငယ်ရွယ်သူများကိုသာ ဦးစားပေးခန့်ထားလိုသည်ကိုလည်း ကောင်းစွာသဘောပေါက်လာသည်။

၎င်းအနေဖြင့် လုပ်ငန်းပိုင်း၊ သက်မွေးဝမ်းကျောင်းပိုင်းဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း သဘောပေါက် လက်ခံလိုသည်နှင့် မည်သို့တုံ့ပြန်သွားရမည်ကို ရွေးချယ်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

### (၂) ဖြစ်နိုင်ခြေ အလားအလာများကို ရှာဖွေခြင်း

အကျပ်အတည်းကို တရုတ်ဝေါဟာရဖြင့် ဖော်ပြသည့်အခါ စာလုံးနှစ်လုံးပါဝင်ပြီး တစ်ခုမှာ "အန္တရာယ်"ဖြစ်၍ ကျန်စာလုံးတစ်ခုမှာ "အခွင့်အလမ်း"ဆိုသည့် အဓိပ္ပာယ်ရရှိကြောင်း ဖတ်ရှုမှတ်သားဖူးသည်။ အကျပ်အတည်းတစ်ရပ်နှင့် ကြုံတွေ့ရမှုက ကျွန်ုပ်တို့အား အန္တရာယ်နှင့်သာမက ဘဝတွင် ပိုမိုကြီးမားကောင်းမွန်သည့်အရာများသို့ ဦးဆောင်သွားမည့် အခွင့်အလမ်းများလည်း ရှိနေတတ်သည်ကို သတိပေးလိုက်ခြင်းပင် ဖြစ်သည်။ ထွက်ပေါ်လာမည့်ရလဒ်မှာ မိမိတို့၏ ရွေးချယ်မှုနှင့် ဆုံးဖြတ်ဆောင်ရွက်ချက်တို့အပေါ် မူတည်သည်။ သို့ဖြစ်၍ မထင်မှတ်ဘဲ ဖြစ်ပေါ်လာသည့် သက်မွေးဝမ်းကျောင်းပိုင်းဆိုင်ရာ အကျပ်အတည်းက မိမိတို့ကို ဘဝ၌ အမှန်တကယ် လိုလားတောင့်တသည့်အရာများအား ရှင်းလင်းစွာ ရှုမြင်နိုင်ရန်ပေးအပ်လာသည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်နိုင်ပါသည်။ ယင်းသို့ဖြစ်ပါက ဘဝ၌ အမှန်တကယ် ခံစားရရှိသင့် သည့် အရာများအတွက် ရှေ့သို့ဆက်လှမ်း ရန် ဆုံးဖြတ်ဆောင်ရွက်သွားသင့်ပါသည်။

### (၃) သင်တို့၏ရည်မှန်းချက်နှင့် လိုလားတောင့်တမှုများကို ပြန်လည်ဖော်ထုတ်သတ်မှတ်ရေး

မိမိတို့၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်ချက်များမှ ခေတ္တခဏ အချိန်ယူရပ်တန့်၍ ဘဝတွင် အမှန်တကယ် လိုလားတောင့်တမှုများ၊ ရည်မှန်းချက်များအပေါ် ပြန်လည်သုံးသပ်မိသူအရေအတွက် မည်မျှများစွာရှိသည်ကို တိကျစွာသိရှိရန် ခက်ခဲမည်ဖြစ်သည်။ ယင်းကဲ့သို့ ပြန်လည်သုံးသပ်မိသူများရှိသည့်တိုင် အရေအတွက်မှာလည်း များစွာမရှိနိုင်ဟု ယုံကြည်မိသည်။

လူတို့သည် ငယ်ရွယ်စဉ် မူလတန်းမှစ၍ တက္ကသိုလ်သို့ တက်ရောက်သည့် အချိန်အထိလည်းကောင်း၊ အလုပ်အကိုင် ရှာဖွေလုပ်ကိုင်သည့်အချိန်တွင်လည်းကောင်း၊ ဘဝ၌ မည်သည့်အရာအား အမှန်တကယ် လိုလားသည်ကို ကောင်းစွာသဘောပေါက်ကြခြင်းမရှိဘဲ အခက်အခဲအနည်းဆုံး၊ တစ်နည်းအားဖြင့် မိမိတို့အတွက် အဆင်အပြေဆုံး၊ သက်သောင့်သက်သာ အရှိဆုံး လမ်းကြောင်းပေါ်၌သာ လျှောက်လှမ်းလိုတတ်ကြပါသည်။ သို့ဖြစ်၍ မိမိတို့ လိုလားတောင့်တသည့် ရည်မှန်းချက်အတွက် ပြောင်းလဲကြိုးပမ်းရန် ဆန္ဒဖြစ်ပေါ်လာချိန်တွင် အချိန်နှောင်းခဲ့ပြီဖြစ်ကြောင်း တွေ့ရှိရတတ်ပါသည်။

သို့ဖြစ်၍ မိမိတို့ ပုံမှန်လျှောက်လှမ်းနေသည့် ပုံစံမှ ခေတ္တခဏရပ်တန့်၍ ဘဝ၏ရည်မှန်းချက်များ အလွန်အမင်း လိုလားတောင့်တချက်များအပေါ် ပြန်လည်ဆန်းစစ်နိုင်ရေးအတွက် အောက်ပါမေးခွန်းများအပေါ် သုံးသပ်ကြည့်သင့်ပါသည်-

- မိမိတို့၏ဘဝ၊ မိမိတို့၏ လုပ်ဆောင်ချက်များနှင့် မည်သို့ ဦးတည်လျှောက်လှမ်းနေသည်ဆိုသည့် အချက်တို့အပေါ် ကျေနပ်အားရမှု ရှိ-မရှိ ၊
- အချိန်နှင့်ငွေကြေးအတွက်သာ စိုးရိမ်ပူပန်ရန် မလိုပါက မည်သို့သောအရာများကို နေ့စဉ် လုပ်ကိုင်လိုသနည်း၊
- ဘဝတွင် မည်သည့်အရာများကို အမှန်တကယ် လိုလားတောင့်တပြီး မည်သည့်အရာများကို လိုလားနှစ်သက်မှုမရှိသနည်း၊ မည်သည့် အကြောင်းရင်းအတွက် အခြေတကျရပ်တည်ရန် ကြိုးပမ်းနေခြင်း ဖြစ်သနည်း၊
- ယခုအချိန်အထိ ဘဝတွင်ရွေးချယ်ခဲ့မှုများကို အကောင်အထည်ဖော်နိုင်ခြင်း ရှိ-မရှိ၊ ကျေနပ်အားရမှု ရှိ-မရှိ၊ ကျေနပ်အားရမှု မရှိသဖြင့် အကယ်၍ ပြောင်းလဲဆောင်ရွက်ခွင့်ရှိမည်ဆိုပါက မည်သို့ပြောင်းလဲ လုပ်ဆောင်သွားမည်နည်း။

မိမိတို့ဘဝ၌ သက်မွေးဝမ်းကျောင်းပိုင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်ရခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုဆောင်းပါးကို ဖတ်ရှုမိပါက နေ့စဉ်လုပ်ကိုင် လှုပ်ရှားဆောင်ရွက်မှုများမှ ခေတ္တခဏ အချိန်ယူပြီး မိမိတို့ဘဝတွင် အမှန်တကယ် လိုလားတောင့်တချက်၊ ရည်မှန်းချက်များအပေါ် ပြန်လည်သုံးသပ်ရန် နှိုးဆော်ချက်တစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။ ။

> **"မကြာမီ အလုပ်လက်မဲ့ဖြစ်မည့်အခြေအနေနှင့် ကြုံတွေ့နေသူများက ရှေ့ဆက်၍ မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဝေခွဲမရဖြစ်နေတတ်ကြပါသည်။ အချို့က အခြေအနေကို အသိအမှတ်ပြုလက်ခံလိုခြင်း မရှိကြသလို အမျက်ဒေါသထွက်သူများ၊ စိတ်အားငယ်သူများလည်း ရှိတတ်ကြပါသည်။ အချို့မှာ လုပ်ငန်းအသိုက်အဝန်းနှင့် ပတ်ဝန်းကျင်၏ အသိအမှတ်ပြုခံရမှု ဆုံးရှုံးသွားသကဲ့သို့ခံစားကြပြီး အချို့မှာလည်း တန်ဖိုးမဲ့သွားသကဲ့သို့ ခံစားတတ်ကြပါသည်"**

Ref:

Jessica See."In a crisis mode. " The Star 20 April. 2011:1 Klassifieds

Maung Koung Mon."အကျပ်အတည်းအား ကျော်လွှားရေး". အပြင်စီးမဂ္ဂဇင်း.August 2011/2

# ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖြစ်စေရေး ကျေးရွာလူထုအခြေပြု စုပေါင်းအမှိုက်ကောက်ခြင်းဆောင်ရွက်



ကောလင်း မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကောင်းမွန်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်မှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်စေမှု အလားအလာများကို လျှော့ချပေးနိုင်စေရန်နှင့် ကျေးရွာလူထုအခြေပြု စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ဖြစ်လာစေရန် ရည်ရွယ်ကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ပြီး စုပေါင်းအမှိုက်ကောက်ခြင်းကို ယမန်နေ့က အိုးမကျေးရွာ၌ ပြုလုပ်သည်။

"ကျေးလက်နေပြည်သူများ ကျန်းမာသန့်ရှင်းရေးအတွက် အညစ်အကြေးနဲ့အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်စေဖို့၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရပ်ရွာသန့်ရှင်းသာယာပြီး ကျေးလက်နေပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာစေဖို့နဲ့ ကိုယ့်အားကိုယ်ကိုးစနစ်များ ပိုမိုအားကောင်းလာစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောသည်။

ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အိုးမကျေးရွာပြည်သူများ စုပေါင်း ပါဝင်ဆောင်ရွက်ခဲ့ပြီး အမှိုက်များကို စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။(ယာပုံ)

မြင့်ထွန်းမင်း(ပြန်/ဆက်)

# (၆၂)နှစ်မြောက် ကယားပြည်နယ် စုပေါင်းရိုးရာကေ့ထျိုးဘိုးပွဲတော် အကျဉ်းချုံးကျင်းပသွားမည်

**ဒီးမော့ဆို မတ် ၁၆**

ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့နေသော COVID-19 ရောဂါကြောင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ထီးဖိုးကလိုးကျေးရွာအုပ်စု ဖဲလျားကျေးရွာတွင် မတ် ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် (၆၂) နှစ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းရိုးရာ ကေ့ထျိုးဘိုးပွဲတော်အား စည်ကားသိုက်မြိုက်စွာ မကျင်းပတော့ဘဲ ရိုးရာအစဉ်အလာနှင့်အညီ သက်ဆိုင်ရာ အီလူးဗျာကျယ် (ရိုးရာအကြီးအကဲ)များနှင့် တာဝန်ရှိသူများသာဦးစီးဦးဆောင်၍ အကျဉ်းချုံးကျင်းပသွားမည်ဖြစ်ကြောင်း (၆၂) နှစ်မြောက် စုပေါင်းရိုးရာကေ့ထျိုးဘိုးပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ မတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။



ယမန်နှစ်က ကေ့ထျိုးဘိုးပွဲတော်ကို ကျင်းပခဲ့စဉ်။

စုပေါင်းရိုးရာ ကေ့ထျိုးဘိုးပွဲတော်ကျင်းပရာတွင်ရပ်ဝေးရပ်နီးမှ ကျေးရွာများကို ဖိတ်ခေါ်၍ ပါဝင်ဆင်နွှဲစေ ပြီး ပွဲတော်တွင် လူထုအကြိုတွေ့ဆုံပွဲ၊ လူထုအခမ်းအနား၊ ရိုးရာယဉ်ကျေးမှုအကပဒေသာ၊ အီလူးဗျာကျယ်နှင့် ကျေးရွာကိုယ်စားလှယ်များ နှစ်ပတ်လည်အစည်းအဝေး၊ မော်မိုးကော်မတီအစည်းအဝေး၊ဈေးဆိုင်များ ခင်းကျင်းရောင်းချခြင်းနှင့် အားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပတော့မည်မဟုတ်ဘဲ ကေ့ထျိုးဘိုးတိုင်တော်ခုတ်ယူခြင်း၊ ကေ့ထျိုးဘိုးတိုင်တော်သယ်ယူခြင်းနှင့် ကေ့ထျိုး ဘိုးတိုင်တော် စိုက်ထူပူဇော်ခြင်းများကိုသာ ရိုးရာအစဉ်အလာနှင့်အညီ သက်ဆိုင်ရာအီလူးဗျာကျယ် (ရိုးရာအကြီးအကဲ) များနှင့် တာဝန်ရှိသူများသာ အကျဉ်းချုံးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# ဆောင်းရာသီစိုက် ကြက်သွန်နီတူးချိန် အလုပ်သမားရှားသဖြင့် တောင်သူများအခက်အခဲ ဖြစ်ပေါ်လျက်ရှိ

**မုံရွာ မတ် ၁၆**

မုံရွာမြို့နယ်အတွင်း ဆောင်းရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီသီးနှံများ တူးဖော်ချိန်တွင် အလုပ်သမားရှားပါးမှုဖြစ်ပေါ်လျက်ရှိကြောင်း ကြက်သွန်နီစိုက်ပျိုးရေးတောင်သူများက ပြောသည်။ ယခုနှစ်ဆောင်းကြက်သွန်နီ တူးဖော်ချိန်တွင် တစ်ရက်လုပ်အားခအနေဖြင့် အမျိုးသမီးတစ်ဦးကို ငွေကျပ် ၃၅၀၀ နှုန်းနှင့် အမျိုးသားတစ်ဦးကို ငွေကျပ် ၅၀၀၀ နှုန်းဈေးရှိသော်လည်း လုပ်ကိုင်မည့်အလုပ်သမားနည်းသဖြင့် တူးဖော်ချိန်အမီတူးဖော်နိုင်ရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

"ကြက်သွန် တူးဖော်ချိန်က တိုက်နေတော့ အလုပ်သမားက သူခေါ်ငါခေါ်နဲ့ဆိုတော့ လိုသလောက်မရှိဖြစ်နေတာ။ ဒီနှစ်က ကြက်သွန်ဈေးကလည်း မဆိုးတဲ့အနေအထားဆိုတော့ အပြိုင်တူးဖော်နေသလိုဖြစ်နေတယ်။ အချိန်မီတူးဖော်ဖို့ကျတော့ အလုပ်သမားက အခက်အခဲဖြစ်နေတယ်။ အလုပ်သမားက လိုသလောက်မရတော့ မိသားစုလိုက်ဆင်းပြီးတူးဖော်နေရတယ်။ ပြီးခဲ့တဲ့နှစ်တွေက ကြက်သွန်နီစပေါ်ချိန်မှာ ဈေးမကောင်းပေမယ့် အခုနှစ်မှာ ဈေးကွက်အစကတည်းက ဈေးနှုန်းကောင်းတော့ ဈေးကောင်းအမီပြိုင်တူးဖော်ကြတော့အလုပ်သမား အခက်အခဲဖြစ်နေတယ်"ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာမှ ကြက်သွန်စိုက်တောင်သူဦးမြင့်အောင်က ပြောသည်။



မုံရွာမြို့နယ်၌ ကြက်သွန်တူးဖော်နေကြစဉ်။

မုံရွာမြို့နယ်မြောက်ဘက်ခြမ်းဖြစ်သော ထီးတော်တင်၊ ခဝဲကျင်း၊ ဇီးတော၊ ရေအိုးစင်၊ ကော်ရဗျ၊ သမန်တာ၊ တောင်ပလူ၊ ခိုးသန်း၊ ကျွဲရဲ၊ ပုလ္လင်ကုန်း၊ မင်းတဲ၊ ကျောက်စစ်ပုံကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၀ ကျော်နှင့် မုံရွာမြို့နယ်မြောက်ဘက်ခြမ်းရှိ မအူ၊ အောင်သာ၊ မြေနဲ၊ သမ္ဘူဋ္ဌေ၊ မုံရွေး၊ ကြေးမုံ၊ ကြာပိုင်၊ တောပု၊ ပုရစ်ကုန်း ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၃၀ ကျော်တို့တွင် ဆောင်းကြက်သွန်နီဧက ၇၃၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းများ ဖောက်လုပ်လျက်ရှိ

**ပျော်ဘွယ် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာမှ ကျေးလက်နေပြည်သူများ လယ်ယာထွက်ကုန်သီးနှံများကို အချိန်ကုန် ငွေကြေးကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ရာတွင် ဖွဲသင်းကျေးရွာကုန်ထုတ်လမ်း အရှည်ပေ ၇၄၅၀ ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ မြေသားတင်ဂျင်းခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် RC Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၇၄၅၀ ၊ အကျယ် ၁၂ ပေ ၊ ထု ၂ပေ ၉လက်မ မြေသားတင်ဂျင်းခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် RC Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း ယခုဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ကုန်ထုတ်လမ်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါလုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးပါက လယ်ယာစိုက်ပျိုးဧက ၁၀၀၀ ကျော်အား အကျိုးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ပြောသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ကျိုက်မရော၌ အသက်(၈၅ )နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့

**ကျိုက်မရော မတ် ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၆၁၆ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသ်ာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က လူမှုရေးပင်စင်များ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်း လူမှုရေးပင်စင်ခံစားနေသည့် အဘိုးအဘွား ၆၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလအတွက်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများမှတစ်ဆင့် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၉၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၇၀/၆၄၀ | ကျပ် | ၆၃၀/၆၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၈၀/၆၅၅ | ကျပ် | ၆၄၅/၆၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၀/၅၇၀ | ကျပ် | ၅၉၀/၆၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၉၅ | ကျပ် | ၇၃၀/၇၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၄ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၄ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၃ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၇၂ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၁၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၄၈၅၇ | ၅၃၄၅၄၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၇၆၁၁ | ၆၆၉၂၁၈၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၁၀၃ | ၂၂၆၈၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၁၀၁ | ၃၁၃၇၈၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သီပေါ မြို့တည် ဆီအိုးကြီး လေးလုံး

*မောင်သာ(ရှေးဟောင်းသုတေသန)*

**ကုန်းဘောင်ခေတ်၏ နောက်ဆုံးဘုရင့်နန်းမြို့တော်ဖြစ်သည့် ရတနာပုံမန္တလေးကို ခရစ်နှစ် ၁၈၅၇ ခုနှစ်တွင် မင်းတုန်းမင်းကြီးက တည်ထောင်ခဲ့ချိန်တွင် မြို့၏ထောင့်လေးထောင့်၌ ဆီအိုးကြီးလေးလုံးကို မြှုပ်နှံခဲ့သည်။ မန္တလေးမြို့ကိုတည်ပြီး နှစ် ၃၀ နီးပါးအကြာတွင် တည်ထောင်ခဲ့သည့် ရှမ်းပြည်နယ် မြောက်ပိုင်း၌ အုန်းပေါင်(ယခု သီပေါမြို့) တွင်လည်း မြို့ထောင့်လေးထောင့်၌ ဆီအိုးကြီးလေးလုံးကို မြှုပ်နှံခဲ့သည်။**

သီပေါမြို့တွင် ရှိနေခဲ့သော ဆီအိုးများမြှုပ်နှံခဲ့သည့် နေရာကို နှစ်ကာလရှည်ကြာစွာ မသိရှိခဲ့သော်လည်း ၁၉၉၂ ခုနှစ်တွင် ဆီအိုးကြီးများကို တူးဖော်တွေ့ရှိခဲ့သဖြင့် ဆီများဖြည့်တင်းကာ မူလနေရာအသီးသီး၌ ပြန်လည်မြှုပ်နှံခဲ့သည်။ မြို့တည်ဆီအိုးများ မြှုပ်ခဲ့သည့်နေရာလေးခုကို ၂၀၁၉ ခုနှစ်တွင် ခြံစည်းရိုးများကာရံ၍ ကြွေပြားများခင်းကာ မှတ်တမ်းတိုင်များစိုက်ထူပြီး သမိုင်းကြောင်းဆိုင်ရာ အချက်အလက်အကျဉ်းကို ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားဖော်ပြထားသဖြင့် သီပေါမြို့သို့ ရောက်ရှိကြသူတိုင်း သွားရောက်လေ့လာ ကြည့်ရှုနိုင်ကြပေသည်။




သီပေါမြို့ရှိ ဆီအိုးလေးလုံးမြှုပ်နှံခဲ့သည့် နေရာများကို သီပေါမြို့မှ သတင်းစာဆရာ ဦးစိုင်းသာလှိုင်(စိုင်း၊ သီပေါ)နှင့် အငြိမ်းစားကျောင်းဆရာ ဦးထွန်းရွှေတို့ လိုက်လံပြသပေးသဖြင့် လေ့လာခွင့်ရရှိခဲ့ပါသည်။ ဆီအိုးလေးလုံးအနက် အရှေ့မြောက်ထောင့်၊ ရွှေညောင်ပင်ရှိ ဆီအိုးသည် ဒုဋ္ဌဝတီမြစ်ကမ်းဘေး၌ တည်ရှိ၍ အနောက်တောင်ထောင့်၊ အုတ်ကျင်းရပ်ရှိ ဆီအိုးသည် မြို့အပြင် လယ်ကွင်းများကြား၌ တည်ရှိနေသည်။

ဆီအိုးများမြှုပ်နှံခဲ့စဉ်က ယင်းနေရာများတွင် လူကို စတေးကာ မြှုပ်နှံခဲ့ကြောင်း ပြောဆိုမှုများ ရှိခဲ့သော်လည်း အထောက်အထားမရှိသည့် နှုတ်ပြောစကားများဟုသာ ယူဆမိပါသည်။

**မြန်မာ့ မြို့ဟောင်းများ**

လွန်ခဲ့သည့်နှစ် ၉၀၀၀ မှ ၅၀၀၀ အတွင်းဟု သက်တမ်းတွက်ထားသည့် ကျောက်ခေတ်အမျိုးသမီး ဦးခွံတစ်ခုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်းရှိ ဂူတစ်ခု၏ ဝင်ပေါက်မှရရှိခဲ့ကြောင်း မြန်မာ့ရက်စဉ်သမိုင်းတွင် ဖော်ပြထားချက်အရ ယင်းဦးခွံသည် မြန်မာနိုင်ငံ၏ ကျောက်ခေတ်လူသားအထောက်အထားတစ်ရပ် ဖြစ်ခဲ့သည်။

ကျောက်ခေတ်ဟောင်းနှောင်းပိုင်းနှင့် ကျောက်ခေတ်သစ်ဦးပိုင်းတွင် ကျောက်ခေတ် လူသားအချို့သည် ယခု ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင်တည်ရှိသည့် ပြဒါးလင်းဂူတွင် နေထိုင်ခဲ့ကြကြောင်း အထောက်အထားများကို တွေ့ရှိခဲ့သည်။

ကျောက်ခေတ်ကို ကျော်လွန်ခဲ့ပြီး ခရစ်တော်မပေါ်မီနှစ် ၁၅၀၀ မှ ၆၀၀ အတွင်း၌ မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကာ ခရစ်တော်မပေါ်မီ နှစ် ၇၀၀ တွင် တောင်သမန်ဒေသ၌ သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းခဲ့သည်။ ခရစ်တော်မပေါ်မီ နှစ် ၆၀၀ တွင် တကောင်းဒေသ၌ မြို့ရွာတည်ထောင်မှု စတင်ခဲ့သည်။

မြို့ရွာများကို ထူထောင်ကြချိန်တွင် နန်းမြို့အပါအဝင် မြို့ပြများ၏ မြို့ရိုးများကို မြေကြီး၊ သစ်၊ အုတ်၊ ကျောက်စသည်တို့ဖြင့် တည်ဆောက်ခဲ့ကြသောကြောင့် မြို့ရိုးဟောင်း၊ မြို့ရိုးပျက်များကို မြို့ဟောင်းများတည်ရှိခဲ့သည့် နေရာများတွင် ယခုတိုင် မြင်တွေ့နိုင်ကြသည်။

မြို့ကြီးများနှင့် ခံမြို့အချို့၏ မြို့ရိုးပတ်လည်၌ ကျုံးကို တူးဖော်ခဲ့ကြသဖြင့် မြို့ရိုးများမရှိတော့သည့်တိုင် အချို့မြို့ဟောင်းများတွင် ကျုံးနှင့်ကျုံးရာများ ကျန်ရှိနေကြသည်။ မြို့ရိုးများကို တံခါး၊ တံခါးပြ၊ တန်ဆောင်း၊ ပြာသာဒ်၊ ပြအိုး၊ ပစ္စင်၊ ရဲလောင်း၊ ရင် တား၊ သူရဲခို၊ မီးတား စသည့် အင်္ဂါအစိတ်အပိုင်းများ ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။

မြန်မာ့မြို့ဟောင်းများတွင် သရေခေတ္တရာနှင့် ပင်လယ် (မိုင်းမော) တို့သည် အဝိုင်းပုံဖြစ်၍ ဟံသာဝတီ(ပဲခူး)၊ ဟံသာဝတီ (တောင်ငူ) နှင့် ပခန်းကြီးတို့သည် ထောင့်မှန်စတုဂံပုံ ဖြစ်ကြ၍ ကလေး၊ ပေါရိသတ်၊ ဝါခရူနှင့် သရက်ခုံ(ရေဇင်း) တို့သည် မှန်ကူ ကွက်ပုံရှိသည်။

အင်းဝမြို့ဟောင်းသည် ထောင့်ချိုးအမျိုးမျိုးပါရှိသည့် မော်ယွန်းချိုးပုံစံဖြစ်ကာ ဟန်လင်း၊ ဗိဿနိုးနှင့် ဝေသာလီနှင့် ဓညဝတီတို့သည် လေးထောင့်မဟုတ်၊ အဝိုင်းမဟုတ်သည့် အကွေးအဝန်းပုံရှိကြသည်။ မြောက်ဦးမြို့ဟောင်းကိုမူ မည်သည့်ပုံဟု ပြောဆိုရန် ခက်ခဲကာ ရတနာပုံမန္တလေး၊ အမရပူရနှင့် ရတနာသိင်္ဃ ရွှေဘိုမြို့ဟောင်းတို့သည် အနားလေးဖက်ညီ စတုရန်းပုံ မြို့ဟောင်းများဖြစ်ကြပြီး ပုဂံမြို့ဟောင်းကိုလည်း စတုရန်းပုံဟု ဆိုကြကြောင်း သစ်တောဌာနမှ ဦးအောင်မြင့်က ကောင်းကင်ဓာတ်ပုံများဖြင့် ဖော်ထုတ်ခဲ့သည်။

လူဦးရေတိုးပွားခဲ့ပြီးနောက် တကောင်း၊ မိုင်းမော၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသည့်ထင်ရှားသောမြို့ပြများ ပေါ်ထွန်းခဲ့ကြသည်။ ခေတ်အဆက်ဆက် မြို့ပြများကို ထူထောင်ခဲ့ကြရာ မထင်ရှားသော မြို့ပြများလည်း ပါဝင်ခဲ့ပြီး ပညာရှင်များက ကောင်းကင်ဓာတ်ပုံများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ဟောင်းများကို ဖော်ထုတ်နိုင်ခဲ့သည်။

**သီပေါ အုန်းပေါင်**

မြန်မာ့ ရှေးမြို့ဟောင်းများအနက် ယခုရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်တွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၈၂၅ ကီလိုမီတာနှင့် မန္တလေးမြို့မှ ၂၀၆ ကီလိုမီတာ ကွာဝေးသည့် သီပေါ မြို့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် သီပေါမြို့ကို ခရစ်နှစ် ၁၈၈၈ ခုနှစ် မတ်လတွင် သီပေါ စော်ဘွားစဝ်ကြာထွန်း၏ သားတော်စဝ်ကြာခိုင်ခေါ် စဝ်ခွန်ဆိုင်က မန္တလေးမြို့ ပုံစံအတိုင်းတည်ထားခဲ့သည်ဟု ဖော်ပြထားသည်။ သီပေါမြို့ကို နမ့်ပေါ့ချောင်း၏ ပါးစပ်ဝတွင် တည်ထားခဲ့သဖြင့် ရှမ်းဘာသာစကားဖြင့် ဆွတ်ပေါ့ (ပါးစပ်ဝ၌ တည်ထားသောမြို့)ဟုခေါ်ဆိုခဲ့ပြီး ဆွတ်ပေါ့မှ ဆီပေါ၊ သီပေါဟု အဆင့်ဆင့် ရွေ့လျားခေါ်တွင်ခဲ့သည်ဟုလည်း ယူဆခဲ့ကြသည်။

မြန်မာ့စွယ်စုံကျမ်းတွင် အုန်းပေါင်စော်ဘွားသည် အုန်းပေါင်မြို့တွင် နန်းစိုက်ခဲ့ပြီး အရပ်အနေမသင့်သောကြောင့် လက်ရှိ သီပေါမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ သီပေါမြို့၌ ဟော်တည်ဆောက်ရန် မြေတူးရာမှ ပတ္တမြားတစ်လုံးရရှိခဲ့ကာ ရှမ်းဘာသာစကားဖြင့် ဆိုင်ပေါ်ဟု ခေါ်ဆိုခဲ့ရာ ကာလကြာမြင့်လာချိန်တွင် ဆိုင်ပေါ်မှ ဆီပေါ၊ ဆီပေါမှ သီပေါဟု ရွေ့လျောလာဟန်ရှိကြောင်း ဖော်ပြထားသည်။

သီပေါမြို့ကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် (ခရစ်နှစ် ၁၉၆၂ -၁၉၇၄) မတိုင်မီက မြို့ပိုင်တစ်ဦးက အုပ်ချုပ်ခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက သီပေါမြို့နယ်ကို ရပ်ကွက် ၁၁ ခု၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာ ၄၇၆ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

သီပေါမြို့နယ်သည် ၂၀၄၅ စတုရန်းမိုင်ကျယ်ဝန်းလျက် အရှေ့ဘက်တွင် လားရှိုးမြို့နယ်နှင့် မိုင်းရယ်မြို့နယ်၊ အနောက်ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်နှင့် ကျေးသီးမြို့နယ်၊ မြောက်ဘက်တွင် နမ့်ဆမ်နှင့် နမ္မတူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

တောင်ကုန်းတောင်တန်းများ ထူထပ်၍ မြေပြန့်လွင်ပြင်နည်းပါးသည့် သီပေါမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၃၉၈ ပေမြင့်ကာ မြို့နယ်၏ ၈၆ ဒသမ ၃၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။ ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့၏ အရှေ့ဘက်မှ ဖြတ်သန်းလျက် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေပြီး အနောက်မှ အရှေ့သို့ စီးဆင်းနေသည့် နမ့်ပေါ့ချောင်းသည် သီပေါမြို့လယ်မှ ဖြတ်သန်းလျက် ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်သွားသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ လူဦးရေ ၁၆၄၄၉၄ ဦးရှိသည့် သီပေါမြို့နယ်တွင် ရှမ်းနှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး ပလောင်၊ လီဆူအစရှိသည့် အခြားတိုင်းရင်းသားများလည်း နေထိုင်လျက်ရှိကြသည်။

တစ်ချိန်က ရှမ်းစော်ဘွားများ ဟော်နန်းစိုက်ခဲ့သည့် သီပေါမြို့ ဓာတ်စုရပ်ကွက်တွင် ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့သည့် စဝ်အုံကြာဟော်၊ ကုန်းဘောင်ခေတ်လက်ရာစေတီ ၃၀ ကျော် စုစည်းနေသည့် ပုဂံငယ် (Little Bagan)၊ သီပေါမြို့ပြင်ရှိ ပေါ်ကြိုဘုရားနှင့် ဒုဋ္ဌဝတီမြစ်တို့ကို အေးချမ်းလှပသော သီပေါမြို့၏ အမှတ်လက္ခဏာများအဖြစ် မြင်တွေ့ကြရသည်။

**အုန်းပေါင်မြို့ နောက်ခံ**

သီပေါမြို့ကို မတည်မီက စော်ဘွားများသည် အုန်းပေါင်တွင် ဟော်နန်းစိုက်ခဲ့ကြသည်။ Google မြေပုံပေါ်တွင် တွေ့ရှိရသည့် အုန်းပေါင်မြို့ဟောင်းဟု ယူဆရသည့် မြို့ရိုးသည် ခရုသင်းတစ်ခုနှင့် ဆင်တူနေကာ ပုံသဏ္ဌာန်အချိုးကျနမှုမရှိဘဲ တောင်ဘက်သို့ ချွန်ထွက်နေသည်။

ပေါ်ကြိုဘုရား သမိုင်းကျောက်စာအရ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် တတိယ သင်္ဂါယနာတင်ခဲ့ပြီး ဘုရားရှင်သာသနာနှစ် ၅၀၀၀ အရှည်တည်တံ့စေရန် ၈၄၀၀၀ သော ကောင်းမှုများကို ပြုလုပ်ခဲ့သည့်အနက် သီပေါ အုန်းပေါင်မြို့ အနောက်ဘက်၊ ဒုဋ္ဌဝတီမြစ်အနီး၌ တည်ထားခဲ့သည့် စေတီတော်တစ်ဆူလည်းအပါအဝင်ဖြစ်သည်။ ယင်းနေရာကို ဘုရားလောင်းဝက်မင်းဖြစ်ခဲ့ချိန်က ဝက်လူးအိုင်နေရာဟု ယုံကြည်ခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။

အုန်းပေါင်မြို့ဟောင်း၏ အစွန်းဟုယူဆရသည့် နေရာတွင် တစ်စိတ်တစ်ပိုင်း ပြိုပျက်နေသည့် အုတ်မြို့ရိုးဟောင်းတစ်ခုကို တွေ့ရှိကြရပြီး ယင်းနေရာသည် သီပေါ- ကျောက်မဲ မော်တော်ကားလမ်း၏ လက်ဝဲဘက် စံဖိတ်ကျေးရွာဖြစ်ပြီး ပေါ်ကြိုဘုရား၏ အရှေ့ဘက်ဖြစ်သည်။ ကျောက်စာအရ ယင်းနေရာသည် အုန်းပေါင်မြို့ဟောင်း၏ အဆုံးနေရာဟု ယူဆရဖွယ်ရှိသည်။

အုန်းပေါင်မြို့ဟောင်းသည် ပေါ်ကြိုဘုရား၏ အရှေ့ဘက်မှ သီပေါမြို့ရှိ ဆာစောချယ် သင်္ချိုင်းဂူရှိသည့် နေရာအထိ ကျယ်ဝန်းခဲ့ကြောင်း ယူဆနိုင်ဖွယ်ရှိကာ အုန်းပေါင်မြို့ဟောင်း၏ နေရာအချို့တွင် ပြိုပျက်နေသည့် အုတ်မြို့ရိုးရာများကို တွေ့မြင်ကြရပြီး အချို့နေရာများတွင် မြေမြို့ရိုးများကို တွေ့ရှိခဲ့ရပေသည်။

**မြို့တည်ဆီအိုးကြီးများ**

ရှမ်းရာဇဝင်ကျမ်းများအလိုအရ သီပေါစော်ဘွားဆက်သည် ပထမဆုံးစော်ဘွား ခွန်ခမ်းဇော်(သာသနာနှစ် ၄၈၅ -၅၂၀) မှ နောက်ဆုံးစော်ဘွားကြီး စဝ်ကြာဆိုင်အထိ ၉၁ ဆက်ရှိခဲ့သည်ဟု ဆိုသည်။ သို့သော် ပထမဆုံးစော်ဘွား အုပ်စိုးခဲ့ချိန်သည် ခရစ်တော်မပေါ်မီ နှစ် ၆၀ ဝန်းကျင်ဖြစ်နေပြီး ခိုင်မာသောအထောက်အထားများ မတွေ့ရှိသေးချေ။

> “လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၃ နှစ်တွင် အုန်းပေါင်စော်ဘွားဖြစ်လာခဲ့သည့် ၈၅ ဆက်မြောက် စော်ဘွားကြီးစဝ်ကြာခိုင် ခေါ် စဝ်ခွန်ဆိုင်သည် ခရစ်နှစ် ၁၈၈၈ ခုနှစ်တွင် သီပေါမြို့ကို တည်ခဲ့စဉ်က မြို့သူမြို့သား၊ နယ်သူနယ်သားများ အေးချမ်းသာယာဝပြောစေရန် ရည်ရွယ်လျက် မြို့၏ထောင့်လေးထောင့်တွင် လောကီအစီအမံများ ပြုလုပ်ပြီး ဆီအိုးကြီးလေးလုံးကို မြှုပ်နှံခဲ့သည်။ ဆီအိုးထဲမှ ဆီများမခန်းခြောက်သရွေ့ မြို့ရွာ စည်ပင်ဝပြောအေးချမ်းစေရန် ရည်ရွယ်ခဲ့သည်”

လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၃ နှစ်တွင် အုန်းပေါင်စော်ဘွားဖြစ်လာခဲ့သည့် ၈၅ ဆက်မြောက် စော်ဘွားကြီး စဝ်ကြာခိုင် ခေါ် စဝ်ခွန်ဆိုင်သည် ခရစ်နှစ် ၁၈၈၈ ခုနှစ်တွင် သီပေါမြို့ကို တည်ခဲ့စဉ်က မြို့သူမြို့သား၊ နယ်သူနယ်သားများ အေးချမ်းသာယာဝပြောစေရန် ရည်ရွယ်လျက် မြို့၏ထောင့်လေးထောင့်တွင် လောကီအစီအမံများ ပြုလုပ်ပြီး ဆီအိုးကြီးလေးလုံးကို မြှုပ်နှံခဲ့သည်။

ဆီအိုးထဲမှ ဆီများမခန်းခြောက်သရွေ့ မြို့ရွာ စည်ပင်ဝပြောအေးချမ်းစေရန် ရည်ရွယ်ခဲ့သည်။

ဆီအိုးကြီးများသည် ပိဿာ ၅၀ ဝင်အိုးများဖြစ်ကြပြီး သုံးပေပတ်လည်၊ သုံးပေအမြင့် လေးထောင့်ပုံ အုတ်ရိုးပေါ်တွင် မြှုပ်နှံခဲ့သည်။

သီပေါမြို့သည် အုန်းပေါင်လေးမြို့ (သီပေါ၊ မိုင်းလုံ၊ မိုင်းတုံ၊ သုံးဆယ်) ရုံးစိုက်ရာ မြို့အုန်းပေါင်ဟု ထင်ရှားခဲ့ပြီး မြို့တည်ဆောက်ခဲ့ပုံ အနေအထားသည် ထီးဟန်နန်းဟန် ဆန်ခဲ့သည်။ သီပေါမြို့တည်နေရာသည် မြေမျက်နှာပြင်ညီညာပြီး လူနေရပ်ကွက်များကို အကွက်ကျကျ ဖော်ထားခြင်း၊ လမ်းများကို ဖြောင့်တန်းစွာဖောက်လုပ်ထားခြင်းတို့သည် မန္တလေးမြို့နှင့် တူညီသည်။

အုန်းပေါင်စော်ဘွားဆက်၊ သီပေါစော်ဘွားများသည် ဟံသာဝတီ၊ အင်းဝ၊ အမရပူရ၊ ရတနာပုံစသည့် မြို့တော်များတွင် နန်းစိုက်ခဲ့ကြသည့် မြန်မာဘုရင်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်။ ယခု သီပေါမြို့တည်ရှိရာ နမ့်ပေါ့ချောင်းတောင်ဘက်တွင် မြို့သစ်တည်ခဲ့သည့် အုန်းပေါင်စော်ဘွား စောကြာခိုင်သည် မက္ခရာမင်းသား၊ သုံးဆယ်မင်းသား စသော မင်းတုန်းမင်း၏သားတော်များနှင့်အတူ မင်းရေး၊ မင်းရာ၊ ရာဇဝင်၊ နိပါတ်၊ ပိဋကတ်၊ ဗေဒင်ပညာများကို သင်ယူတတ်မြောက်ခဲ့သည်။


*စာမျက်နှာ ၁၉ သို့*

# နောင်တရားမြို့ နွေရာသီသောက်သုံးရေဖူလုံရေး စီစဉ်ဆောင်ရွက်ထား

**နောင်တရား မတ် ၁၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့၌ နွေရာသီ သောက်သုံးရေဖူလုံရေးအတွက် နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက နောင်တရားမြို့ ရေထွက်များကို ကြည့်ရှုစစ်ဆေးသည်။

နောင်တရားမြို့သည် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဆိုင်ရာ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားပြီး ရေပေးဝေရေးလုပ်ငန်းကို ထိနောင်ရေထွက်မှ မြို့တွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ယခင်နှစ်များတွင် နောင်တရားချောင်းသည် ရေခန်းခြောက်သွားသော်လည်း ထိနောင်ရေထွက်မှ သောက်သုံးရေ ပေးဝေခြင်းလုပ်ငန်းကို ဆောင်ရွက်ထားခြင်းကြောင့် သောက်သုံးရေများ ဖူလုံလျက်ရှိသည်။ ယခုနှစ်တွင် နောင်တရားချောင်း ခန်းခြောက်နေပြီဖြစ်သော်လည်း အဆိုပါ ထိနောင်ရေထွက်မှ ပုံမှန်နှုန်းဖြင့် ရေများထွက်ရှိနေသောကြောင့် သောက်သုံးရေရှားပါးမှုမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။ နောင်တရားမြို့ ပတ်ဝန်းကျင်ကျေးရွာများတွင် ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်းရာတွင်လည်း အဆိုပါရေထွက်မှ ရေသယ်ယာဉ်များဖြင့် သယ်ယူ၍ လှူဒါန်းလျက်ရှိကြောင်း သိရသည်။



နောင်တရားမြို့၏ အားထားရာ ထိနောင်ရေထွက်ပိုင်း တစ်နေရာ။

**ခွန်အောင်(နောင်တရား)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မဟာမိတ်ကျေးရွာတွင် ပြည်သူများ အားကိုးအားထား ပြုနေရသော သောက်သုံးရေကန်မှာ နှစ်ကြာလာသည်နှင့်အမျှ ကန်ကောလာသဖြင့် နောက်နှစ်များတွင် သောက်သုံးရေ ပိုမိုသိုလှောင်သုံးစွဲနိုင်စေရန်၊ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန် ရည်ရွယ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြန်လည်တူးဖော်လျက်ရှိရာ ပြီးစီးနေမှုကို မတ် ၁၆ ရက်က တွေ့ရစဉ်။ ကိုကျော် (သုံးခွ)**

## COVID-19 ရောဂါကာကွယ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

**မန္တလေး**

မန္တလေး မဟာအောင်မြေမြို့နယ် ၄၂ လမ်း ခုံးကျော် မြသီတာဈေး၌ မတ် ၁၆ ရက်က COVID-19 ရောဂါကာကွယ်ရေးနှင့် ကူးစက်ရောဂါ မပြန့်ပွားရေးအတွက် ရည်ရွယ်၍ ကာကွယ်ရေးနှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ COVID-19 ရောဂါကာကွယ်ရေး နှာခေါင်းစည်းများကို မြသီတာဈေး၌ ဖြန့်ဝေရာတွင် ဈေးအကျိုးတော်ဆောင်နာယက ဦးညီပု၊ ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်အဖွဲ့၊ ဈေးကထိန်အဖွဲ့တို့ ပူးပေါင်း၍ နှာခေါင်းစည်း ၂၀၀ ကို ဈေးသူဈေးသားများ၊ ဈေးဝယ်သူများအား လိုက်လံဖြန့်ဝေပြီး အသုံးပြုပုံကိုပါ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**စိုးဝင်းမိုလ်(အရာတော်)**

**လေးမျက်နှာ**

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများနှင့် အဆိုပါရောဂါနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ မတ် ၁၅ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအရောက် လိုက်လံနှိုးဆော်ပေးလျက်ရှိသည်။

အဆိုပါရောဂါ ကူးစက်ခြင်းမခံရစေရန်၊ လူတိုင်းကြိုတင်ကာကွယ်နိုင်ရန်၊ ရောဂါပိုးကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများဖြစ်သည့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ဗိုင်းရပ်စ်ပိုးများအား လက်ဖြင့်ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ကူးစက်နိုင်ခြင်း၊ ရောဂါပိုးရှိသူများ ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသောအရည်၊ အမှုန်အမွှားများတွင် ရောဂါပိုးများပါဝင်လာပြီး အနီးအနားရှိ လူများကို ပျံ့နှံ့ကူးစက်နိုင်ခြင်းနှင့် ရောဂါပိုးကူးစက်မခံရအောင် လူထူထပ်သော နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်၊ ခရီးသွားလာခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရန်၊ မလွှဲမရှောင်သာ ခရီးသွားလာရမည်ဆိုပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ တစ်ခါသုံး Mask များ၊ တစ်ခါသုံးတစ်သျှူးများကို အသုံးပြုကြရန်၊ အသုံးပြုပြီးသောတစ်သျှူးစများကို အိတ်ထဲတွင် လုံခြုံစွာထုပ်ပိုး၍ အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊ နှာချေ၊ ချောင်းဆိုးပြီးပါက လက်ကိုစနစ်တကျ ဆပ်ပြာဖြင့်စင်ကြယ်အောင် ဆေးကြရန်နှင့် အဆိုပါရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး အသိပေးချက်များကို လိုက်နာကျင့်သုံးကြရန်နှင့် ပတ်ဝန်းကျင်၌ သံသယလူနာများနှင့် ပြည်ပမှ ပြန်လာသူများရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အသိပေးအကြောင်းကြားကြရန်တို့ကို လိုက်လံနှိုးဆော်ခဲ့ကြသည်။

**ရွှေမိုး(လေးမျက်နှာ)**

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက် စာကြည့်တိုက်သို့ လာရောက်သော ကျောင်းသားကျောင်းသူများအား COVID- 19 ရောဂါအန္တရာယ်အကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်ချက်များဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ခတ်ပုံပြပွဲကို မတ် ၁၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က COVID- 19 ရောဂါစတင်ဖြစ်ပေါ်လာပုံနှင့် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နည်းလမ်းများ၊ လူစည်ကားရာနေရာများ သွားရောက်ပါက ဆောင်ရန် ရှောင်ရန်များ၊ မှန်ကန်ထိရောက်သည့် လက်ဆေးခြင်းနည်းစနစ်များ၊ COVID- 19 ရောဂါနှင့် ပတ်သက်၍ သတင်းအမှားများကို မယုံကြည်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းများကိုသာ အတည်ပြုကြရန် မိမိတို့ပတ်ဝန်းကျင်တွင် သံသယဖြစ်ဖွယ်လူနာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အကြောင်းကြားကြရန် အသိပညာပေးဟောပြောခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ဖားကန့်ကျောက်စိမ်းမော်ဒေသတွင် COVID–19 ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပံ့ပိုးကူညီရေးကော်မတီ ယာယီဖွဲ့စည်း

**ဖားကန့် မတ် ၁၆**

ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းမော်ဒေသတွင် လတ်တလောဖြစ်ပွားနေသည့် COVID–19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပရဟိတလူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ယမန်နေ့က ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်ရှိ ဖားကန့်အလင်းတန်းစာကြည့်တိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပံ့ပိုးကူညီရေးကော်မတီကို ယာယီဖွဲ့စည်းခဲ့သည်။

ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းမော်ဒေသတွင် နယ်မြေပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်ကာ စီးပွားရှာသည့်နေရာဖြစ်၍ လူစုလူဝေးအများအပြား ရှိနေသည်ဖြစ်ရာ လတ်တလောဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရန် ဒေသခံပြည်သူများနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပံ့ပိုးကူညီရေးကော်မတီကို ဖွဲ့စည်းခဲ့ကာ ဒုတိယအကြိမ်အစည်းအဝေးတွင် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဖြစ်ပွားရာနေရာများသို့ သွားရောက်ကူညီနိုင်ရန်တို့ကို ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင်ပါဝင်ခဲ့သူ ဖားကန့်ဒေသခံ ကိုမျိုးက“ကျွန်တော်တို့ အခုလို အစည်းအဝေးလုပ်တာဟာ အရေးပေါ်စီစဉ်လိုက်ရတာပါ၊ ဒေသခံပြည်သူတွေအတွက် COVID–19 ရောဂါနဲ့ပတ်သက်ပြီး အသိပညာပေး ဗီနိုင်းပိုစတာတွေ စိုက်ထူဖို့၊ အသိပညာပေးလက်ကမ်းစာစောင်တွေ ဝေငှဖို့နဲ့ အရေးပေါ်အခြေအနေဖြစ်လာရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေဝတ်ဆင်ဖို့ PPE ဝတ်စုံ ၁၀၀၀ မှာထားပါတယ်။ PPE ဝတ်စုံကို ဖားကန့်ဒေသအတွက်တင်မဟုတ်ဘဲ ကချင်ပြည်နယ်အတွင်းက မည်သည့်ဒေသကိုမဆို လိုအပ်ရင် ပြန်လည်မျှဝေပေးဖို့ကိုလည်း အစည်းအဝေးမှာ ဆုံးဖြတ်ထားပါတယ်" ဟု ပြောသည်။

ဖားကန့်ကျောက်စိမ်းမော်ဒေသတွင် နေထိုင်သည့်လူဦးရေများပြားမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံ၊ ဆေးခန်းများ လုံလောက်စွာမရှိသည့်အတွက် ပရဟိတလူမှုရေးအဖွဲ့အစည်းများမှ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပံ့ပိုးကူညီရေးကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အခမ်းအနားသို့ ဒေါက်တာအောင်လွင်ဦးနှင့်ဇနီး ဒေါက်တာခင်လင်းမော်၊ ဒေါက်တာ နှင်းယုနန္ဒာလှိုင်၊ ဖားကန့်အလင်းတန်း စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသိန်းတန်၊ ဆိပ်မူကျေးရွာ သင်္ခါလူမှုကူညီရေးအသင်း၊ လုံးခင်းကျေးရွာ သင်္ဂဟလူမှုကူညီရေးအသင်း၊ ဆန်ခါကျေးရွာ မြင့်မြတ်သူလူမှုကူညီရေးအသင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ဝင်းနိုင်(ကချင်မြေ)**

*စာမျက်နှာ ၁၈ မှ*

၈၄ ဆက်မြောက် အုန်းပေါင်စော်ဘွားကြီး ခွန်ကြာထွန်းသည် ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် (ခရစ်နှစ် ၁၈၆၆ ခုနှစ် အောက်တိုဘာလ ၂၁ရက်)တွင် အုန်းပေါင်လေးမြို့အတွင်းရှိ သုံးဆယ်မြို့၌ နတ်ရွာစံခဲ့ပြီးနောက် သားတော် စဝ်ကြာခိုင်ခေါ် စဝ်ခွန်ဆိုင်သည် ၈၅ ဆက်မြောက် အုန်းပေါင်စော်ဘွားအဖြစ် ဆက်ခံ၍ သီပေါမြို့သို့ ရောက်ရှိလာခဲ့သည်။ စော်ဘွား စဝ်ကြာခိုင် ခေါ် စဝ်ခွန်ဆိုင်သည် နမ့်ပေ့ါချောင်း တောင်ဘက်ရှိ အုန်းပေါင်မြို့သည် လူဦးရေများပြားလျက် ရေရှားပါးနေပုံကို သိရှိခဲ့ကာ အုန်းပေါင်မြို့၏ တောင်ဘက်တွင် မြို့သစ်တစ်ခု တည်ထောင်ရန်စီစဉ်ခဲ့သည်။

စော်ဘွားကြီးသည် အမှုထမ်းပညာရှိ ၊ မင်းတိုင်ပင် ရှမ်းတိုင်းရင်းသားအကြီးအကဲများနှင့် ညှိနှိုင်းလျက် မြေတိုင်းအမတ်ဦးမြို့ကို မြို့သစ်တည်ရန် တာဝန်ပေးခဲ့ပြီး အုန်းပေါင်တွင် နေထိုင်ကြသူများကို မြို့သစ်သို့ပြောင်းရွှေ့နေထိုင်ရန် စီစဉ်ခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၄၉ ခုနှစ် တပေါင်းလပြည့် (ခရစ်နှစ် ၁၈၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်) စနေနေ့တွင် ဟော်နန်းဆောက်လုပ်ရန် ယခု သီပေါမြို့ ပြည်သူ့ဆေးရုံနေရာတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

မြို့၏ထောင့်လေးထောင့်ဖြစ်သော အရှေ့မြောက်ထောင့် ရွှေညောင်ပင်၊ အရှေ့တောင်ထောင့်ရှိ ယခု အကောက်ခွန်ဦးစီးဌာနရုံးဝင်း၊ အနောက်တောင်ထောင့်ရှိ အုတ်ကျင်းရပ်နှင့် အနောက်မြောက်ထောင့်ရှိ မြန်မာရပ်ညော့်ရိပ်သာနေရာတို့၌ ကွမ်းစီမင်္ဂလာဦးရေတိုင် လေးတိုင်ကို စိုက်ထူ၍ ဆီအပြည့်ထည့်ထားသော ဆီအိုးကြီးလေးလုံးကို တစ်လုံးနှင့် တစ်လုံး တာ၂၅၀ ခြားကာ မြှုပ်နှံခဲ့သည်။

စော်ဘွားကြီးသည် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးထံမှောက်ဝယ် ကြီးပြင်းခဲ့ပြီး မိမိစော်ဘွားဖြစ်လာချိန်တွင် အုန်းပေါင်သီပေါမြို့သစ်အား မန္တလေးမြို့ပုံစံကိုယူ၍ တည်ဆောက်ခဲ့ပြီး မန္တလေးမြို့ကို တည်ထားခဲ့စဉ်က မြို့လေးထောင့်၌ ဆီအိုးကြီးများမြှုပ်နှံခဲ့သည့်နည်းတူ အုန်းပေါင် သီပေါမြို့သစ်ကို တည်ထောင်ချိန်တွင် ဆီအိုးများမြှုပ်နှံခဲ့သည်။

ဆီအိုးကြီးများ မြှုပ်နှံခဲ့သည့် သမိုင်းကြောင်း အထောက်အထားများကို ပြည့်စုံစွာတွေ့ရှိရသော်လည်း မည်သည့်နေရာတွင် မြှုပ်နှံခဲ့ကြောင်း ကာလရှည်ကြာစွာ ကပင်မည်သူမျှ တိတိကျကျ မသိရှိခဲ့ချေ။ သို့သော် သီပေါမြို့မှ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တလာဘဝံသ၏ မိန့်ကြားချက်အရ ၁၉၉၂ ခုနှစ်တွင် မြို့တည်ဆီအိုးကြီးများကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆီအိုးကြီးလေးလုံးအနက် မြန်မာရပ်ညော့်ရိပ်သာဝင်းအတွင်းမှ ဆီအိုးတွင် ဆီများအပြည့်ကျန်ရှိနေကာ အကောက်ခွန်ဦးစီးဌာနဝင်းမှ တွေ့ရှိသည့် ဆီအိုးတွင် ဆီများသည် ခြောက်လက်မခန့် လျော့နည်းနေခဲ့သည်။ အုတ်ကျင်းရပ်မှ ဆီအိုးတွင်မူ ဆီများ လုံးဝမကျန်ရှိတော့ဘဲ ဆီချိုးခဲများကိုသာ တွေ့ရှိခဲ့ရသည်။ ရွှေညောင်ပင်မှ ဆီအိုးမှာမူ မြှုပ်နှံခဲ့သည့်နေရာတွင် မရှိတော့သဖြင့် ဒုဋ္ဌဝတီမြစ်ရေ တိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ဟန်ရှိကြောင်း ယူဆခဲ့ကြသည်။

ယင်းဆီအိုးများကို နှမ်းဆီစစ်စစ်များ အပြည့်ဖြည့်သွင်းကာ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၂ ရက် နံနက် ၇ နာရီတွင် မူလနေရာအသီးသီး၌ ပြန်လည်မြှုပ်နှံခဲ့သည်။ ရွှေညောင်ပင်အရပ်တွင် မူလဆီအိုးကို မတွေ့ရှိရတော့သဖြင့် အိုးအသစ်တွင် ဆီအပြည့်ဖြည့်ကာ မြှုပ်နှံခဲ့သည်။

လွန်ခဲ့သောနှစ် ၁၃၀ ကျော်က တည်ခဲ့သည့် အုန်းပေါင် သီပေါမြို့ရှိ မြို့တည်ဆီအိုးကြီးလေးလုံးသည် သီပေါမြို့၏ သမိုင်းမှတ်တမ်း အထောက်အထားတစ်ရပ်အဖြစ် ထင်ရှားစွာကျန်ရှိခဲ့ပေသည်။ ။

**ကိုးကား– မြန်မာ့စွယ်စုံကျမ်းအတွဲ (၈) ဘော်ကြိုဘုရားသမိုင်းကျောက်စာ(၁၃၁၉ ခုနှစ်) မြန်မာ့ရက်စဉ်သမိုင်း (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**
**သီပေါမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**

# တစ္ဆေမကြောက်သည့် ဉာဏ်မျက်လုံးပိုင်ရှင်များ

ပါမောက္ခ ဒေါက်တာ မောင်

## ခြောက်လှန့်နေသော COVID –19 တစ္ဆေ

ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးသည် COVID –19 တစ္ဆေခြောက်လှန့်ခံနေရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှစခဲ့သော COVID–19 ဗိုင်းရပ်စ်သည် အလွန်လျင်မြန်သောနှုန်းဖြင့် ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါကူးစက် ပြန့်ပွားနိုင်မှု အခြေအနေသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အလွန်မြင့်မားသည့်အဆင့်တွင် ရောက်ရှိနေကြောင်း သတ်မှတ်ထားသည်။

ထိုအချိန်တွင် တစ်ဦးချင်း၏ ကိုယ်စီအသိတရားသည် အလွန်အရေးကြီးလာသည်။ ထိုဗိုင်းရပ်စ်၏ သဘောသဘာဝနှင့် ပျံ့နှံ့ပုံအကြောင်း သိနားလည်ထားခြင်းသည် မိမိကိုယ်တိုင် ကူးစက်မခံရအောင်လည်းကောင်း၊ မိသားစုဝင်များနှင့်မိတ်ဆွေများ ကူးစက်မခံရအောင်လည်းကောင်း၊ ကျန်းမာရေး ဝန်ထမ်းများ၏ ရောဂါတိုက်ဖျက်ရေးတွင် ပါဝင်ကူညီနိုင်ရန်လည်းကောင်း သေရေးရှင်ရေး အဆုံးအဖြတ်ပေးနေသော အသိတရားဖြစ်လာသည်။

## လူပေါင်း သန်း၅၀ခန့် သေဆုံးခဲ့သော တုပ်ကွေးကပ်ရောဂါ

၁၉၁၈ ခုနှစ်တွင် ပြင်းထန်သော တုပ်ကွေးရောဂါတစ်မျိုးသည် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြင့် ပေါ်ပေါက်လာခဲ့ဖူးသည်။ စပိန်နိုင်ငံမှ စတင်ခဲ့ပြီး လအနည်းငယ်အတွင်း နိုင်ငံများစွာသို့ ပျံ့နှံ့သွားခဲ့သည်။ ကမ္ဘာ့ရာဇဝင်တွင် အပြင်းထန်ဆုံးနှင့် အသေအပျောက်အများဆုံးကပ်ရောဂါတစ်ခု ဖြစ်ခဲ့သည်။ ဒေါင်ဒေါင်မြည်ကျန်းမာနေသော အသက် ၂၀ မှ ၃၅ နှစ်အရွယ် လူငယ်နှင့်လူလတ်ပိုင်းများသည် နံနက်အိပ်ရာထချိန်တွင် ချောင်းဆိုးလာကြပြီး ညနေအချိန်တွင် သေဆုံးသွားကြသည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ရောဂါကူးစက်ခံကြရသည်။


အသက်မသေဘဲ ကျန်ရစ်ခဲ့သူ အမျိုးသမီးတစ်ဦးက သူတွေ့ကြုံခဲ့ရပုံကို ဤသို့ပြန်ပြောပြခဲ့သည်။ “အဲဒီတုန်းက ကျွန်မတို့မိသားစု အနောက်ဗာဂျီးနီးယားပြည်နယ် ကျောက်မီးသွေးမိုင်းရဲ့ စခန်းတစ်ခုမှာ နေထိုင်နေကြတာပါ။ ကျွန်မ ရှစ်နှစ်အရွယ်ပဲ ရှိပါသေးတယ်။ အဲဒီနေ့က ကျွန်မ အင်္ကျီမှာ ရွှံ့တွေပေလာလို့ အမေက ရေချိုးပေးပြီး အင်္ကျီလဲပေးပါတယ်။ နောက်တနေ့ ကျွန်မ ဖျားပြီး အိပ်ရာထဲလဲပါတော့တယ်။ ချောင်းမပြတ်ဆိုးပြီး တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေပါတယ်။ အမေကကျွန်မကိုပြုစုပေးပါတယ်။ ကျွန်မတို့အတန်းထဲက သူငယ်ချင်းတစ်ယောက် မနေ့ညက ဆုံးသွားပြီလို့ သိလိုက်ရပါတယ်။ လမ်းမပေါ်မှာ သေတ္တာခေါင်းများကို သယ်ယူနေတဲ့ လှည်းတွေရဲ့ အသံကို အဆက်မပြတ်ကြားနေရပါတယ်။ သေတ္တာခေါင်းများ မလုံလောက်လို့ ထင်းရှူးပုံးများကို သုံးနေရတယ်လို့ အမေတို့ပြောနေတာကို ကြားနေရပါတယ်။ ကျွန်မ ကြောက်လွန်းလို့ အမေကိုဖက်ပြီး ငိုမိပါတယ်။ အမေက ကျွန်မ ဘာမှမဖြစ်နိုင်ပါဘူးလို့ ပြောနေပါတယ်။ နောက်တစ်နေ့ အမေဖျားပြီး နှစ်ရက်အကြာမှာ ကျွန်မတို့ကို စွန့်ခွာသွားပါတယ်။”

ထိုမျှဒုက္ခပေးနိုင်စွမ်းရှိသော ဗိုင်းရပ်စ်ဆိုသည်မှာ မည်သို့သောသတ္တဝါမျိုးပေနည်း။

## ဗိုင်းရပ်စ်ဆိုသော အရာဝတ္ထုကလေးများ

၁၈၉၈ခုနှစ်တွင် ဒတ်ချ်လူမျိုး ရက္ခဗေဒပညာရှင် မာတင်နပ်စ်(Martinus W Beijerinick) သည် ဆေးရွက်ကြီးပေါ်မှ ဗိုင်းရပ်စ်များကို စတင်တွေ့ရှိခဲ့သည်။

ဗိုင်းရပ်စ်များသည် သက်ရှိလည်းမဟုတ်၊ သက်မဲ့လည်းမဟုတ်သော စပ်ကြားအရာဝတ္ထုများ ဖြစ်ကြသည်။ သက်ရှိပိုးများကဲ့သို့ အစာစားခြင်း၊ လှုပ်ရှားခြင်း၊ အောက်ဆီဂျင် ရှူသွင်းခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းများ မပြုလုပ်နိုင်ကြချေ။ သက်ရှိဟုပြောနိုင်သော တစ်ခု



တည်းသောဂုဏ်သတ္တိမှာသူ၏မျိုးဆက်ဗီဇကို ထိန်းသိမ်းထားပြီး ဆက်လက်ပြန့်ပွားအောင် စွမ်းဆောင်နိုင်စွမ်းရှိခြင်း ဖြစ်သည်။ အရွယ်အားဖြင့် ဘက်တီးရီးယားတစ်ကောင်ထက် အဆ ၁၀၀ သေးငယ်သော ထိုအရာဝတ္ထုကလေးများသည် ဗီဇမော်လီကျူးများကို အတွင်းတွင်ထား၍ အပြင်မှ ပရိုတင်းမော်လီကျူးများ နှင့် ဖုံးအုပ်ထားသော သက်မဲ့အရာဝတ္ထုကလေးများ ဖြစ်ကြသည်။

ထိုအရာဝတ္ထုလေးများက မိမိမျိုးဆက်ကို ဆက်လက်ပြန့်ပွားအောင် စွမ်းဆောင်နိုင်ပုံမှာ အံ့မခန်းဖြစ်သည်။ ဗိုင်းရပ်စ်များသည် သူတို့၏ ပရိုတင်းအခွံဖြင့် တွယ်ကပ်နိုင်သော သက်ရှိဆဲလ်များကို ရွေးချယ်၍ တွယ်ကပ်ကြသည်။ ထို့ကြောင့် အချို့ဗိုင်းရပ်စ်များသည် အသည်းဆဲလ်များကိုသာ တွယ်ကပ်ကြပြီးအချို့မှာ ခုခံအားစနစ်အတွက် အဓိကဖြစ်သော သွေးဖြူဥများကို တွယ်ကပ်ကြသည်။ တွယ်ကပ်မိသည်နှင့် ဆဲလ်မျက်နှာပြင်ကို ဖောက်ထွင်း၍ ဆဲလ်အတွင်းသို့ ဝင်ရောက်သွားတော့သည်။

အတွင်းသို့ရောက်သည်နှင့် ဆဲလ်သည် ဗိုင်းရပ်စ်၏ ခိုင်းစေရာကို နာခံရတော့သည်။ ဗိုင်းရပ်စ်များကို ထုတ်လုပ်ပေးရတော့သည်။ ဗိုင်းရပ်စ်များထွက်ပေါ်လာသောအခါ ဆဲလ်သည်ပျက်စီးသွားပြီး ထွက်ပေါ်လာသောဗိုင်းရပ်စ်များသည်လည်း အခြားဆဲလ်များဆီသို့ ထပ်ဆင့်ပြန့်ပွားသွားကြသည်။ ရောဂါဖြစ်ပွားခြင်းကို စတင်လိုက်ခြင်းဖြစ်သည်။

ဗိုင်းရပ်စ်များသည် ဆဲလ်အတွင်းသို့ ဝင်ရောက်၍ ဖျက်ဆီးခြင်းဖြစ်ကာ ဖြစ်ပေါ်လာလျှင်ကုသရန် အလွန်ခက်ခဲသော ရောဂါဖြစ်သည်။ မဖြစ်ရန် ကြိုတင်ကာကွယ်ခြင်းကိုသာ အဓိကအားကိုးကြရသည်။

## COVID –19 ၏ အဖျက်စွမ်းအား

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်ပြည်နယ် ဂျင်ရှင်တန် (Jinyintan) ဆေးရုံ၌ အဆုတ်ရောင်ဝေဒနာရှင်တစ်ဦး၏ ခေတ်ခွဲနမူနာ လည်ချောင်းဆဲလ်များအတွင်း၌ ဗိုင်းရပ်စ်အသစ်တစ်မျိုးကို စတင်တွေ့ရှိခဲ့သည်။ ကွယ်လွန်သွားသော အသက် ၅၀ နှစ်အရွယ် ထိုလူနာကို ရင်ခွဲစစ်ဆေးကြည့်သောအခါ အဆုတ်နှစ်ဖက်စလုံးဆိုးရွားစွာ ပျက်စီးနေသည်ကို တွေ့ရှိရသည်။ ထိုဗိုင်းရပ်စ်ကို COVID –19 ဟု အမည်ပေးခဲ့ကြသည်။

COVID –19 သည် တိရစ္ဆာန်များတွင်တွေ့ရလေ့ရှိသော ဗိုင်းရပ်စ်မျိုးဖြစ်ကာ လင်းနို့များသည် ထိုဗိုင်းရပ်စ်ကို သယ်ဆောင်ထားသော သတ္တဝါများဖြစ်သည်ဟု ယူဆကြသည်။

COVID –19 သည် လူတစ်ဦးမှတစ်ဦး ကူးစက်နိုင်စွမ်းရှိပြီး အဓိကကူးစက်ရာလမ်းကြောင်းမှာ ချောင်းဆိုးနှာချေရာမှ ထွက်လာသော တံတွေး၊ သလိပ်အမှုန်အမွှားများ၊ ထိုအမှုန်အမွှားများတွယ်ကပ်နေသော အသုံးအဆောင်ပစ္စည်းများနှင့် အရာဝတ္ထုများဖြစ်ကြသည်။ အချို့လူနာများ၏ မစင်တွင် ဗိုင်းရပ်စ်များ တွေ့ရှိရသော်လည်း အစားအသောက်မှ ကူးစက်နိုင်စွမ်း ရှိ မရှိ သေချာစွာမသိရသေးချေ။ မိသားစုဝင်များအတွင်း ကူးစက်ခံရမှုသည် အများဆုံးဖြစ်သည်။ တစ်ဆင့်ထပ်မံကူးစက်ခံရနိုင်ချေရှိသည့် ဦးရေ (Basic Production Number: Ro) သည် ၄ ရှိနေသဖြင့် ရောဂါရှိနေသူတစ်ဦးသည် လူလေးဦးကို ထပ်မံကူးစက်နိုင်စွမ်းရှိနေသည်။

ထိုဗိုင်းရပ်စ်သည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်လာပြီး အဆုတ်နှင့်လေရှူပြွန်ဆဲလ်များကို ရွေးချယ်တွယ်ကပ်ကြသည်။ တွယ်ကပ်မိသည်နှင့် အဆုတ်နှင့်လေရှူပြွန်ဆဲလ်များကို လျင်မြန်စွာ ပျက်စီးစေပြီး ၁၄ ရက်အတွင်း ရောဂါလက္ခဏာများ ပေါ်ပေါက်လာသည်။ ကိုယ်အပူချိန်မြင့်လာခြင်း ၈၇ ဒသမ ၉ ရာခိုင်နှုန်း၊ ချောင်းခြောက်ဆိုးလာခြင်း ၆၇ ဒသမ ၇ ရာခိုင်နှုန်း၊ နုံးချွေခြင်း ၃၈ ဒသမ ၁ ရာခိုင်နှုန်း ၊ သလိပ်ထွက်ခြင်း ၃၃ ဒသမ ၄ ရာခိုင်နှုန်း၊ အသက်ရှူမဝခြင်း ၁၈ ဒသမ ၆ ရာခိုင်နှုန်း၊ လည်ချောင်းနာခြင်း ၁၃ ဒသမ ၉ ရာခိုင်နှုန်း၊ ခေါင်းကိုက်ခြင်း ၁၃ ဒသမ ၆ ရာခိုင်နှုန်း၊ အဆစ်အမျက်နှင့် ကိုယ်လက်ကိုက်ခဲခြင်း ၁၄ ဒသမ ၈ ရာခိုင်နှုန်း၊ ချမ်းတုန် ခြင်း ၁၁ဒသမ ၄ ရာခိုင်နှုန်း၊ ပျို့အန်ခြင်း ၅ ဒသမ ၀ ရာခိုင်နှုန်း၊ နှာရည်ယိုခြင်း ၄ ဒသမ ၈ ၊ ဝမ်းလျှောခြင်း ၃ ဒသမ ၇ ရာခိုင်နှုန်း၊ ချောင်းဆိုးသွေးပါခြင်း ၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် မျက်စိနာခြင်း ၀ ဒသမ ၈ ရာခိုင်နှုန်းတို့သည် ရောဂါလက္ခဏာများ ဖြစ်ကြသည်။

အသေအပျောက်နှုန်းသည် အသက် ၈၀ နှစ် အထက်တွင် ၂၁ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ရောဂါအခံတစ်ခုခု (သွေးတိုး၊ ဆီးချို၊ ကင်ဆာ) ရှိနေလျှင်လည်း အသေအပျောက်နှုန်း ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရသည်။

ထိုဗိုင်းရပ်စ်၏ အန္တရာယ်ကို မည်သို့ကာကွယ်ကြမည်နည်း။

## အရေးကြီးလာပြီဖြစ်သော ကိုယ်စီအသိတရား

ဉာဏ်မျက်စိကိုဖွင့်၍ အသိတရားဖြင့် ရင်ဆိုင်လျှင် COVID –19 တစ္ဆေကို ကြောက်စရာမလိုချေ။

ရှေးဦးစွာ မိမိကိုယ်ကို ကာကွယ်တတ်ရန်လိုအပ်သည်။ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဖြစ်စေ၊ ရောဂါပိုးများ တွယ်ကပ်နေသော အရာဝတ္ထုများမှတစ်ဆင့်ဖြစ်စေ ကူးစက်နိုင်သည်ကို သိနားလည်ထားခြင်းသည် အဓိကကျသော အသိတရားဖြစ်သည်။ လူထူထပ်သော နေရာများကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး မဖြစ်မနေသွားရမည်ဆိုပါက နှာခေါင်းစည်းကို အသုံးပြုရမည်ဖြစ်သည်။ လက်ကို စင်ကြယ်အောင် မကြာခဏဆေးကြောခြင်း၊ အရက်ပြန် ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် သန့်စင်ခြင်းတို့သည် အမြဲပြုလုပ်နေရမည့် ကာကွယ်နည်းများဖြစ်သည်။ အာဟာရပြည့်ဝစွာ စားသောက်ခြင်း၊ ကောင်းစွာ အိပ်စက်အနားယူခြင်း၊ နေ့စဉ်ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိခြင်း၊ ဘုရားရှိခိုးမေတ္တာပို့ခြင်းတို့ဖြင့် ကိုယ်ခံစွမ်းအားကို ပြည့်ဝနေစေရမည် ဖြစ်သည်။ COVID –19 အကြောင်း နောက်ဆုံးသတင်းများကိုလည်း နားစွင့်နေရမည်ဖြစ်သည်။

မိမိထံမှ သူတစ်ပါးဆီသို့ မကူးစက်ရန်လည်း ကာကွယ်နိုင်ရမည်ဖြစ်သည်။ ရောဂါလက္ခဏာများကို သိရှိထား၍ သံသယရှိလျှင် ခရီးသွားခြင်း၊ လူထူထပ်သည့်နေရာများအား သွားခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ခွဲစိတ်ခန်းသုံးပါးစပ်နှင့် နှာခေါင်းစည်းကို သုံးပြီး နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံစွာ ဖုံးအုပ်ထားရမည်ဖြစ်သည်။ အသုံးပြုပြီးသော နှာခေါင်းစည်းများကိုလည်း လုံခြုံစွာစွန့်ပစ်ရမည်ဖြစ်သည်။ နှာခေါင်းစည်း မရှိသေးခင် ရုတ်တရက် နှာချေ ချောင်းဆိုးလျှင် လက်မောင်း၊ တံတောင်ကွေးတို့နှင့်ဖုံးအုပ်ထားရမည်ဖြစ်ပြီး လက်ဖဝါး၊ လက်ကိုင်ပဝါ၊ အဝတ်စများကို အသုံးမပြုသင့်ချေ။ တံတွေးသလိပ်ထွေးလိုပါလျှင် ပလတ်စတစ်အိတ်ထဲသို့ သေချာစွာထွေးပြီး လုံအောင်ပိတ်၍ စွန့်ပစ်ရမည်ဖြစ်သည်။

ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အင်နှင့်အားနှင့် ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများကို ကူညီရန်မှာ နိုင်ငံသားတိုင်း၏ မဖြစ်မနေတာဝန်တစ်ရပ်ဖြစ်လာသည်။ ရောဂါသံသယရှိသူများကို ဖော်ထုတ် ရာတွင် ကျန်းမာရေးဝန်ထမ်းများကို ကူညီရမည်ဖြစ်သည်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်များအတွင်း၌ သော်လည်းကောင်း၊ မိတ်ဆွေများအတွင်း၌ သော်လည်းကောင်း သံသယရှိသောသူ တစ်စုံတစ်ယောက်တွေ့ရှိခဲ့လျှင် ချက်ချင်းသတင်းပို့ခြင်းသည် ရောဂါပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ရန် အလွန်အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်သည်။ သီးခြားခွဲထားခြင်း (isolation)၊ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine)၊ တို့သည် အခိုက်အတံ့အားဖြင့် ကသိကအောက်ဖြစ်စေသော်လည်း မိမိကိုယ်တိုင်နှင့် အခြားသူများ၏ အသက်ကို ကယ်တင်နေခြင်းဖြစ်သည်ဟု သိနားလည်ကာ ထိုအသိကိုလည်း မျှဝေပေးကြရမည်ဖြစ်သည်။ ပွဲလမ်းသဘင်နှင့် လူစုလူဝေးများကို ပိတ်ပင်တားမြစ်ထားခြင်းသည် လုပ်ချင်သည်ထက် လုပ်သင့်သည်ကို ပြုလုပ်ခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်သင့်သည်။

## တစ္ဆေနိုင် ဂါထာ

သက္ကရာဇ် ၁၉၁၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကျရောက်နေသော တုပ်ကွေးရောဂါကို American Public Health Association (APHA) က တိုက်ဖျက်နေစဉ် San Diego မြို့ လူထုအကြားတွင် ခေတ်စားခဲ့သော ကဗျာကလေးတစ်ပုဒ်ရှိခဲ့ဖူးသည်။ ထိုကဗျာ ကလေးမှာ

Obey the Laws
And wear the Gauze
Protect your Jaws
From septic Paws

စာရေးသူသည် အောက်လမ်းဆရာတစ်ယောက် မဟုတ်သော်လည်း COVID –19 တစ္ဆေကိုနိုင်သော ဂါထာတစ်ပုဒ်ကို စီရင်ထားသည်။

လျင်စွာ ဂရုပြု
လူစုရှောင်ကွင်း
သန့်ရှင်းလက်များ
နှာခံတွင်းနှင့်ကိုင်တွယ်ခြင်းများ
သတိထား

ထိုဂါထာကို နံနက်ညတစ်နေ့ သုံးကြိမ်ရွတ်လိုက်နာမည်ဆိုလျှင် COVID – 19 တစ္ဆေ၏အန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ဉာဏ်မျက်စိအမြင် ကျယ်ပြန့်စွာဖွင့်၍ COVID –19 အန္တရာယ်ကို ကျန်းမာရေးဝန်ထမ်းများနှင့် အတူတကွ ပူးပေါင်းကာကွယ်ကြပါစို့။

ရည်ညွှန်း

Report of the WHO–China Joint Mission on Coronavirus Disease 2019(COVID–19); 16–24 February 2020

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးထိန်းချုပ်ရေး လမ်းညွှန်ချက်များ။

**“တစ်ဦးချင်း၏ ကိုယ်စီအသိတရားသည် အလွန်အရေးကြီးလာသည်။ ထိုဗိုင်းရပ်စ်၏ သဘောသဘာဝနှင့် ပျံ့နှံ့ပုံအကြောင်း သိနားလည်ထားခြင်းသည် မိမိကိုယ်တိုင်ကူးစက်မခံရအောင်လည်းကောင်း၊ မိသားစုဝင်များနှင့် မိတ်ဆွေများ ကူးစက်မခံရအောင်လည်းကောင်း၊ ကျန်းမာရေး ဝန်ထမ်းများ၏ ရောဂါတိုက်ဖျက်ရေးတွင် ပါဝင်ကူညီနိုင်ရန်လည်းကောင်း သေရေးရှင်ရေး အဆုံးအဖြတ်ပေးနေသော အသိတရားဖြစ်”**

## ဝန်းသိုမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေကျပ် သိန်းတစ်ထောင်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၃၆ ခုဆောင်ရွက်မည်

**ဝန်းသို မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ၃၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ဝန်းသိုမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ တွင် ကျေးလက်လမ်း/တံတားလုပ်ငန်း ၃၁ ခုကို ငွေကျပ်သိန်း ၈၀၅ ဒသမ ၁၀၊ ရေရရှိရေး လုပ်ငန်းလေးခုကို ငွေကျပ် ၁၃၀ ဒသမ ၉၅ သိန်း ပြည်သူလူထု အမှန်တကယ်လိုအပ်သော အခြားလုပ်ငန်းတစ်ခုကို ငွေကျပ် ၃၃ ဒသမ ၉၅ သိန်းနှင့် အထွေထွေ အသုံးစရိတ်ငွေကျပ်သိန်း ၃၀ စုစုပေါင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၆ ခုကို လွှတ်တော်ရန်ပုံ ငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလွှဲအပ်ပွဲ ကျင်းပစဉ်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒေါင်းမြူးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာကျေးရွာ လုပ်ငန်းကော်မတီများထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**

## ပြည်ပမှပြန်လာသူများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် နှိုးဆော်

**ကျောင်းကုန်း မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ ပြည်ပမှ ပြန်လာသူများရှိပါက အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ရန် မှာကြားသည်။

ကျောင်းကုန်းမြို့တွင် ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာ ၆၅ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ COVID-19 သည် လူစုလူဝေး များပြားရာနေရာတွင် လျင်မြန်စွာ ကူးစက်နိုင်သည့်အတွက် ပြည်ပမှပြန်လာပြီး မိမိတို့ ဇာတိရပ်ရွာ၌ အလှူမင်္ဂလာပွဲများ လာရောက်သူရှိလျှင် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် ကျန်းမာရေးအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့မရဲစခန်းမှူး ဒုရဲမှူးလှတင့်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် တောင်ကုတ်မြို့နယ် ဝဲကြီးကျေးရွာ သည်းခံတောင်ဘုန်းကြီးကျောင်းတွင် မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

## COVID-19 ရောဂါကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေး ညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၁၆**

COVID-19 ဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီး အတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အမှာစကားပြောကြားပြီး COVID-19 စောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အတွင်းရေးမှူး ဒေါက်တာသန်းသန်းမြင့်တို့က COVID-19 ဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်း လူမှု/ စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။



တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် အမှာစကားပြောကြားစဉ်။

ထို့နောက် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လူမှု/စီးပွားကဏ္ဍများတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ကြိုတင်ထိန်းချုပ်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး ခေတ္တဝန်ကြီး ချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဖြူး မတ် ၁၆**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် စားသုံးသူများ မိမိတို့အခွင့်အရေးကို သိရှိနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စားသုံးသူ ရေးရာဦးစီးဌာနမှ ဈေးအတွင်းရှိ ဈေးရောင်း/ဈေးဝယ်ပြည်သူများအား ယမန်နေ့က အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ဖြန့်ဝေရာတွင် စားသုံးသူများ အခွင့်အရေးကို သိရှိနိုင်ရန်အတွက် စားသုံးသူအခွင့်အရေးရှစ်ချက်နှင့် အခွင့်အရေးများနစ်နာဆုံးရှုံးပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူပေးနိုင်ကြောင်း အသိပညာပေးထားသည့် လက်ကမ်းစာစောင်များကို ဖြူးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ ဆီထွက်နှုန်း ၄၅ ရာခိုင်နှုန်းအထိ ရရှိမည့် အိန္ဒိယမျိုးနေကြာများ စမ်းသပ်စိုက်ပျိုး

**မန္တလေး မတ် ၁၆**

မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ ဆီထွက်နှုန်း ၄၅ ရာခိုင်နှုန်းအထိရရှိမည့် အိန္ဒိယနိုင်ငံ မျိုးနေကြာများကို ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသတွင် စမ်းသပ်စိုက်ပျိုးထားသည်။

"ပြည်တွင်းစိုက်ပျိုးတဲ့ နေကြာတွေက တစ်ဧကကို အနည်းဆုံး ၁၄၊ ၁၅ တင်းထွက်တာရှိသလို၊ တင်း ၄၀ အထိထွက်တာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဆီထွက်နှုန်းကတော့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ထွက်ပါတယ်။ ကျွန်တော်တို့အသင်းက စိုက်ပျိုးထားတဲ့ နေကြာတွေဟာ တင်း ၄၀ ထွက်တဲ့အပြင် ဆီထွက်နှုန်းကလည်း ၄၅ ရာခိုင်နှုန်းရှိပါတယ်။ တောင်သူတွေ အကျိုးအတွက် ကျွန်တော်တို့အသင်းအနေနဲ့ စမ်းသပ်စိုက်ပျိုးနေတာဖြစ်ပါတယ်" ဟု အဆိုပါအသင်း အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။

ယခု စမ်းသပ်စိုက်ပျိုးထားသည့် နေကြာမျိုးများမှာ ထူးခြားချက်အနေဖြင့် စိုက်၊ ကြဲစနစ်ဖြင့် စိုက်ပျိုးလျှင် တစ်ဧက တင်း ၄၀ ခန့်ထွက်ရှိပြီး ဆီပါဝင်မှုမှာလည်း ၄၅ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်မည်ဖြစ်သည်။

"ကျွန်တော်တို့အသင်းက လက်ရှိနေကြာ စိုက်ပျိုးမှုအနေနဲ့ ၆၂ ဧကစိုက်ပျိုးထားပါတယ်။ အထွက်နှုန်း ဘယ်လောက်ရမလဲ၊ အောက်တန်းဘယ်လောက်ရမလဲ၊ တွက်ချက်သွားပြီး တောင်သူတွေဘယ်လို အကျိုးအမြတ်ရမလဲဆိုတာကို ချပြသွားမှာဖြစ်ပါတယ်။ လာမယ့်နှစ်အတွက် နေကြာမျိုးနဲ့ နှစ်ကီလိုထုပ် အထုပ် ၈၀၀၀ လောက်ရထားတယ်။ ဒီအရေအတွက်က ဧကတစ်သောင်းလောက် စိုက်လို့ရပါတယ်။ လိုချင်တဲ့သူများများတဲ့အတွက် သူတို့လိုသလောက် အထိတော့ ပေးနိုင်ခြင်းမရှိသေးပါဘူး" ဟု ဦးသန်းလွင်က ပြောသည်။

ယခုစိုက်ပျိုးထားရှိသော အိန္ဒိယနိုင်ငံမျိုးနေကြာများကို တောင်သူများ စိုက်ပျိုးနိုင်ရန်အတွက် ရောင်းချပေးရန်စီစဉ်သော်လည်း လိုအပ်သလောက် ပေးနိုင်သည့် အနေအထားတွင် မရှိသေးသည့်အတွက် လိုအပ်လာပါက စိတ်ချသေချာသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်ကာ ဝယ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း၊ စိုက်ပျိုးမှုလုပ်ဆောင်ရန်အတွက် မန္တလေးခရိုင်အတွင်းတွင် မြေနေရာရှားပါးခြင်း၊ မြေဈေး ကြီးမြင့်ခြင်းတို့ကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

လက်ရှိ စိုက်ပျိုးထားသော နေကြာများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် လက်ရှိကာလ၌ ဆီထွက်သီးနှံတစ်ခုဖြစ်သည့် မြေပဲလုံးဆံ (အနီ) ကို တရုတ်နိုင်ငံက ဆက်တိုက်ဝယ်ယူလျက်ရှိပြီး ဈေးနှုန်းမှာ ယမန်နှစ် ပေါက်ဈေးဖြစ်သည့် တစ်ပိဿာလျှင်ငွေကျပ် ၃၇၀၀ ခန့်ထိ မရောက်ရှိသေးသော်လည်း အဆိုပါ ဈေးနီးပါးဖြစ်သည့် ငွေကျပ် ၃၃၀၀ အထိ မြင့်တက်လာကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# မူဆယ်မြို့နယ်အတွင်း ဖောက်လုပ်နေသော ကျေးလက်လမ်းများကို ကွင်းဆင်းစစ်ဆေး

**မူဆယ် မတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ကျေးရွာများ၌ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းများကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် တာဝန်ရှိသူများက မတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူခင်းကျင်းနေသော အရှည် ၂၈ မိုင် ၂ ဖာလုံရှိ နမ့်တောင်း-မုံးပေါ်-မုံးကိုးလမ်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အကျယ် ၃၄ ပေ လမ်းချဲ့ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ လမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံစစ်ဆေးနေစဉ်။

ယင်းနောက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၆၄ သန်းဖြင့် မုံးကိုး-ဖောင်းဆိုင်လမ်း အရှည် ၁၁ မိုင် ခင်းကျင်းနေမှုနှင့် ရန်ပုံငွေ ကျပ် ၃၄၆ ဒသမ ၄၅ သန်းဖြင့် မုံးကိုး-ကြူကုတ်လမ်း အရှည် ၁၉ မိုင် ၆ ဖာလုံ ခင်းကျင်းနေမှုများကို ဆက်လက်ကွင်းဆင်း စစ်ဆေးပြီး မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ဖောင်းဆိုင်ကျေးရွာ၌ ပညာရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် နေနဂါးရောင်ခြည် ကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်လျက်ရှိသော ဖောင်းဆိုင်အမက ကျောင်းဆောင်သစ်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

**မိုင်းဘဥာဏ်(ကွတ်ခိုင်)**

# ခန္တီးမြို့၌ လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာများ အသိပညာပေးဟောပြော

**ခန္တီး မတ် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခန္တီးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီးခန္တီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။



လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးဟောပြောစဉ်။

ဟောပြောပွဲတွင် ခန္တီးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူထွန်းက အသက် ၈၅ နှစ်ပြည့် ဘိုးဘွားများ လူမှုရေးပင်စင်လျှောက်လျှင် ဖြည့်သွင်းရမည့် အချက်အလက်များ၊ လိုအပ်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လဝကဦးစီးဌာန၏ ထောက်ခံချက်များ၊ လူမှုရေးပင်စင်ခံစားခွင့်ရသည့် ဘိုးဘွားများအား တစ်ဦးအတွက် တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးနေသည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ဟောပြောပွဲတက်ရောက်သည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်း လက်ရှိ လူမှုရေးပင်စင်ခံစားနေသူ ဘိုးဘွားအရေအတွက်မှာ ခန္တီးမြို့နယ်တွင် ၄၅ ဦး၊ ဟုမ္မလင်းမြို့နယ်တွင် ၂၆၆ ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် ၅၅ ဦး၊ လဟယ်မြို့နယ်တွင် ၅၃ ဦးနှင့် နန်းယွန်းမြို့နယ်တွင် ၆၄ ဦးရှိကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

# မယ်စဲ့မြို့နယ်တွင် မြေငှားဂရန်များ ထုတ်ပေးနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ မတ် ၁၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေယာအရှုပ်အရှင်းကင်းပြီး အမှတ်တွဲနှင့်ပြည့်စုံသော နေအိမ်များကို ပုဂ္ဂလိကမြေငှားဂရန်များ ထုတ်ပေးနိုင်ရန် မြို့မြေငှားဂရန် ကွင်းဆင်းစစ်ဆေးခြင်းကို မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မတ် ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့အတွင်းမှ မြေငှားဂရန်လျှောက်ထားသည့် အမှတ်တွဲများအတွက် မြေပြင်တိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မယ်စဲ့မြို့နယ်တွင် လက်ရှိအစိုးရလက်ထက်၌ စီမံချက်ဖြင့် မြေယာအရှုပ်အရှင်းမရှိသည့် ပုဂ္ဂလိကနေအိမ် ၈၀ ကို ၂၀၁၇ ခုနှစ်က ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၇၂ အိမ်ကို ၂၀၁၈ ခုနှစ်က ဒုတိယအကြိမ်အဖြစ် လည်းကောင်း မြေဂရန်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု တတိယအကြိမ်အဖြစ် ထုတ်ပေးနိုင်ရေးအတွက် လျှောက်ထားသော လက်ရှိအမှတ်တွဲ ၅၃ တွဲအနက် ၁၃ တွဲကို မြေယာအရှုပ်အရှင်းကင်းပြီး အမှတ်တွဲပြည့်စုံမှု ရှိ/မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပြီး ကျန်အမှတ်တွဲများကို မတ် ၁၈ ရက်တွင် ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆက်လက် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ဝတ်ရည်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်မှ ရေရှားပါးသောကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ဂန့်ဂေါ မတ် ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းမှ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော အန်းတားကျေးရွာအတွက် ကန်သာကျေးရွာ ပရဟိတအဖွဲ့ခေါင်းဆောင် ဦးကံထွားနှင့်အဖွဲ့က လှူဒါန်းသော သောက်ရေသန့်ဘူး ၁၀၀ ကို ပါရမီရှင်နာရေးကူညီမှုအသင်းမှ ကားများဖြင့် မတ် ၁၅ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သောက်ရေသန့်ဘူးများကို ပါရမီရှင် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးတင်သောင်းနှင့် အဖွဲ့က သွားရောက်လှူဒါန်းပေးခြင်းဖြစ်ပြီး အန်းတားကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာနေပြည်သူများထံသို့ နေအိမ်အရောက် လိုက်လံပို့ဆောင် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ နွေရာသီ အခမဲ့ ကွန်ပျူတာသင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်၌ ကျောင်းသားကျောင်းသူများ နွေကျောင်းပိတ်ရက်ကာလအတွင်း ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုတတ်စေရန် ရည်ရွယ်၍ အခမဲ့ကွန်ပျူတာသင်တန်းကို မတ် ၁၁ ရက်မှ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဧပြီ ၁၁ ရက်အထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္လာမှ စနေအထိ တစ်ပတ်ခြောက်ရက်၊ တစ်ရက်လျှင် သင်တန်းချိန် နှစ် နာရီကြာသော တန်းခွဲသုံးခု ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်း တန်းခွဲသုံးခုသို့ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းဖွင့်

**တပ်ကုန်း မတ် ၁၆**

နေပြည်တော် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းကို မတ် ၁၆ ရက်က အဆိုပါဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာနှင်းသီတာမြင့်က အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းညွန့်က စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာရပ်များ လိုအပ်ပါက အကူအညီပေးရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဇာနည်ဝင်းအောင် ကြီးကြပ်၍ ဒေါက်တာကောင်းစိုးစံ၊ ဒေါက်တာဝတ်ရည်ဦးနှင့် ဒေါက်တာကျော်သူတို့က အဆိပ်နှင့် ရာသီဥတုဒဏ်ရာ၊ ရောဂါပိုးများကို တုံ့ပြန်ခြင်း၊ ပေါင်ပုပ်လက်ပုပ်၊ ခွာနာလျှာနာ၊ ဝက်နားရွက်ပြာ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ နှာပိတ်၊ ကပ်ပါး၊ ပလိပ်၊ ချောင်းဆိုး၊ ဝမ်းလျှော၊ ပြည်တည်နာ၊ ခွာလိုးဖြတ်ခြင်း စသည့် ရောဂါများအကြောင်းကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား ၁၄ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ကျောက်ဆည်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲရေလှောင်တမံကြီးအနီးရှိ ရဲကျေးရွာ၌ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရွာတွင်းနှင့် ရွာပြင်ရှိ လမ်းဘေးဝဲယာနေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မတ် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။

"အခုလို စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွေကို လစဉ် တစ်ခါတော့ လုပ်ဖြစ်ပါတယ်၊ သန့်ရှင်းရေးတွေလုပ်တော့ ကျေးရွာဥပဓိရုပ်ကောင်းပြီး မြင်ရသူတွေအဖို့ စိတ်ချမ်းသာသလို ကျန်းမာရေးအတွက်လည်း ကောင်းတာပေါ့"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းနိုင်က ပြောသည်။ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းဝင်များ၊ ရဲရွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပခုက္ကူ၌ နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲ ကျင်းပ

**ပခုက္ကူ မတ် ၁၆**

ပခုက္ကူမြို့နယ် သမဝါယမအသင်းစု၏ ပံ့ပိုးကူညီမှုဖြင့် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ပန်းချီပန်းပုအစည်းအရုံးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၁၆ ရက်က ပခုက္ကူခရိုင်ပြန်/ဆက်ရုံး ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်ဌေးအောင်က သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များနှင့် ဌာန၏ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့နယ် ပန်းချီပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးတင်လှိုင်က ပန်းချီအနုပညာ၏ အဓိပ္ပာယ်နှင့် အနှစ်သာရများအကြောင်းနှင့် သင်တန်းတွင် ပို့ချသင်ကြားပေးခဲ့သည့် အခြေခံပန်းချီဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအတွက် ပြုလုပ်ပေးခဲ့သည့် စိတ်ကြိုက် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ် ပန်းချီပန်းပု အစည်းအရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းတွင် ပခုက္ကူမြို့နယ် ပန်းချီပန်းပုအစည်းအရုံးဥက္ကဋ္ဌနှင့် အတူ အစည်းအရုံးဝင် ပန်းချီပညာရှင်များဖြစ်သည့် ဦးဖိုးသန်းဝင်း၊ ဦးဝမ်းတစ်ဦး၊ ဦးတင်ဌေး၊ ဦးဟန်ထွန်းဦး၊ ဦးအောင်နိုင်တိုး၊ ဦးခွန်ဖြိုးကိုကိုနှင့် ဦးဝင်းခိုင်(ခိုင်နဒီ) တို့က အခြေခံပန်းချီပညာရပ်များကို မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သင်တန်းကာလ တစ်ပတ်ကြာ သင်ကြားပေးခဲ့ကာ သင်တန်းသို့ ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၅၀ ကျော် တက်ရောက်သင်ကြားခဲ့ကြောင်းသိရသည်။

**ဆလိုင်းကိုကီး**

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

**ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

၄၁၄။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအချက်များကို သက်သေထင်ရှား တင်ပြနိုင်လျှင် ထိုသူက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည်–

(၁) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာနှင့် သင့်လျော်စွာလိုက်နာခဲ့ခြင်း၊

(၂) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် သင့်လျော်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် မျှော်မှန်းနိုင်ခြင်းမရှိသည့် အခြေအနေများရှိခဲ့ခြင်း။

( ခ ) ပုဒ်မ၄၀၄ပါပြဋ္ဌာန်းချက်များကိုကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိမှ အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည်–

(၁) ကုမ္ပဏီသည် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီက ဆောင်ရွက်ရမည့် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များ အားလုံးကို ဒါရိုက်တာ သို့မဟုတ် အရာရှိက လိုက်နာဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း သို့မဟုတ်

(၃) ကုမ္ပဏီက သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် မျှော်မှန်းနိုင်ခြင်း မရှိသည့်အခြေအနေများ ရှိခဲ့ခြင်း။

**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာမှုတွင် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

၄၁၅။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် ထိုစွဲဆိုမှုများကို စစ်ဆေးကြားနာခြင်းပြုရာတွင် ထိုသူသည် ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ခဲ့သည့် အနေအထားရှိနိုင်ကြောင်း တရားရုံးက တွေ့ရှိရသော်လည်း အောက်ပါအခြေအနေများ ဖြစ်ပေါ်ပါက ထိုဆန့်ကျင်ဆောင်ရွက်မှုအတွက်ကြောင့် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်းဖြင့် တာဝန်ရှိနိုင်မည့် တာဝန်ရှိမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်–

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်း၊

(၂) သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကုမ္ပဏီတစ်ခု၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးအဖြစ် ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပါအဝင် အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ ဆန့်ကျင်ဆောင်ရွက်မှုအတွက် ကင်းလွတ်ခွင့် ပြုသင့်ကြောင်း ပေါ်ပေါက်ခြင်း။

( ခ ) တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၎င်းအပေါ်တွင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှု များကို ပြုလုပ်မည်ဟု ထင်မြင်ယူဆလျှင် ထိုသူသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် တရားစွဲဆို ဆောင်ရွက်မှုကို ၎င်း၏ရုံးတွင် စတင်စွဲဆို ဘိသကဲ့သို့ မှတ်ယူ၍ ပုဒ်မခွဲ (က) အရ သက်သာခွင့်ကို ပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့်ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်း မရှိစေရ။

**အခန်း (၅)**

**အထွေထွေ**

**နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် လမ်းညွှန်ချက်များ**

၄၁၆။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြုလုပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော် ပြန်တမ်းတွင် ကြေညာရမည်။

**စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် အထူးတရားရုံးများ တည်ထောင်ရန် အာဏာ**

၄၁၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သင့်တော်သောတရားရုံးများအား လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို ကြီးကြပ်ခြင်းနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုများနှင့် ပြန်လည်ထူထောင်ခြင်းနှင့် လူမွဲခံယူခြင်းဆိုင်ရာ အမှုများ စစ်ဆေးစီရင်ရန် အထူးစီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထူးတရားရုံး တည်ထောင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ဤဥပဒေနှင့် သက်ဆိုင်စေခြင်း**

၄၁၈။ (က) ဤဥပဒေစတင်အာဏာတည်သည်နှင့်တစ်ပြိုင်နက် ကုမ္ပဏီများ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းများ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအပါအဝင် လူမွဲခံယူခြင်းများနှင့် တစ်သီးပုဂ္ဂလနှင့် မှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံယူခြင်းများနှင့် စပ်လျဉ်း၍ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

( ခ ) ဤဥပဒေသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ဆဲအမှုများကို ဆက်လက် ဆောင်ရွက်စေခြင်း**

၄၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအာဏာတည်သည့် နေ့ရက်မတိုင်မီက ဆောင်ရွက်နေသော ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်း၊ တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ အစုစပ်လုပ်ငန်းများဖျက်သိမ်းခြင်းနှင့် တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ယခင်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**စာချုပ်စာတမ်းများနှင့် စာရွက်စာတမ်းများကို ဆက်လက်အကျိုးသက်ရောက်စေခြင်း**

၄၂၀။ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက် မတိုင်မီက ပြုလုပ်ထားသော လွှဲပြောင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများသည် ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်။

**ဆောင်ရွက်ဆဲ လျှောက်လွှာများ**

၄၂၁။ (က) ယခင်ဥပဒေအရပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်အား ဖျက်သိမ်းရန် လျှောက်ထားမှုတစ်ရပ်ရပ်ကို ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိသည့်အပြင် လျှောက်ထားသူက ရုပ်သိမ်းခြင်းမပြုပါက ယင်းလျှောက်လွှာကို ဤဥပဒေအရ လျှောက်ထားခဲ့သော လျှောက်ထားမှုတစ်ရပ်အဖြစ် မှတ်ယူရမည်။

( ခ ) ပုဒ်မခွဲ (က) တွင်ပါရှိသော လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် လျှောက်ထားသူသည် မိမိ၏ လျှောက်လွှာကို ပြင်ဆင်ရန် လျှောက်ထားနိုင်သည်။

**ယခင်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ထားမှုများသည် ဆက်လက်အကျိုးသက်ရောက်မှုရှိခြင်း**

၄၂၂။ ဤအခန်းပါ အခြားသောပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ အောက်ပါကိစ္စရပ်များသည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ဆက်လက်အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်–

(က) ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ခဲ့ခြင်း၊

( ခ ) ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ဆက်လက် ဆောင်ရွက်နေခြင်း။

**ရရှိထားသော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရှိခြင်း**

၄၂၃။ ဤအခန်းပါအခြားသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက တရားရုံး၏အမိန့်အရ ရရှိသည့်ကိစ္စရပ်မှအပ တစ်ဦးတစ်ယောက်က ဤဥပဒေအရ ရရှိသည့် အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ရရှိသည့်အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှု ဖြစ်သည်ဟု မှတ်ယူရမည်။

**ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်များကို ဆက်လက်အကျိုးသက်ရောက်စေခြင်း**

၄၂၄။ ယခင်ဥပဒေများအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

**မူလဥပဒေများကို ပြန်လည်ရုပ်သိမ်းခြင်း**

၄၂၅။ The Yangon Insolvency Act. (INDIA Act III, 1909) နှင့် The Myanmar Insolvency Act. (INDIA Act V, 1920) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဘားအံမြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဘားအံ မတ် ၁၆**

ခြောက်သွေ့ရာသီရောက်လာသည်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကရင်ပြည်နယ် စည်ပင်သာယာရေးနှင့် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနတို့မှ ပူးပေါင်း၍ ယမန်နေ့က ကရင်ပြည်နယ် ဘားအံမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်မှုဖြင့် မီးငြှိမ်းသတ်မှု သရုပ်ပြခြင်း၊ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြခြင်းများကို ဆောင်ရွက်ပြီး မီးသတ်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်းက သရုပ်ပြလေ့ကျင့်မှုနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားရာ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် လက်ထောက် ညွှန်ကြားရေးမှူး၊ ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် လက်ထောက် ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## အဆင့်မြင့်မော်တာအပ်ချုပ်စက် သင်တန်းဆင်း

**ဘားအံ မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်း ဆင်းပွဲကို ယမန်နေ့က ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်(ကွက်သစ်)ရှိ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းကို ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ဘားအံ၊ ကော့ကရိတ်၊ သံတောင်ကြီး၊ ဖာပွန်မြို့နယ်များရှိ ကျေးရွာများမှ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# မိုးနဲမြို့ တည်ဆောက်ရေးလုပ်ငန်းများသို့ လာရောက်စစ်ဆေး

**မိုးနဲ မတ် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေး ခရိုင် မိုးနဲမြို့နယ်အတွင်း ဆောင်ရွက် လျက်ရှိသော နမ့်စန်-မိုးနဲ-မိုင်းတုံ - မိုင်းဆတ် (ပြည်ထောင်စုလမ်း)နှင့် အခြေခံပညာအထက်တန်းကျောင်း (မိုးနဲ) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို စီမံကိန်း စိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန (နေပြည်တော်) ညွှန်ကြား ရေးမှူးဒေါ်အေးအေးဝင်း၊ လင်းခေး ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးကျော်သူရ နှင့် မိုးနဲမြို့နယ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီမှ တာဝန် ရှိသူများသည် ယမန်နေ့က ရောက်ရှိ စစ်ဆေးသည်။ (ယာပုံ)



ယင်းသို့ စစ်ဆေးရာတွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် လမ်းဦးစီးဌာန ပြည် နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် (ပြည် ထောင်စုလမ်း) မိုးနဲလမ်းပိုင်း ၂၇ ကီလိုမီတာမှ ၃၂ ဒသမ ၅၄ ကီလို မီတာအထိ ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်း ချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၀၀ ဒသမ ၅၉၂ သန်းဖြင့် တင်ဒါအောင် ပုလဲမြင့်မြတ်ဆောက်လုပ်ရေး ကုမ္ပဏီ မှ အလျား ပေ ၁၄၀၊ အနံပေ ၃၀ (အာစီစီ) အမျိုးအစားနှစ်ထပ်ကျောင်း ဆောင်သစ်ဆောက်လုပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် (ပြည်ထောင်စု လမ်း) မိုးနဲလမ်းပိုင်း ကတ္တရာလမ်းချဲ့ခင်းခြင်း လုပ်ငန်းကို မြို့နယ်လမ်းဦးစီးဌာန၊ BLK Htoo ကုမ္ပဏီနှင့် မျိုးငွေစိုးကုမ္ပဏီတို့က လမ်းပိုင်းအလိုက် တာဝန်ယူဆောင် ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံသစ် တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ကန့်ဘလူ မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်း ၁၆၃ ဒသမ ၂၀ ဖြင့် ဌာနမှတာဝန်ယူ၍ ယခုနှစ်ဇန်နဝါရီ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ၈၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဒေါ်မေဇော်ဦးက ပြောသည်။

ဆောက်လုပ်နေသော ရုံးအဆောက်အအုံသစ်မှာ အလျား ၈၅ ပေ၊ အနံ ၃၆ ပေ အာစီနှစ်ထပ်ဖြစ်ပြီး ဆက်စပ်လုပ်ငန်းများဖြစ်သည့် မိလ္လာကန် တည်ဆောက်ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ စက် ရေတွင်းတူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ရုံးရှေ့ရေမြောင်းပြုလုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်းများပါဝင်ပြီး ယင်းလုပ်ငန်းများကို ယခုနှစ်မေလကုန်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဖားကန့်မြို့ ကျောက်စိမ်းတွင်းသာသနာ့ဗိမာန်တော်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေကျပ်သိန်းတစ်ရာလှူဒါန်း

**ဖားကန့် မတ် ၁၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဖားကန့်မြို့မော်ဝမ်းရပ်ကွက်ရှိ ကျောက်စိမ်း တွင်းသာသနာ့ဗိမာန်တော် ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် သာသနာ့ဗိမာန် တော် အချောသတ်ပြီးစီးမှုကော်မတီထံသို့ ယမန်နေ့က ဖားကန့်မဏိဇေယျ ကျောင်းတိုက်၌ ငွေကျပ်သိန်းတစ်ရာ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်းပွဲတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဗမာတိုင်း ရင်းသား လူမျိုးရေးရာဝန်ကြီးဦးခင်မောင်မြင့်က သာသနာ့ဗိမာန်တော် အချော သတ်ပြီးစီးမှု ကော်မတီထံသို့ ငွေကျပ် သိန်းတစ်ရာပေးအပ်လှူဒါန်းခဲ့ပြီး ကချင် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ရှင် ၁၀၀၀ အလှူပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပေးခဲ့သော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရတနာဆင်သီရိကုမ္ပဏီ၊ Seven Star ကုမ္ပဏီနှင့် ဖွဲကပင်ကုမ္ပဏီတို့အား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ဖားကန့်မြို့နယ် သံဃနာယက ဆန်းကြွယ်ဆရာတော် ဘဒ္ဒန္တဦးကဝိသာရ က ရေစက်ချတရားအနုမောဒနာများ ဟောကြားပေးခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးနှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအားတီယောဟန်၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်း အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်စိမ်းတွင်းသာသနာ့ ဗိမာန်တော် အချောသတ်ပြီးစီးမှု ကော်မတီအဖွဲ့ဝင်များနှင့် ကျောက်မျက် လုပ်ငန်းရှင်များအသင်း(ဖားကန့်)တို့က တရားတော်များနာယူခဲ့ကြသည်။

ကျောက်စိမ်းတွင်းသာသနာ့ဗိမာန်တော်ကို ၁၃-၂-၂၀၁၄ ရက်နေ့မှ စတင်ကာ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများနှင့်စေတနာရှင် အလှူရှင်တို့၏ လှူဒါန်းမှုများစုပေါင်း၍ အာစီနှစ် ထပ်၊ အလျားပေ ၁၂၀၊ အနံပေ ၈၀ ကျယ်ဝန်းသည့် အဆောက်အအုံပုံစံဆောက် လုပ်ခဲ့ကြခြင်းဖြစ်သည်။

သာသနာ့ဗိမာန်တော်၏ ဘုရားခန်းအတွင်း ကျောက်စိမ်းပြားများကပ်ကာ ဉာဏ်တော်ခြောက်ပေအမြင့်ရှိ ကျောက်စိမ်းဘုရား ထားရှိပူဇော်ကိုးကွယ်သွား မည် ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘောေး**

MOPFI
MINISTRY OF PLANNING FINANCE AND INDUSTRY

MYANMA INSURANCE

မြန်မာ့အာမခံလုပ်ငန်း

သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးတောင်းခံခြင်း

စက်တပ်ယာဉ်ထိခိုက်မှုကြောင့် သေဆုံးသူတစ်ဦးအတွက် ကျပ်-၁၀ သိန်း၊ ဒဏ်ရာရသူတစ်ဦးအတွက် အများဆုံး ကျပ်-၈ သိန်းအထိ သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးများကို လိုအပ်သောစာရွက်စာတမ်း အထောက်အထားများပြည့်စုံပါက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်အပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး/ခရိုင်ရုံးများ) တွင် နစ်နာကြေးအား ချက်ချင်း လာရောက်လျှောက်ထား ထုတ်ယူနိုင်ပါသည်။

နစ်နာကြေးတောင်းခံလွှာပုံစံများအား အခမဲ့ထုတ်ပေးလျှက်ရှိပြီး အသေးစိတ်သိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း Website ဖြစ်သော www.mminsurance.gov.mm မှလည်း Download ရယူနိုင်ပါသည်။

မြန်မာ့အာမခံလုပ်ငန်း

## စားသုံးသူမိဘပြည်သူများသို့ မေတ္တာရပ်ခံ ပန်ကြားချက်

သဇင်ဘီစကစ် မုန့်မျိုးစုံကို အစဉ်တစိုက် ဝယ်ယူအားပေးကြသော မိဘပြည်သူများခင်ဗျား.....

ကျွန်တော်များ မြန်မာအမျိုးသားပိုင် မန္တလေး သဇင်ဘီစကစ်မှ ထုပ်လုပ်သော သဇင်ဆိတ်နို့ ဘီစကစ်၊ စပါယ်ရှယ် ဘာတာဘီစကစ် အပါအဝင် မုန့်များကို မိဘ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရဖြစ်စေရန်အတွက် သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းပစ္စည်းများကိုသာ ရွေးချယ်အသုံးပြု ထုတ်လုပ်ထားပါသည်။ ဘေးဖြစ်စေတတ်သော ဓာတုဆိုးဆေးများ အသုံးပြုထားခြင်း မရှိပါ။ ယခုအခါ ခေတ်နှင့်အညီ စားသောက်ကုန် အညွှန်းအမှတ်အသား များကိုလည်း မုန့်အထုပ်များပေါ်တွင် ကပ်နိပ်ဖော်ပြထားပါသည်။ ဈေးကွက်အတွင်းတွင် ကျန်ရှိနေသော ကုန်အညွှန်းအမှတ်အသားများ မပါရှိသော မုန့်ထုပ်များကို ဆက်လက်ရောင်းချခြင်း မလုပ်ရန်နှင့် လက်ကျန်မုန့်များကို မိမိတို့ဝယ်ယူခဲ့သော နယ်ကုန်သည်များမှသော်လည်းကောင်း၊ အောက်ဖော်ပြပါ နယ်ကိုယ်စားလှယ်များထံ၌လည်း ပြန်လည်လဲလှယ်နိုင်ပါကြောင်း မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။ အောက်ပါဖော်ပြပါ ဖုန်းနံပါတ်များသို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၁။ စန်းမေတ္တာရောင်းဝယ်ရေး၊ မိတ္ထီလာမြို့။ ဖုန်း ၀၉-၈၇၇၁၈၁၃၄၉၈၊ ၀၉-၄၀၂၆၆၇၅၁၃
၂။ ကြင်စိန်မုန့်တိုက်၊ ပျော်ဘွယ်မြို့။ ဖုန်း ၀၉-၂၂၂၈၄၀၇
၃။ ခလေးမုန့်တိုက်၊ တပ်ကုန်းမြို့။ ဖုန်း ၀၉-၂၀၁၆၅၈၉
၄။ ခင်ခင်ဝင်း ရောင်းဝယ်ရေး၊ ပျဉ်းမနားမြို့။ ဖုန်း ၀၆၇-၂၁၆၆၁၊ ၀၉-၄၃၀၉၁၃၉၈
၅။ ဦးဗိုလ်(သား)ကိုတင်ဌေး၊ ကျောက်ပန်းတောင်းမြို့။ ဖုန်း ၀၆၁-၅၀၂၁၆
၆။ မကြူကြူမာမုန့်ရောင်းဝယ်ရေး၊ မကွေးမြို့။ ဖုန်း ၀၉-၇၇၉၁၅၀၁၅၈၊ ၀၆၃-၂၇၃၇၉
၇။ ဦးမျိုးဝင်း+ဒေါ်ခင်ဌေးလွင်၊ ချောက်မြို့။ ဖုန်း ၀၉-၇၉၈၉၅၉၉၃၀၊ ၀၆၁-၂၁၄၉၀
၈။ မမာမာဦးမုန့်ဆိုင်၊ တောင်တွင်းကြီးမြို့။ ဖုန်း ၀၉-၇၉၇၉၄၉၀၂၃
၉။ စိန်နှစ်စိန် မုန့်တိုက်၊ အောင်လံမြို့။ ဖုန်း ၀၉-၅၀၉၁၅၁၄ ၊ ၀၆၉-၂၁၂၁၈
၁၀။ စူပါဆွိ မုန့်ဆိုင်၊ ပြည်မြို့။ ဖုန်း ၀၉-၅၃၁၃၁၀၁ ၊ ၀၅၃-၂၂၈၀ ၊ ၀၅၃-၂၄၃၇၁
၁၁။ မယုစိန်နန်းတော်ရောင်းဝယ်ရေး ၊ ပခုက္ကူမြို့။ ဖုန်း ၀၉-၂၁၀၁၉၀၇ ၊ ၀၉-၇၉၄၄၀၀၁၂၈
၁၂။ စန်းယုမုန့်မျိုးစုံရောင်းဝယ်ရေး၊ မုံရွာမြို့။ ဖုန်း ၀၉-၂၀၁၀၅၄၉
၁၃။ ရတနာပုံမုန့်မျိုးစုံရောင်းဝယ်ရေး၊ ရေဦးမြို့။ ဖုန်း ၀၉-၂၅၆၄၁၀၈၄၃
၁၄။ အောင်မျိုးဝင်းရောင်းဝယ်ရေး၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၉-၄၂၆၈၀၅၁၉၃
၁၅။ ရွှေရောင်မြေရောင်းဝယ်ရေး၊ မင်းဘူးမြို့။ ဖုန်း-၀၉-၇၈၁၂၃၄၅၀၀
၁၆။ ရိုရှင်းနှင့်ညီများ မုန့်မျိုးစုံဖြန့်ချိရေး၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၇၁၁၈၅ ၊ ၀၂-၄၀၇၁၁၈၆

ပင်ရင်း ဒေါ်ခင်အုန်းရီ (သမီး) ကိုအောင်စိုးဝင်း+မလင်းလင်းမြတ် မန္တလေး သဇင်ဘီစကစ်

အမှတ်(၄၂)၊ ၈၅လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၉၆၀၂၊ ၀၂-၄၀၃၄၉၃



23 မဆလာ (ထင်းတစ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၈၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆


## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
## တောင်ငူခရိုင် တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၄

ကွယ်လွန်သူ (ဒေါ်ဝင်းဝင်းမာ)၏ ကျန်ရစ်သော ပစ္စည်းအကြောင်း။

မဇင်မာလွင်(ဘ)ဦးတင်မောင်ကြိုင် အမှတ်(၁) ခင်ကြီးရပ်ကွက်၊ ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ် **(လျှောက်ထားသူ)**

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ခင်ကြီး (၁)ရပ်ကွက်နေ မဇင်မာလွင်က ကွယ်လွန်သူမဝင်းဝင်းမာ (ဘ) ဦးထွန်းရွှေ၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ဈေး(၂) ရပ်ကွက်၏ တူမအရင်းဖြစ်သည်ဟူ၍ ကျွဲပွဲမြို့နေ ကွယ်လွန်သူ (ဒေါ်ဝင်းဝင်းမာ)၏ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသူဖြစ်၍ ၎င်းကွယ်လွန်သူ (ဒေါ်ဝင်းဝင်းမာ)၏ ကျန်ရစ်သောပစ္စည်းများအပေါ်တွင် ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ရက် (၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ မဇင်မာလွင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်မော်)
ဒုတိယခရိုင်တရားသူကြီး (၁)
တောင်ငူခရိုင်တရားရုံး

## အများသိစေရန်ကြေညာချက်

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အိမ်အမှတ် (၂)နေ ဦးပဒစ်ဂေါင်မှ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၅၃)၊ အကွက်အမှတ်နှင့် အမည် (၁၃/၂) တပ်ကုန်းတောင်၊ အိမ်အမှတ် (၂)နှင့်ပတ်သက်၍ စီမံခန့်ခွဲနိုင်ရန် အတွက် သမီးဖြစ်သူ ဒေါ်ထုဆမ် ၁/မကန(နိုင်)၀၈၅၅၉၄ အား ၎င်းမကွယ်လွန်မီ မှာကြားထားကာ မြေကွက်ပိုင်ဆိုင်မှု အထောက်အထားများကို ဒေါ်ထုဆမ်ထံ ပေးအပ်၍ လွှဲအပ်ထားပြီးဖြစ်ပါ၍ ဒေါ်ထုဆမ်၏ သဘောတူခွင့်ပြုချက်တစ်စုံ တစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမျိုးများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထုဆမ်
၁/မကန(နိုင်)၀၈၅၅၉၄
မြစ်ကြီးနားမြို့

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(ခ/၂၁)၊ ပြည်သာယာလမ်း၊ ၈/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ်နေ ဦးသက်ထွန်း-ဒေါ်အုံးရီတို့၏သား မောင်တင်ထွဋ် ၁၂/သဃက(နိုင်)၁၃၉၃၄၈ သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့ ၁၆-၃-၂၀၂၀ မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဦးသက်ထွန်း-ဒေါ်အုံးရီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7133 Toyota Probox NCP 50 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၁၂/ပဘတ(နိုင်) ၀၁၃၅၇၆က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်


**အောင်ပြည့်စုံ**

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမား စိစဉ်ပေးသည်။

09 250095114
09 421041338
09 73224763


## အများသိစေရန် ကြေညာခြင်း

ဒေါ်ဝင်းဝင်းမော် ၆/ ထဝန(ပြု)၀၀၀၀၁၉ မှ ဒေါ်အေးအေးခိုင် ၁၂/ တမန(နိုင်) ၀၅၇၇၇၇ထံမှ ၁၉-၅-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်နှင့် ၃၀-၅-၂၀၁၆ရက်စွဲပါ ကန်ထရိုက်တိုက်ခန်း အပြီးအပိုင် အရောင်း အဝယ် သဘောတူကတိစာချုပ်များဖြင့် ဝယ်ယူထားကြောင်း ၁၅-၁၂-၂၀၁၆ ရက် ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉) တွင် ကြေညာခဲ့သော ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက်၊ (၁၅၆)လမ်း၊ အမှတ် ၈၁(၃) ထပ်တိုက်၏ မြေညီထပ်နှင့် မုန်ခန်း(တိုက်ခန်းနှစ်ခန်း)နှင့် စပ်လျဉ်း၍ ဒေါ်ဝင်းဝင်း မော်က ဒေါ်အေးအေးခိုင် ပါ (၃)ဦးအပေါ် ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး တရားမကြီးမှု အမှတ် ၇၁၇/၂၀၁၈ တွင် ကန်ထရိုက်ခန်း အပြီးအပိုင် အရောင်းအဝယ် သဘောတူ ကတိစာချုပ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုကို ၈-၁၀-၂၀၁၈ရက်တွင် စွဲဆိုခဲ့ခြင်း အား စစ်ဆေးကြားနာလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်
B.A, H.G,P, R.L, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၈/၃)၊ အဝေရာလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ အမှတ်(၁၇၈)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ငါးထပ်တိုက် ကန်ထရိုက်တိုက် အဆောက်အအုံ၏ ပထမထပ်(ခြေ ရင်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ကန်ထရိုက်တာ ဦးလှမျိုးသူ ၁၂/မရက (နိုင်)၁၃၁၇၉၄ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ပြောဆိုကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်း များနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝဏ္ဏစည်သူမိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၇၁၃၂)
အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ဦးမျိုးညွန့်အောင်၊ အမှတ်(၁၃၅)၊ (၃)လွှာ (ဘယ်) ခတ္တာလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ Myat Myittar Mon Co., Ltd သို့ ပေးသွင်းရန်ရှိသော အစေ့ထုတ်ပြောင်းစေ့ဘိုးငွေများအား ပေးသွင်းရန် အသိပေးကြေညာခြင်း

အမှတ်-၃၂ (A/D)၊ ၃၂ ရိပ်သာလမ်း၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော Myat Myittar Mon Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါ သည်။

လူကြီးမင်း **ဦးမျိုးညွန့်အောင်** သည် **Myat Myittar Mon Co., Ltd** သို့ အစေ့ထုတ်ပြောင်းစေ့များ တင်ပို့ရောင်းချပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြီး ကုမ္ပဏီမှ ပြောင်းစေ့ဘိုး စုစုပေါင်းငွေကျပ် - **၅၀၅၂၀၇၅၃၆/- (ကျပ်ငါးထောင်ငါးဆယ့်နှစ်သိန်းခုနစ်ထောင်ငါးရာသုံးဆယ့်ခြောက်တိတိ)** ထုတ်ယူသွားခဲ့ရာ ကုမ္ပဏီသို့ ငွေကျပ် - **၄၇၂၇၁၁၅၉၄/- ( ကျပ်လေးထောင်ခုနစ်ရာနှစ်ဆယ့်ခုနစ်သိန်းတစ်သောင်းတစ်ထောင်ငါးရာကိုးဆယ့်လေးတိတိ)**နှင့် ငွေသားတန်ဘိုး ညီမျှသော ပြောင်းစေ့ **ပိဿာချိန် ( ၁၀၄၇၀၆၃.၆၉ ) ပိဿာ** ကိုသာ ပေးသွင်းခဲ့ကြောင်းနှင့် ကျန်ငွေကျပ် - **၃၂၄၉၅၉၄၂/- ( ကျပ်သုံးရာနှစ်ဆယ့်လေးသိန်းကိုးသောင်းငါးထောင်ကိုးရာလေးဆယ့်နှစ်တိတိ )** တန်ဘိုးရှိ ပြောင်းစေ့များ ပေးသွင်းရန် ပျက်ကွက်နေသဖြင့် **Myat Myittar Mon Co., Ltd** ၏ ရှေ့နေမှတဆင့် အကြောင်းကြားနို့တစ်စာထုတ်၍ တောင်းဆိုခဲ့သော်လည်း လူကြီးမင်းသည် **Myat Myittar Mon Co., Ltd** ထံသို့ အကြောင်းတစ်စုံတစ်ရာ ဆက်သွယ်ပြန်ကြားခြင်းမရှိ၊ ဖုန်းပိတ်ထားပြီး အဆက်အသွယ်ဖြတ်၍ ပြောင်းစေ့များပေး သွင်းခြင်းမရှိဘဲ ပျက်ကွက်နေပါသည်။

သို့ဖြစ်ပါ၍ ယခုသတင်းစာကြော်ငြာပါရှိသည့်ရက်မှ ( ၁၄ ) ရက်အတွင်း လူကြီးမင်းကိုယ်တိုင်သော် လည်းကောင်း၊လူကြီးမင်း၏ အခွင့်ရ ကိုယ်စားလှယ်သော်လည်းကောင်း **Myat Myittar Mon Co., Ltd** သို့ လူကိုယ်တိုင် မပျက်မကွက် လာရောက်၍ ပြောင်းစေ့ဘိုးကျန်ငွေကျပ် - **၃၂၄၉၅၉၄၂/- ( ကျပ်သုံးရာ နှစ်ဆယ့်လေးသိန်းကိုးသောင်းငါးထောင်ကိုးရာလေးဆယ့်နှစ်တိတိ )** ကို ငွေသားဖြင့်တစ်လုံးတစ်ခဲတည်း အပြေအကျေ လာရောက်ပေးဆပ်ပါရန် အသိပေး အကြောင်းကြား အပ်ပါသည်။

အကယ်၍ လူကြီးမင်းဘက်မှ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ပေးဆပ်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအေးသိန်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၈၉)
အမှတ်-၃၂ (A/D)၊ ၃၂ ရိပ်သာလမ်း၊ ၆ မိုင်ခွဲ၊
ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၃၁၂၃၄၀ ၊ ၀၉၈၉၇၄၃၇၈၆၈

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4061 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ခရိုင်ရုံး(သာယာဝတီ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/4534 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါ သည်။

ကညန(ရွှာသာကြီး)

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့်ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဆက်သွယ်လှူဒါန်းရန်

ဦးမျိုးမြင့်မောင် (နာယက)ဖုန်း-၀၇၂-၂၁၄၃၂ ဦးစိုးမြင့်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၇၉၇၁၈၆၆၄၃

စစ်ကိုင်းမြို့၊ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ်-0560162056001335068

ယမန်နေ့မှအဆက်

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ(ကျပ်) |
|---|---|---|
| ၁၇၁ | (ဘ)ဦးထွန်း-(အမိ)ဒေါ်မြသန်းတို့အားရည်စူး၍ ဒေါ်ညိုညိုမြင့် ရွှေစည်းခုံလမ်း၊ ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၇၂ | ဆရာမကြီးဒေါ်စိန်စိန်၊ (သား)ဦးဝင်းညွန့်ဦး၊(သမီး)မဆောင်းဝတီဦး၊ အမှတ်(၁၃)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၃ | ဦးခင်မောင်ဦး-ဒေါ်မြသန်း ဆေးနှင့်ဆေးရိုးလုပ်ငန်း၊ မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၁၇၄ | ဦးထင်အောင်-ဒေါ်ခင်စန်းလှိုင်(သား)ကိုအောင်မျိုး မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၁၇၅ | ဦးအုန်းမောင်-ဒေါ်ချိုချိုအေး၊(သား)ဒေါက်တာမင်းသန့်မောင် မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၁၇၆ | ဒေါက်တာဒေါ်ခင်ထူး၊ ဒေါ်ငွေငွေ၊ ဒေါ်ထွေးထွေး ထူး ဆေးတိုက် မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၁၇၇ | ကျင်သူသီမြသန္တာ ဆရာမညီအစ်မများဒေါ်အုန်းကျပ်၊ ဒေါ်ခင်သူဇာ၊ ဒေါ်သီသီဦး၊ ဒေါ်မြမြဝင်း၊ ဒေါ်သန္တာဦး၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၇၈ | (သမီး)မရည်ရွယ်ဖူးအားရည်စူး၍ ဦးရဲမျိုး-ဒေါ်သက်ထားမြင့်၊ (သား)မောင်ရှိုင်းမာန်အောင် မိသားစု | ၁၀၀၀၀၀ |
| ၁၇၉ | ဦးကေသရ ဂူကြီးတိုက်သစ်ဆရာတော် ၁၃လမ်း-၆၈လမ်းထောင့်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၈၀ | ကျေးဇူးတော်ရှင် ဇာလိတောင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ ဖခင်စနိုးဦးဘသန်း-မိခင်ဒေါ်မမလေး တို့အားရည်စူး၍ ရွှေမေတ္တာဆေး/ကိုရာနှင့် ပန်းမြတ်ချယ်ရီ အလှစုံမိသားစု | ၅၀၀၀၀၀ |
| ၁၈၁ | ဦးဇော်ဝင်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်အိဖြူ မုံရွာမြို့ | ၁၀၀၀၀၀ |
| ၁၈၂ | မိဘနှစ်ပါးနှင့် ကိုတင်ထွန်းယုတို့ကို ရည်စူး၍ ဒေါ်ညွန့်၊ ဒေါ်မျိုး၊ မငြိမ်းငြိမ်းစိုးမိသားစု မြန်မာညွန့်ရပ်၊ တံတားဦးမြို့ | ၁၅၀၀၀၀ |
| ၁၈၃ | ဒေါ်နီမွလနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ မလှိုင်ဇရပ် ဂူနီချောင် | ၁၀၀၀၀၀ |
| ၁၈၄ | ဦးလှ-ဒေါ်သန်းသန်းဝင်း၊(သမီး)ကိုစည်သူအောင်-မအေးမြင့်ကြည်၊ မြေး မစုလတ်ရွှေရည်၊ မောင်ရှိုင်းထက်အောင် "နီလာစတိုး" သောတာပန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၈၅ | ကိုအောင်ကျော်မိုး-မတင်နွယ်ဝင်း မိသားစု "တောင်ရိုးညွန့်"လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး ပါရမီရပ် | ၁၀၀၀၀၀ |
| ၁၈၆ | ဦးတင်ညွန့်အားရည်စူး၍ ဒေါ်သောင်းကြည်သားသမီးမြေးမြစ်တစ်စု"တောင်ရိုးညွန့်"မိသားစု သောတာပန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၈၇ | ဦးစံခင်-ဒေါ်လှရင် တောင်ဘော်ဂါရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၈၈ | ဖခင်ကြီးဦးမောင်လေး-မိခင်ကြီးဒေါ်ငွေကြည်၊ အစ်ကိုကြီးဦးစိုးသိန်းတို့အားရည်စူး၍ဒေါ်ခင်မြင့်အေး၊ ဒေါ်ခင်မြင့်ငွေး(ဂ)ရပ်ကွက်၊ သန္တာ(၇)လမ်း၊ မြောက်ဥက္ကလာပ | ၂၀၀၀၀၀ |
| ၁၈၉ | ဦးကျော်သန်း(ဝါးချက်)၊ ဒေါ်နီလာအောင် တိုးချဲ့ကွက်သစ်-၁ အမရပူရမြို့ | ၁၀၀၀၀၀ |
| ၁၉၀ | ကျေးဇူးရှင်ဖခင်ကြီးဦးမာဂမ်-မိခင်ကြီးဒေါ်တင်ညို၊ အစ်ကိုကြီး ဦးထွန်းလွင်တို့အားရည်စူး၍ ဒေါ်မို့မို့ထွေး၊ ရွှေဘိုမြို့ | ၁၀၀၀၀၀ |
| ၁၉၁ | ဖခင်ကြီး ဦးဘသန်း-မိခင်ကြီးဒေါ်အေးတို့အားရည်စူး၍ ဆရာမကြီးဒေါ်ခင်စန်းကြည်နှင့်ညီအစ်မများ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၉၂ | သုမနာရာမဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၃ | ပဌမဇေတဝန်ဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၄ | အနီးစခန်းဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၅ | အလယ်ဇေတဝန်ဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၆ | မဏ္ဍလာသီရိဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၇ | လေးကျောင်းဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၉၈ | ရတနာဓူဝံဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၂၀၀၀၀ |
| ၁၉၉ | ဦးဝိစက္ခဏ ဝိမုတ္တိရသာရုံ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၀၀ | ဦးစိန်အေး၊ (သမီး)ကိုဖိုးဇော်-မဖြူဖြူသင်း(သားသမီး)မအင်ကြင်းဖြူ မောင်ဇေယျာဖြိုး | ၁၀၀၀၀၀ |
| ၂၀၁ | ကိုထွန်းလွင်ဦး-မအေးအေးသင်း၊ ကိုတင်ဝင်း-မနွယ်နွယ်သင်း မိသားစု | ၁၀၀၀၀၀ |
| ၂၀၂ | ရေဦးတိုက်သစ်ဆရာတော် ဦးကုမာရ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၀၃ | သီလက္ခဏဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၀၄ | ဒေါ်ရွှေစင် ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၀၅ | ဒေါ်ရွှေအေး ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၀၆ | ဒေါ်တင်ဝင်း၊ ဒေါ်ကြွယ် ညီမတစ်စု ပါရမီရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၀၇ | ဒေါ်ရွှေလီ(ညီမ)ဒေါ်ရွှေမြင့် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀၈ | ဒေါ်မြင့်မြင့်မာ အထက ကျောင်းအုပ်ကြီး(ငြိမ်း)'ထင်'ပလတ်စတစ်ပုံနှိပ်တိုက်၊ ၃၃လမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၀၉ | ဆရာကြီး ဦးသန်းထွန်းအားရည်စူး၍ ဆရာမဒေါ်မာမာတင်မိသားစု နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၁၀ | ဦးကျော်ကျော်-ဒေါ်မေလွင်(ညီမ)ဒေါ်အမာရီ မိသားစု "ခိုင်ဇင်"ဆေးဆိုင် သောတာပန်ရပ် | ၁၀၀၀၀၀ |
| ၂၁၁ | ဦးခင်မြင့်အားရည်စူး၍(၁၁)နှစ်ပြည့်ကောင်းမှုအလှူ အစ်မဖြစ်သူ ဒေါ်ကြည်ကြည်မြင့်နှင့်ကျန်ရစ်သူ မိသားစု အမှတ်(၄၁၀/က)၊ အင်းဝ(၄)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ | ၁၀၀၀၀၀ |
| ၂၁၂ | စိန္တာမယဆရာတော် ဦးဥတ္တမသီရိအားရည်စူး၍ အရှင်ကာဝေယျနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ | ၁၀၀၀၀၀ |
| ၂၁၃ | ဖခင်ကြီး ဦးအုန်းသွယ်(၈၃)နှစ်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု အမှတ်(၁၃)၊ ခေမာလမ်း၊ ဝွတ္တလစ်ရပ်၊ ဗဟန်းမြို့နယ် | ၁၀၀၀၀၀ |
| ၂၁၄ | ဒေါ်သီရိမာလာ(ဒေါ်သန်းသန်းအုန်း)ပါမောက္ခဌာနမှူး-ငြိမ်းနှင့်မြေး-မသုမာလာ ခေမေသကချောင်၊ (အလယ်ထပ်) | ၁၀၀၀၀၀ |
| ၂၁၅ | မောင်သန့်သူရထိုက်၊ (ညီမ)မအိမ့်ကြွယ်စင်သန့်(၇)နှစ်ပြည့်မွေးနေ့အလှူ နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၁၆ | ဦးဝင်းဖေ-ဒေါ်နန်းစံတို့၏(မြေး)နန်းဖူးပွင့်ဝင်းထက်၏ မွေးနေ့အလှူ (၂၅-၁-၂၀၂၀) | ၁၀၀၀၀၀ |
| ၂၁၇ | ဦးတင်မောင်ဆွေ-ဒေါ်တူးတူးမာ၊ (သမီး)ဒေါက်တာဆုလဲ့ဝေ "စံပယ်ဖြူ"ဆေးဆိုင်၊ ကျောက်ဆစ်တန်းရပ်၊ မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၂၁၈ | ဦးနိုင်ထူး-ဒေါ်သန်းသန်းငွေး(သား)မောင်ကျော်သီဟ မိသားစု | ၁၀၀၀၀၀ |
| ၂၁၉ | ဒေါ်မိုးမိုးမိသားစု မြစ်ငယ် | ၁၀၀၀၀၀ |
| ၂၂၀ | ဒေါ်စန္ဒာသီရိ ဝိမုတ္တိရသာရုံ စစ်ကိုင်းတောင်ရိုး | ၂၀၀၀၀၀ |
| ၂၂၁ | ဦးမောင်မောင်ကြီး-ဒေါ်မြမြစန်း အိုးဘိုရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၂၂ | မြို့ချောင် ဆရာကြီး ဒေါ်စန္ဒသိင်္ဂီ(ညီမ)ဒေါ်သန္တာဝရဉာဏီ စစ်ကိုင်းတောင်ရိုး | ၂၀၀၀၀၀ |
| ၂၂၃ | ဦးသန်းစိန်-ဒေါ်ခင်ကြည် "စိုးမိုးမုန့်တီ"မိသားစု မင်းလမ်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၂၄ | ဦးစိုးဝင်း-ဒေါ်ခင်စာ နှစ်(၅၀)ပြည့် မင်္ဂလာအလှူ(သမီး)မနှောင်နှောင်း၊ နန်းတော်ရာရပ်၊ စစ်ကိုင်း | ၁၀၀၀၀၀ |
| ၂၂၅ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်အုန်း နှစ်(၂၀)ပြည့်၊ (သမီး)ဒေါ်ခင်မေမြင့်(အထပြ-ငြိမ်း)၊ ကျေးဇူးဆပ် အလှူကောင်းမှု၊ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |

ဆက်လက်ဖော်ပြပါမည်

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)
### တင်ဒါအမှတ်စဉ် (၂/၂၀၁၉-၂၀၂၀)
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်အတွင်း၊ ဧရာဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၈-၃-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၄-၂၀၂၀ ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၅-၄-၂၀၂၀ ရက် မွန်းလွဲ ၁:၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ဧရာဝတီတံတား (သရက်-အောင်လံ)၊ ရှင်းလင်းဆောင်ခန်းမ၊ အောင်လံဘက်ကမ်း

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့်ဧရာဝတီတံတား(သရက်-အောင်လံ)စီမံကိန်းလုပ်ငန်းခွင်ရုံးတို့တွင် ၁၈-၃-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၉-၅၀၀၅၃၄၁၊ ၀၉-၄၀၁၅၅၆၂၃၃၊ ၀၉- ၂၅၄၃၂၂၅၄၀ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

The Government of the Republic of the Union of Myanmar

Yangon City Development Committee

Invitation for Prequalification

Greater Yangon Water Supply Improvement Project Phase 2

**Date: 17 March 2020**
**Loan Agreement No: MY–P19**
**IFP No: MY–P19/PQ–01**

1. The Government of the Republic of the Union of Myanmar has received a Loan from Japan International Cooperation Agency toward the cost of the Greater Yangon Water Supply Improvement Project Phase 2. It is intended that part of the proceeds of this Loan will be applied to eligible payments under the contract resulting from the bidding for which this prequalification is conducted.

2. The Yangon City Development Committee intends to prequalify contractors and/or firms for Construction of Kokkowa Water Treatment Plant (60MGD).
   - Construction of intake facility capable of 634,000 m3/day (140 MGD) river water intake including intake gate screen, sand sedimentation pond, raw water pipe and associated facilities.
   - Construction of water treatment facility of production capacity of 272,800 m3/day (60MGD) including pre sedimentation pond, lift pumping station, dividing well, receiving well, flocculation basin, sedimentation basin, rapid sand filter, chemical facility, sludge drying bed, clear water reservoir, transmission pumping station, yard piping, associated facilities and landscaping. A part of water treatment facility may be designed by the Contractor.
   - Construction of operation buildings including administration building, accommodation buildings, chemical house, generator house, warehouse, security house and associated facilities.
   - Training and O&M

3. It is expected that Invitation for Bids will be made in June 2020.

4. Prequalification will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Applicants from eligible source countries, as defined in the Loan Agreement.

5. Interested eligible Applicants may obtain further information from and inspect the Prequalification Documents at the office of Head of Department, Engineering Department (Water and Sanitation), Yangon City Development Committee from 9:30am to 4:30pm.

6. A complete set of the Prequalification Documents may be purchased by interested Applicant(s) on the submission of a written Application to the address above and upon payment of a nonrefundable fee of MMK20,000 (Twenty thousand Myanmar Kyat). Payment shall be only by cash.

7. Applications for prequalification should be submitted in sealed envelopes, delivered to the address above by 4 May 2020, and be clearly marked "Application to Prequalify for Package No. ICB–01 Construction of Kokkowa Water Treatment Plant (60MGD) under the Greater Yangon Water Supply Improvement Project Phase 2."

**U Myint Zaw Than,**
**Head of Department, Engineering Department (Water and Sanitation),**
**Yangon City Development Committee**
**No. 390, 12–Storey New Building, Merchant Road, Botahtaung Township, Yangon, Myanmar**
**e–mail: kokkowa5@gmail.com**

---

**အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက် (၇)လမ်း၊ အမှတ်(၁၉) လေးလွှာ ခြေရင်းခန်းတွင် နေထိုင်သော ဦးစိုးဝင်းနိုင် (ဘ)ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၁၃၄၂၉၃ ၏ သမီး အမည်မှန်မှာ မဖြိုးနန္ဒာ ဖြစ်ပါသည်။



၂၀၂၀ AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်း။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့် AFC Cup အုပ်စုပွဲလက်ကျန်ပွဲများအတွက် အာရှဘောလုံးအဖွဲ့ချုပ် အတည်ပြုမထုတ်ပြန်သေး

**ရန်ကုန် မတ် ၁၆**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၀ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများအတွက် အာရှဘောလုံးအဖွဲ့ချုပ်က ဆက်လက်ကျင်းပခြင်းရှိ၊ မရှိ မတ် ၁၆ ရက် ညနေပိုင်းအထိ အတည်ပြုထုတ်ပြန်ခြင်း မရှိသေးသော်လည်း ယခုရက်ပိုင်းအတွင်း အတည်ပြုထုတ်ပြန်ဖွယ်ရှိနေသည်။

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ဘောလုံးနှင့် အခြားအားကစားပြိုင်ပွဲများကို ရွှေ့ဆိုင်းလျက်ရှိပြီး အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဒုတိယအကျော့ပွဲများကို ရွှေ့ဆိုင်းခြင်းရှိ၊ မရှိ ထုတ်ပြန်ခြင်းမရှိသေးခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲများ၊ ကလပ်ပြိုင်ပွဲများဖြစ်သော အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်အချို့ကို ရွှေ့ဆိုင်းထားသော်လည်း အာဆီယံဇုန်ပွဲများကို ပုံမှန်အတိုင်း ကျင်းပနေခြင်းဖြစ်သည်။ အာဆီယံဇုန် ဒုတိယအကျော့ ပွဲစဉ်များကို ဧပြီ ၁၄၊ ၁၅၊ ၂၈၊ ၂၉ ရက်၊ မေ ၁၂၊ ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းက အဝေးကွင်းသုံးပွဲ၊ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြည်တွင်းလိဂ်ပွဲအားလုံးကို ဧပြီ ၃၀ ရက်အထိ ပရိသတ်မပါဘဲ ကွင်းပိတ်ကျင်းပလျက်ရှိပြီး AFC Cup ပွဲကို အိမ်ကွင်းလက်ခံကစားရပါကလည်း ကွင်းပိတ်ကစားမည်ဖြစ်ကြောင်း

*စာမျက်နှာ ၁၂ ကော်လံ ၄* ❑

## ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းများအား မတ် ၁၆ ရက်မှစ၍ ရပ်ဆိုင်းထားရန် ပြန်ကြားရေးဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်ရုံများတွင် အများပြည်သူပြသခြင်းများအား ရပ်ဆိုင်းထားရန် အသိပေးကြေညာချက်ကို မတ် ၁၆ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ အသိပေးကြေညာချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ရုပ်ရှင်ရုံများတွင် အများပြည်သူပြသခြင်းများအား ရပ်ဆိုင်းထားရန် အသိပေးကြေညာချက်**

Coronavirus Disease 2019 (COVID-19) သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ COVID-19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာဖြစ်ပေါ်နိုင်သောကြောင့် ပြည်သူများ၏ ကျန်းမာရေးကို အလေးပေးရှေးရှုသောအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းများအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ ရပ်ဆိုင်းထားရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## နိုင်ငံအနှံ့ရှိ လူထုစက်ဘီးစီးပွဲနှင့် စက်ဘီးပြိုင်ပွဲများကို ဧပြီလကုန်အထိရပ်ဆိုင်း

**ရန်ကုန် မတ် ၁၆**

COVID-19 ရောဂါကြိုတင်ကာကွယ်မှုအဖြစ် လူထုပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်ပြသခြင်းများ ဆိုင်းငံ့ထားစဉ် မြန်မာနိုင်ငံတစ်ဝန်းရှိ လူထုစက်ဘီးစီးပွဲနှင့် စက်ဘီးပြိုင်ပွဲများကိုလည်း ဧပြီလကုန်အထိ ရွှေ့ဆိုင်းထားကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် စက်ဘီးစခန်းသွင်းလေ့ကျင့်မည့် အစီအစဉ်များ၊ လူထုစက်ဘီးစီးပွဲများကို ခေတ္တရပ်ဆိုင်းထားရန်နှင့် စက်ဘီးဝါသနာရှင်များကလည်း COVID-19 ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များကို

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

## MNL ယူ-၂၁ ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရောဝတီအသင်း နိုင်ပွဲရရှိ

**ရန်ကုန် မတ် ၁၆**

၂၀၂၀ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ထိပ်ဆုံးမှ ရောဝတီအသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

ယူ-၂၁ ပြိုင်ပွဲကို ပဒုမ္မာ၊ စလင်းနှင့် တောင်ဒဂုံကွင်းတို့၌ ကွင်းပိတ်ကျင်းပခြင်းဖြစ်ပြီး ရောဝတီအသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းက ချင်းယူနိုက်တက်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဟံသာဝတီအသင်းက ယောမြေအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရောဝတီအသင်းသည် ရှစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခြင်းဖြစ်ပြီး ၂၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ကချင်ယူနိုက်တက်အသင်းမှာမူ နိုင်ပွဲမရသေးဘဲ ခြောက်ပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာမူ နိုင်ပွဲထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်ပြီး လေးပွဲမြောက် နိုင်ပွဲနှင့်အတူ ဇယားအလယ်ပိုင်းသို့ ရောက်ရှိရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ယောမြေအသင်းမှာမူ ရှုံးပွဲဆက်ခဲ့ပြီး ရှစ်ပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပွဲစဉ် (၉) တွင် သရေပွဲကြုံတွေ့ခဲ့သည့် ရတနာပုံအသင်းသည် ယခုပွဲတွင် ချင်းအသင်းကို ဂိုးဒါဇင်ဝက်သွင်းပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ပြီး ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို မတ် ၁၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ Southern အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ မောရဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ စလင်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**



## စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံဖြတ်ကျော် စက်ဘီးစီးသူများ ဟိုင်းကြီးကျွန်းမြို့အနီး မော်တင်စွန်းသို့ရောက်ရှိ

**ဟိုင်းကြီးကျွန်း မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီချိုင်ကျေးရွာအုပ်စု မော်တင်စွန်းကမ်းခြေသို့ ယခုလ ၁၅ ရက်က "အရှေ့ပင်လယ်မှ အနောက်ပင်လယ်ဆီသို့" ခေါင်းစဉ်ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ စက်ဘီးစီးသူများ ရောက်ရှိလာခဲ့ကြပြီး ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❍

တိုင်းကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာ ၈

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အမေရိကန်နှင့် ဂျာမနီတို့ အပြိုင်အဆိုင်ကြိုးပမ်း စာ ၁၄